


# နိဒါန်း

ဒုတိယ ကမ္ဘာစစ်အတွင်း၌ ကမ္ဘာ့နိုင်ငံ များသည် စစ်၏ အန္တရာယ်များကို တွေ့ကြုံခံစားခဲ့ကြရသည်။ စစ်ပြီးသောအခါ စစ်၏ အန္တရာယ်ကြောင့် နလုံးတုန် ရင်ခုန်ဖြစ်နေကြသော ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြည်သူပြည်သားများသည် စိတ်ကြည်လင်ရာ ကြည်လင်ကြောင်း၊ စိတ်အေးငြိမ်းရာ အေးငြိမ်းကြောင်းကို ရှာမှီးကြသည်။ ထိုအခါ ဗုဒ္ဓဘာသာကို သွားတွေ့ကြလေသည်။ သို့ဖြစ်၍ ဒုတိယကမ္ဘာစစ် ပြီးချိန်လောက်မှစ၍ ဗုဒ္ဓဘာသာကို လေ့လာလိုက်စားသူများ၏ ဦးရေသည် ကမ္ဘာ့နိုင်ငံအသီးသီး၌ တစ်နှစ်ထက် တစ်နှစ် တိုးတက်များပြားလာလေသည်။ ဗုဒ္ဓဘာသာကို လေ့လာ လိုက်စားသူများပြားလာသော အခါ ကမ္ဘာ့ စာဖတ်ပရိသတ်ကို ရည်ရွယ်၍ ရေးသားထုတ်ဝေသည့် ဗုဒ္ဓဘာသာအကြောင်း စာအုပ်စာတန်းများလည်း ယခင်ကထက် ပိုမိုများပြားလာလေသည်။ အနောက်နိုင်ငံ တိုင်းပြည်များ၌၎င်း၊ အရှေ့နိုင်ငံမှ အိန္ဒိယပြည်နှင့် ဂျပန်ပြည်တို့၌၎င်း၊ ထုတ်ဝေသော ဗုဒ္ဓဘာသာ အကြောင်း စာအုပ်များသည် ကမ္ဘာ့ စာအုပ်ဈေးကွက်၌ အရောင်းသွက်သော စာအုပ်များ ဖြစ်နေလေသည်။

တလောက စာအုပ်ငယ် နှစ်အုပ်ရသည်။ အင်္ဂလိပ် ဘာသာဖြင့် ဗုဒ္ဓဘာသာအကြောင်း ရေးသားထားသည့် စာအုပ်ငယ်များဖြစ်သည်။ ရေးသူမှာ ထိုင်းနိုင်ငံမှ ရဟန်းတစ်ပါး ဖြစ်ပြီး စာအုပ်များမှာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ရိုက်နှိပ်ထားသည့် စာအုပ်များ ဖြစ်ပေသည်။ စာအုပ်ပုံ သဏ္ဍာန်ကလည်း ကရော်ကမယ် ပုံနှိပ်ထားခြင်းဖြစ်၍စိတ်ဝင်စားစရာမကောင်း။ ရေးသူမှာလည်း ထိုင်းနိုင်ငံမှ ဘုန်းကြီးတစ်ပါး ဖြစ်၍ အထင်မကြီးခဲ့။ ကမ္ဘာ့ဈေးကွက်၌ မျက်နှာပန်းလှသည့်စာအုပ်များလည်း မဟုတ်ခဲ့။ သို့ဖြစ်၍ ထိုစာအုပ်များကို တော်တော်နှင့် မဖတ်ဖြစ်ခဲ့ပေ။ သို့ရာတွင် တကယ်ဖတ်ကြည့်လိုက်သည့် အခါတွင် အတော်ပင် စိတ်ဝင်စားစားစရာ ကောင်းသည်ကို တွေ့ရသည်။

စာအုပ်ကို ဈေးကြီးပေးဝယ်ပြီး ဖတ်သာ ဖတ်လိုက်ရသည်။ တစ်ခါတစ်ရံ စိတ်ထဲ တွေ့မသွားသဖြင့် တန်ဖိုးပေးလိုက်ကျိုး မနပ်ဟူသော အထင်မျိုး ရောက်ရောက် သွားတတ်သည်။ ယခု ဘန်ကောက်မြို့မှ စာအုပ်နှစ်အုပ်ကား စာအုပ်တွင်တန်ဖိုးတပ်မထား။ ကျွန်ုပ်ရသည်မှာလည်း ပုဂ္ဂိုလ်တစ်ဦးဆီက အလကားရလာခြင်းဖြစ်သည်။ သို့ဖြစ်၍ စာအုပ်အနေဖြင့် ဘာတန်ဖိုးမှ ရှိမနေပေ။ သို့ရာတွင် ဖတ်ကြည့်လိုက်သည့်

အခါတွင်ကား တန်ဖိုးကြီးကြီး ပေးရသည့် စာအုပ်အချို့ထက် တန်ဖိုးရှိနေသည်ကို တွေ့ရလေသည်။ အကြောင်းမှုကား အလွန်တရာ စိတ်ပါဝင်စားစရာ အကြောင်းများကို ရေးသားထားသောကြောင့်ဖြစ်လေသည်။

အမှန်ကား ထိုစာအုပ်မှာ ဘိက္ခုဗုဒ္ဓဒါသ အမည်ရှိ ထိုင်းဘုန်းတော်ကြီး၏ ထိုင်းဘာသာဖြင့် ဟောကြားထားသော ဟောပြောချက်များကို အင်္ဂလိပ်ဘာသာဖြင့် ဘာသာပြန်ထားသော စာအုပ်ဖြစ်လေသည်။

၁။ စကားနှစ်မျိုး

၂။ ဘာသာတရား ဟူသည် မရှိ

ထိုစာအုပ် နှစ်အုပ်မှာ သဘောအားဖြင့် တစ်မျိုးတည်းပင် ဖြစ်လေသည်။ ထိုစာအုပ်များကို ဖတ်ကြည့်သောအခါ စိတ်ပါ ဝင်စားစရာ အချက်အလက်များကို တွေ့ရသဖြင့် မြန်မာပြန်လိုစိတ် ပေါက်လာပြီး မြန်မာ ပြန်လိုက်ရခြင်း ဖြစ်ပေသည်။ စာအုပ်ငယ် နှစ်ခုကို တသဘောတည်းဖြစ်နေပြီး ပေါင်းပြီးထုတ်ဝေလိုက်ပါသည်။

* * * * * * * * * * * * * *

အတတ်ပညာ နယ်ပယ် အသီးသီး၌ အတတ်ပညာ တစ်ခုတည်းနှင့်သာလျှင် ပတ်သက်သည့် သီးသန့် ဘာသာ ဝေါဟာရဟူ၍ ရှိလေသည်။ ဥပမာ - ရူပဗေဒ၊ ဓာတုဗေဒ စသော သိပ္ပံဘာသာ ရပ်များ၌ ယင်းဘာသာရပ်များသာလျှင် ပတ်သက်သည့် ဘာသာဝေါဟာရများ ရှိလေသည်။ ယင်းဝေါဟာရများကို အတတ်ပညာဆိုင်ရာ ဝေါဟာရဟူ၍ ခေါ်လေသည်။ ရိုးရိုး အရပ်သုံးစကားများကို နားလည်ရုံမျှဖြင့် ယင်းဘာသာရပ်များကို မတတ်မြောက်ပေ။ ဘာသာရပ်ဆိုင်ရာ၊ အတတ်ပညာဆိုင်ရာ ဝေါဟာရများကို နားလည်ပါမှ ဆိုင်ရာ ဘာသာရပ်ကို တတ်မြောက်နိုင်ပေမည်။ ဘာသာရပ်ဆိုင်ရာ ဝေါဟာရများမှာလည်း အချို့မှာ သီးသန့်ဝေါဟာရများ ဖြစ်ကြပြီး အချို့ ရိုးရိုးဝေါဟာရ စကားလုံးတည်းကပင် ရိုးရိုး အနက်အဓိပ္ပာယ်အပြင် ဘာသာရပ်ဆိုင်ရာ သီးခြား အနက်အဓိပ္ပာယ် ထွက်ပေးသည်များလည်း ရှိလေသည်။

ဘာသာတရား၌လည်း အထူးအားဖြင့် ဗုဒ္ဓဘာသာ၌လည်း မိမိပိုင် သီးခြားဝေါဟာရ စကားလုံးများ ရှိလေသည်။ ယင်း ဝေါဟာရ စကားများထဲ၌လည်း သိပ္ပံပညာနှင့် ပတ်သက်သော အတတ်ပညာဆိုင်ရာ ဝေါဟာရများကဲ့သို့ပင် အချို့မှာ အသစ်ဖန်တီးထားသော ဝေါဟာရများဖြစ်ပြီး အချို့မှာ အနက်အဓိပ္ပာယ် တစ်မျိုး ကောက်ယူထားသော သိနေကျ သုံးနေကျ ဝေါဟာရစကားလုံးများပင်ဖြစ်လေသည်။ ယင်းဘာသာတရားဆိုင်ရာ ဝေါဟာရကို ဤစာအုပ်၌ "ဓမ္မစကား" ဟူ၍ အမည်ပေးထားသည်။ " ဓမ္မစကား " ကို မသိနားမလည်ပါက ဓမ္မကို၊ ဘာသာတရားကို နားလည်သိမြင်နိုင်ဘို့ရန် မလွယ်ပေ။ အတတ်ပညာရပ်ဆိုင်ရာ ဝေါဟာရကို နားမလည်ပါက သက်ဆိုင်ရာ အတတ်ပညာကို နားမလည်နိုင်သကဲ့သို့တည်း။ ဤစာအုပ်၌ ဓမ္မစကားလုံးများ၏ အနက်အဓိပ္ပာယ်များကို စိတ်ဝင်စားဖွယ် ရှင်းရှင်းပြောပြထားသည်ဖြစ်၍ ဓမ္မကို သိရှိနားလည် သဘောပေါက် လိုသူများ အတွက် အထူးကျေးဇူး များလိမ့်မည်ဟု မျှော်လင့်ပါသည်။

ပါရဂူ

၂၈၊ ၆၊ ၇၃

## ဓမ္မစကားနှင့် အရပ်စကား
## တရားကို နားမလည်ခြင်းအကြောင်း

ယနေ့ပြောရမည့် တရားစကားမှာ အတော်လေး ထူးခြားပါသည်။

ဘယ်လိုပင် ရှင်းလင်း ပြောပြသော်လည်း လူအများစု လုံးဝနားလည် သဘောပေါက်ခြင်း မရှိသည့် ခက်ခဲ နက်နဲသော တရားဒေသနာတော်၏ အချက်အလက်များစွာရှိသည် ဆိုသည့် အကြောင်းကို ကျွန်ုပ် မကြာခဏ သတိပြုမိသည်။ လူတို့သည် ရှင်းလင်း ပြောပြသော တရားစကားကို အကြိမ်များစွာ ကြားနာပေသည်။ သို့ရာတွင် နားလည်သဘောပေါက်ခြင်း မရှိပေ။ အကြောင်း မည်သို့နည်း။

အကယ်၍ ကျွန်ုပ်တို့သည် နက်နက်နဲနဲ စဉ်းစားဆင်ခြင် ကြည့်လျှင် အကြောင်းကို တွေ့မြင်သိရှိနိုင်ပေသည်။ ကျွန်ုပ်တို့ လူအများစုမှာ နေ့စဉ်သုံး စကားနှင့် သာလျှင်၊ ရိုးရိုးလူတို့ပြောဆို သုံးစွဲနေကြသည့် စကားသာလျှင်၊ ရိုးရိုး အရပ်သုံးစကားနှင့်သာလျှင် ရင်းနှီး ကျွမ်းဝင်နေကြသည်။ ယင်းစကားနှင့် မတူကွဲပြား လုံးဝခြားနားသည့် အလွန်တရာ ထူးခြားသော စကားတမျိုးရှိသေးသည် ဆိုသည့် အကြောင်းကို ကျွန်ုပ်တို့ မသိနားမလည်ကြပေ။ ယင်းစကားကား ဘာသာတရားစကား ဖြစ်သည်။ ဓမ္မစကားဖြစ်သည်။

## အရပ်စကားနှင့် ဓမ္မစကား

ဓမ္မစကားသည် နေ့စဉ်သုံးစကားနှင့် မတူသော၊ ကွဲပြားခြားနားသောစကားတစ်ခု ဖြစ်သည်ဆိုသည့် အကြောင်းကို စိတ်ထဲတွင် မြဲမြဲမှတ်သားထားသင့်သည်။ နေ့စဉ်သုံး အရပ်စကားနှင့် ဓမ္မစကားသည် တစ်ခုနှင့်တစ်ခု အသုံးအနှုန်းမတူပေ။ ကွဲပြားခြားနားသည်။ နေ့စဉ်သုံးစကားသည် အရပ်စကားဖြစ်သည်။ လောကီစကားဖြစ်သည်။ ဓမ္မကို နားလည်သဘောပေါက်ခြင်း မရှိသော လူတို့၏ စကားဖြစ်သည်။ ဓမ္မစကားမှာမူ သစ္စာတရားကို၊ ဓမ္မကိုထွင်းဖောက်မြင်သည့် လူတို့ ပြောဆိုသုံးစွဲသော စကားဖြစ်သည်။ ဓမ္မကို သိမြင်သဘောပေါက်သည်ဖြစ်၍ သူတို့သည် မိမိတို့၏ အတွေ့အကြုံနှင့် ကိုက်ညီသည့် စကားလုံးများကို ပြောဆိုကြသည်။ ထို့ကြောင့် ဓမ္မစကားပေါ်ပေါက်လာခြင်း ဖြစ်သည်။ ယင်းထူးခြားသော အသုံးအနှုန်းသည် ကျွန်ုပ်တို့ ဓမ္မစကားဟု ခေါ်သောအရာ ဖြစ်သည်။ ယင်းစကားသည် ရိုးရိုးနေ့စဉ်သုံး စကားနှင့် လုံးဝကွဲပြားခြားနားသော စကားဖြစ်သည်။

## ရုပ်ပိုင်းနှင့်စိတ်ပိုင်း

ထို့ကြောင့် ဓမ္မစကားနှင့် နေ့စဉ်သုံးစကားဟူ၍ နှစ်မျိုးနှစ်စားရှိလေသည်။ နေ့စဉ်သုံးစကားသည် ရုပ်ပိုင်းဆိုင်ရာ ဝတ္ထုပေါ်မှာရင်း၊ ရိုးရိုးလူတို့ တွေ့ကြုံသည် အတွေ့အကြုံပေါ်မှာရင်း၊ အခြေခံလေသည်။ စိတ်ပိုင်းဆိုင်ရာထက် ရုပ်ပိုင်းဆိုင်ရာအပေါ်၌ ပိုပြီး အခြေခံသောကြောင့် နေ့စဉ်သုံးစကားသည် ရုပ်ပိုင်းဆိုင်ရာ အရာဝတ္ထုများ၊ လောကီအရာဝတ္ထုများ၊ ရုပ်ပိုင်းဆိုင်ရာ အခြေအနေများ၊ လောကီ အခြေအနေများ အကြောင်းကို ဆွေးနွေးပြောကြားရန် အတွက်သာလျှင် အသုံးကျသည်။ ရိုးရိုးနေ့စဉ် အခြေအနေအရ တွေ့မြင်သိရှိရသည့်၊ ဆုပ်ကိုင်၍ရသည့် အရာဝတ္ထုများအတွက် သာလျှင် အသုံးဝင်သည်။ ထိုနေ့စဉ်သုံးစကားနှင့် ဆန့်ကျင်ဘက်အားဖြင့် ဓမ္မစကားသည်ကား စိတ်လောကနှင့်သာလျှင် ဆိုင်သည်။ ဆုပ်၍ကိုင်၍ မရသော၊ ရုပ်ဝတ္ထုမဟုတ်သော လောကနှင့်သာလျှင် ပတ်သက်သည်။ ဓမ္မစကားကို ပြောကြားနိုင်ရန်နှင့် နားလည်နိုင်ရန်အတွက်ကား စိတ်လောကတွင်းကို ထွင်းဖောက်မြင်ဘို့ လိုလေသည်။ ထို့ကြောင့် ဓမ္မကို မြင်သော၊ သစ္စာတရားကို မြင်သော လူများသည်သာလျှင် ဓမ္မစကားကို ပြောကြားကြသည်။ ရုပ်လောက အလွန်တွင် ရှိသည့် စိတ်လောက စကားကို ပြောကြားကြသည်။

## ရုပ်ပိုင်းနှင့် ရုပ်ပိုင်းအလွန်

အခြား နည်းတစ်ခုဖြင့် ပြောကြည့်ကြဦးစို့။ ရိုးရိုးရုပ်ပိုင်းဆိုင်ရာ စကားကို ရုပ်လွန်ပိုင်းဆိုင်ရာစကားနှင့် ခွဲခြားကြည့်နိုင်သည်။ ရုပ်လွန်ပိုင်းဆိုင်ရာ နယ်ပယ်သည် ရုပ်ပိုင်းဆိုင်ရာနယ်ပယ်နှင့် လုံးဝကွဲပြားခြားနားသည်။ ထို့ကြောင့် ရုပ်လွန်ပိုင်းဆိုင်ရာစကားနှင့် ပတ်သက်သောစကား တသီးတခြား ရှိလေသည်။ သို့ဖြစ်၍ ရုပ်ပိုင်းဆိုင်ရာ ရိုးရိုးစကားအပြင် ရုပ်ပိုင်းဆိုင်ရာထက် ကျော်လွန်သွားသော၊ ရုပ်ပိုင်းဆိုင်ရာမမှီသော စကားမျိုးလည်း ရှိလေသည်။ ရုပ်ပိုင်းဆိုင်ရာစကားသည် အရပ်စကားဖြစ်သည်။ လောကီစကားဖြစ်သည်။ ရိုးရိုး အခြေအနေအရ သုံးစွဲနေသော၊ ရုပ်ပိုင်းဆိုင်ရာ အရာဝတ္ထုအပေါ် အခြေခံသော ရှေးရိုးစဉ်လာ စကားဖြစ်သည်။ ရုပ်လွန်ပိုင်းဆိုင်ရာစကားသည်ကား စိတ်ပိုင်းဆိုင်ရာ အရာဝတ္ထုပေါ်၌ အခြေခံသည်။ ယင်းစကားကို သင်ကြားရသည်။ လေ့လာရသည်။ နားလည်အောင် လုပ်ရသည်။ ယင်းစကားသည် ရုပ်ပိုင်းဆိုင်ရာ လောကကို အခြေမခံပေ။ စိတ်ပိုင်းဆိုင်ရာ လောကကိုသာလျှင် အခြေခံသည်။ ယခုလောက်ဆိုလျှင် နေ့စဉ်သုံးစကားနှင့် ဓမ္မစကား၏ ခြားနားချက်ကို တွေ့မြင်သိရှိနိုင်လောက်ပြီဟု ကျွန်ုပ်မျှော်လင့်ပေသည်။

အကယ်၍ ကျွန်ုပ်တို့သည် နေ့စဉ်သုံးစကားလောက်သာလျှင် သိနေလျှင်ကား ဓမ္မကိုကြားနာရစေကာမူ သိရှိနားလည်နိုင်သည့် အခြေအနေ ရှိမည်မဟုတ်ပေ။ အကယ်၍ ကျွန်ုပ်တို့သည် ဓမ္မစကားကို မသိနားမလည်လျှင် ဓမ္မကို နားလည်သဘောပေါက်မည်မဟုတ်ပေ။ တင်းတိမ်ရောင့်ရဲခြင်း မရှိသည့် လောကီအခြေအနေ(ဒုက္ခ)မှ ကျွန်ုပ်တို့အား လွတ်မြောက်အောင် ပြုသည့် အရိယသစ္စာကို နားလည်သဘော ပေါက်မည် မဟုတ်ပေ။

## စကားနှစ်ရပ်

ဗုဒ္ဓ၏ ဒေသနာတော်ကို ဓမ္မစကားဝေါဟာရဖြင့်၎င်း၊ နေ့စဉ်သုံး စကားဝေါဟာရဖြင့်၎င်း၊ အနက်အဓိပ္ပာယ် ပြန်ဆိုဘို့ရန် အစဉ်မပြတ်လိုအပ်ပေသည်။ အနက်အဓိပ္ပာယ် နှစ်မျိုးလုံးကို စဉ်းစား ဆင်ခြင်ရပေလိမ့်မည်။ ကျွန်ုပ် ယခုကိုးကားပြောပြမည့် စကားအပိုဒ်များကို သတိပြုစေချင်ပါသည်။

"အပ္ပမတ္တော ဥဘောအတ္ထေ အဓိဂဏှာတိ ပဏ္ဍိတော" (အနက်အဓိပ္ပာယ် နှစ်မျိုးလုံးကို သိရှိ နားလည်သော သူသည် ပညာရှိမည်၏)

"အတ္ထာဘိသမယာဓီရော ပဏ္ဍိတောတိ ပဝုစ္စတိ" (အနက်အဓိပ္ပာယ် အမျိုးမျိုးကို သိရှိ နားလည်သော သူသည် ပညာရှိမည်၏)

ယင်းအချက်ကား ဓမ္မကို လေ့လာသင်ကြားသည့်အခါ အထက်အဆင့်ဖြစ်ဖြစ်၊ အောက်အဆင့်ဖြစ်ဖြစ် လက်ကိုင်ထားရမည့် ယေဘုယျမူတစ်ရပ်ဖြစ်လေသည်။ ယင်းမူသည် နှုတ်ဖြင့် ဆွေးနွေးပြောကြားရာ၌လည်း ကျင့်သုံးရမည့်မူ ဖြစ်လေသည်။အထက်၌ ပြောပြခဲ့သည့်စကားပိုဒ်၌ "ဥဘော အတ္ထေ" ဟူသော ရှင်းလင်းပြတ်သားသည့် မိန့်ဆိုချက်ပါလေသည်။ အနက်အဓိပ္ပာယ် နှစ်မျိုး သို့မဟုတ် ပြောပုံပြောနည်း နှစ်မျိုးဟု အဓိပ္ပာယ်ရသည်။ အသိအလိမ္မာရှိသော ပုဂ္ဂိုလ်သည် အနက်အဓိပ္ပာယ်နှစ်မျိုးလုံးကို သို့မဟုတ် ပြောပုံပြောနည်း နှစ်မျိုးလုံးကို စဉ်းစားဆင်ခြင်ခြင်းရမည်။ နှစ်မျိုးထဲက တစ်မျိုးကိုသာ ကွက်ပြီး စဉ်းစား ဆင်ခြင်ခြင်း မပြုရပေ။ အကယ်၍ ပုဂ္ဂိုလ် တစ်ဦးဦးသည် ရိုးရိုးနေ့စဉ်သုံး အနက် အဓိပ္ပာယ် လောက်ကိုသာ ဆင်ခြင်စဉ်းစားပြီး တခြားအနက် အဓိပ္ပာယ်ကို၊ ဓမ္မစကား ဝေါဟာရ၏ အနက်အဓိပ္ပာယ်ကို လျစ်လျူရှု ထားမည်ဆိုလျှင် ထိုပုဂ္ဂိုလ်သည် ပညာရှိ သို့မဟုတ် အသိအလိမ္မာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍ မခေါ်ထိုက်ပေ။ ဗုဒ္ဓဟောကြားတော်မူသည့်အတိုင်း အသိအလိမ္မာနှင့် ပြည့်စုံသူသည် ပြောပုံပြောနည်း နှစ်မျိုးလုံးကို သို့မဟုတ် အနက်အဓိပ္ပာယ် နှစ်မျိုးလုံးကို ဆင်ခြင်စဉ်းစားသူ ဖြစ်လေသည်။ ယင်အချက်သည် ကျွန်ုပ်တို့အား အနက်အဓိပ္ပာယ်နှစ်မျိုးကို နေ့စဉ်သုံးစကားဝေါဟာရ အရ ကောက်ယူသော အနက် အဓိပ္ပာယ်နှင့် ဓမ္မစကား ဝေါဟာရအရ ကောင်ယူရသော အနက်အဓိပ္ပာယ်ကို စဉ်းစားဆင်ခြင် နိုင်အောင် သတိပေးနေလေသည်။

## အရပ်သုံးစကားထဲက ဗုဒ္ဓ

ကျွန်ုပ်တို့ ဆိုလိုသည့် အချက်၏ သက်သေသာဓက အချို့ကို စဉ်းစားကြည့်ကြစို့။

ပထမ သက်သေသာဓကမှာ "ဗုဒ္ဓ" ဟူသော စကားလုံးဖြစ်သည်။ အများသိကြသည့် အတိုင်း "ဗုဒ္ဓ" ဟူသော စကားလုံးသည် နေ့စဉ်သုံးစကား၌ သမိုင်းအရ ပွင့်တော် မူခဲ့သော ဂေါတမ ဗုဒ္ဓကို ရည်ညွှန်း လေသည်။ နှစ်ပေါင်း နှစ်ထောင် အလွန်က အိန္ဒိယ၌ ဖွားမြင်တော်မူခဲ့သော၊ ပရိနိဗ္ဗာန် စံတော်မူခဲ့သော၊ တေဇောဓာတ် လောင်ကျွမ်းသွားတော်မူခဲ့သော အသွေး၊ အသား၊ အရိုးရှိသည့် မနုဿလူသား ပုဂ္ဂိုလ်မြတ်ကို ရည်ညွှန်းလေသည်။ ယင်းကား နေ့စဉ်သုံးစကား၏ ဝေါဟာရအရ အနက်အဓိပ္ပာယ်ထွက်သော "ဗုဒ္ဓ" ဟူသော စကားလုံး၏အနက်အဓိပ္ပာယ် ဖြစ်လေသည်။

## ဓမ္မစကားထဲက ဗုဒ္ဓ

သို့ရာတွင် ဓမ္မစကား၏ ဝေါဟာရအရ စဉ်းစာဆင်ခြင် ကြည့်သည့်အခါ "ဗုဒ္ဓ" ဟူသော စကားလုံးသည် သမိုင်းဝင် ဗုဒ္ဓ သိမြင်တော်မူခဲ့သော၊ ဟောကြားတော်မူခဲ့သော သစ္စာတရားကို၊ ဓမ္မတရားကို ရည်ညွှန်း ကြောင်း သိရှိရပေသည်။ ဗုဒ္ဓက ဤသို့ ဟောကြားတော်မူသည်။

"ဓမ္မကို သိမြင်သူသည် ဗုဒ္ဓကို သိမြင်သူ ဖြစ်သည်။ ဗုဒ္ဓကို သိမြင်သူသည် ဓမ္မကို သိမြင်သူ မည်သည်။ ဓမ္မကို မသိမြင်သော သူသည် ဗုဒ္ဓ၏ သင်္ကန်းကို ဆွဲကိုင်ထားသော်လည်း ဗုဒ္ဓကို သိမြင်သူဟု မဆိုနိုင်ပေ။"

ဓမ္မဟူသည်ကာ ဆုပ်၍ကိုင်၍ မရသော၊ အထည်ဒြပ်မရှိသော အရာဖြစ်သည်။ ရုပ်ဝတ္ထုရှိသော အရာမဟုတ်ပေ။ အရိုး၊ အသားရှိသော အရာမဟုတ်ပေ။ သို့သော်လည်း ဓမ္မနှင့် ဗုဒ္ဓ တစ်ခုတည်း ဖြစ်ကြောင်းကို "ဓမ္မကို သိမြင်သူသည် ဗုဒ္ဓကို သိမြင်သူမည်၏" ဟူ၍ ဗုဒ္ဓက ဟောကြားထားတော်မူသည်။ ဓမ္မကို မသိမြင်သူအား ဗုဒ္ဓကို သိမြင်သူဟူ၍ မခေါ်နိုင်ပေ။ ထို့ကြောင့် ဓမ္မစကား၌ ဗုဒ္ဓသည် သိဒ္ဓတ္ထမင်းသားအား ဗုဒ္ဓအဖြစ်သို့ရောက်စေသည့် သစ္စာတရားနှင့် တစ်ခုတည်း၊ တစ်မျိုးတည်း ဖြစ်လေသည်။ ထိုသစ္စာတရားကို သိမြင်သူအား စစ်မှန်သောဗုဒ္ဓကို သိမြင်သူဟူ၍ ခေါ်ဆိုနိုင်လေသည်။ ဗုဒ္ဓ၏ ကိုယ်ကာယတော်ကိုသာ သိမြင်ခြင်းသည် ဗုဒ္ဓကို သိမြင်ခြင်း မမည်ပေ။ ထို့ပြင် စစ်မှန်သော အကျိုးကိုလည်း မဖြစ်ထွန်းစေနိုင်ပေ။

ဗုဒ္ဓလက်ထက်တော်အခါက လူများစုမှာ ဗုဒ္ဓအား မလိုမုန်းထား ရှိကြလေသည်။ သူတို့သည် ဗုဒ္ဓအား ကဲ့ရဲ့ ရှုပ်ချကြလေသည်။ ကိုယ်ထိလက်ရောက်ပင် ထိပါးကြလေသည်။ သူတို့သည် ဗုဒ္ဓအား နားလည်ကြ သူများ မဟုတ်ပေ။ အကြောင်းမှုကား သူတို့တွေ့မြင်ရသည့် အရာမှာ ဗုဒ္ဓ၏ ကိုယ်ကာယတော်သာလျှင် ဖြစ်သည်။ ဗဟိဒ္ဓအကာသာလျှင် ဖြစ်သည်။ နေ့စဉ်သုံး စကားထဲက ဗုဒ္ဓသာလျှင် ဖြစ်သည်။ စစ်မှန်သော

ဗုဒ္ဓမှာ၊ ဓမ္မစကားထဲက ဗုဒ္ဓမှာ သူ၏ စိတ်နှလုံးထဲတွင် ရှိနေသော သစ္စာတရားသာလျှင် ဖြစ်သည်။ ထိုသစ္စာတရားကို သိမြင်ပြီးမှသာသာလျှင် ဗုဒ္ဓအဖြစ်သို့ ရောက်ရခြင်းဖြစ်လေသည်။ "သစ္စာတရားကို သိမြင်သူသည် ငါ့ကို သိမြင်သူ မည်၏၊ ငါ့ကို သိမြင်သူသည် သစ္စာတရားကို သိမြင်သူမည်၏" ဟု ဟောကြားသည့် အခါဗုဒ္ဓသည် ဓမ္မစကားကို ပြောကြားနေတော်မူခြင်း ဖြစ်လေသည်။

ဗုဒ္ဓက ဤသို့ ဟောထားတော်မူပြန်သည် .....

"ငါ ဟောကြားထားခဲ့သည့် ဓမ္မနှင့် ဝိနယ (ဝိနည်း) သည် ငါ ပရိနိဗ္ဗာန်စံသည့်အခါ၌ သင်တို့၏ ဆရာအဖြစ်နှင့် တည်ရှိလိမ့်မည်"

ထို့ကြောင့် ဗုဒ္ဓအစစ်အမှန်မှာ ချုပ်ငြိမ်းမသွားပေ။ ကွယ်လွန်မသွားပေ။ ချုပ်ငြိမ်းသွားသော၊ ကွယ်လွန်သွားသော အရာမှာ ကိုယ်ကာယတော်သာလျှင် ဖြစ်သည်။ ဇဟိဒ္ဓအကာသာလျှင် ဖြစ်သည်။ စစ်မှန်သော ဆရာအရှင်မှာ ဓမ္မ နှင့် ဝိနယမှာ ကျွန်ုပ်တို့နှင့် အတူရှိနေသည်။ ဤကား ဓမ္မစကား၌ရှိသော "ဗုဒ္ဓ" ဟူသော စကားလုံး၏ အနက်အဓိပ္ပာယ် ဖြစ်လေသည်။ နေ့စဉ်သုံးစကားထဲက "ဗုဒ္ဓ" သည် ကိုယ်ခန္ဓာ ဆောင်ထားသော ပုဂ္ဂိုလ်ဖြစ်သည်။ ဓမ္မစကားထဲက "ဗုဒ္ဓ" မှာမူ သိဒ္ဓတ္ထမင်းသားအား ဗုဒ္ဓအဖြစ်သို့ ရောက်စေသည့် ဓမ္မဖြစ်လေသည်။

**အရပ်သုံး စကားထဲက ဓမ္မ**

"ဓမ္မ" ဟူသော စကားလုံးကို စဉ်းစားဆင်ခြင်ကြည့်ကြဦးစို့။ နေ့စဉ်သုံးစကား၏ အနိမ့်ဆုံးအဆင့်၌ "ဓမ္မ" ဟူသော စကားလုံးကို ဘုရားဟော ပိဋကတ်ကို ပုံနှိပ်ထားသည့် ကျမ်းစာအုပ်အဖြစ်၊ စာတိုက်ဘီရိုထဲရှိ "ဓမ္မ" အဖြစ် သိရှိနားလည်ထားကြသည်။ သို့တည်းမဟုတ် တရားဒေသနာတော်ကို ဟောကြားရာ၌ သုံးနှုန်းသော စကားလုံးများကို "ဓမ္မ"အဖြစ် သိရှိနားလည်ထားကြသည်။ ဤကာ နေ့စဉ်သုံး စကား၌ ဓမ္မကို မသိမြင်သေးသော အလှည့်စားခံနေရသူ တစ်ဦး၏ စကား၌ ရှိသော "ဓမ္မ"၏ အနက် အဓိပ္ပာယ် ဖြစ်သည်။

***

**ဓမ္မစကားထဲက ဓမ္မ**

ဓမ္မစကား၌ ရှိသော "ဓမ္မ"မှာမူ ဗုဒ္ဓနှင့် တစ်ခုတည်း၊ တစ်မျိုးတည်းပင် ဖြစ်လေသည်။ ဓမ္မကို သိမြင်သောသူသည် ဗုဒ္ဓကို သိမြင်သူ မည်၏။ ဗုဒ္ဓကို သိမြင်သော သူသည် ဓမ္မကို သိမြင်သူမည်၏။ ဤကာ ဓမ္မစစ် ဓမ္မမှန်ဖြစ်လေသည်။ မူရင်းပါဠိဘာသာစကား၌ "ဓမ္မ" ဟူသော စကားလုံးသည် ကျွန်ုပ်တို့ သဘာဝဟု ခေါ်သည့်အရာကို ပြုလုပ်ဖန်တီးသည် ရုပ်ထွေးနက်နဲ အသိခက်သော အရာဝတ္ထု အားလုံးအတွက် အသုံးပြုသော စကားလုံးဖြစ်သည်။ ဤနေရာ၌ ယင်းအချက်နှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်း တင်ပြဘို့ရန် အခြေအနေက မပေးပေ။ သို့ဖြစ်၍ အဓိက အချက်ကိုသာလျှင် ဆွေးနွေးပြောပြပါမည်။ "ဓမ္မ" ဟူသော စကားလုံးသည် အောက်ပါ အနက် အဓိပ္ပာယ်များကို ဟောပေသည်။

၁။ သဘာဝ၊

၂။ သဘာဝ၏ နိယာမများ၊

၃။ သဘာဝ၏ နိယာမတရားများအတိုင်း လုပ်ဆောင် ရသော လူ၏ တာဝန်၊

၄။ သဘာဝ၏ နိယာမတရားများအတိုင်း လုပ်ရသော အလုပ်မှရရှိသည့် အကျိုးကျေးဇူး၊

ဤကာ "ဓမ္မ" ဟူသော စကားလုံး၏ အနက် အဓိပ္ပာယ်များ ဖြစ်လေသည်။ ကျမ်းစာအုပ်ကိုသာလျှင် ဆိုလိုသည် မဟုတ်ပေ။ ပေပုရပိုက် သို့မဟုတ် တရားဟောဓမ္မကထိက၏ အသံကိုသာ ဆိုလိုသည် မဟုတ်ပေ။ ဓမ္မကား၌ အသုံးပြုသော "ဓမ္မ" ဟူသော စကားလုံး၏ အနက် အဓိပ္ပာယ်မှာ ရုပ်ဝတ္ထုမဟုတ်သည့် အရာကိုသာဆိုလိုသည်။ ယင်းဓမ္မသည် အားလုံးကို ငုံမိလေသည်။ နက်နဲလေသည်။ အချို့နားလည် ဘို့ရန်ခက်ခဲပြီး အချို့နားလည်ဘို့ရန် သိပ်မခက်သည့် အရာဝတ္ထုအားလုံး ပါဝင်လေသည်။

**အရပ်သုံးစကားထဲက သံဃာနှင့် ဓမ္မစကားထဲက သံဃာ**

"သံဃာ" ဟူသော စကားလုံးကို ဝေဖန် စဉ်းစား ဆင်ခြင် ကြည့်ကြပါစို့။ နေ့စဉ်သုံးစကား၌ သံဃာဟူသော စကားလုံးသည် သင်္ကန်းကို ဝတ်ရုံထားသော၊ ထိုမှဤမှ လှည့်လည်သွားလာနေကြသော ရဟန်းအစုအဝေးကို ညွှန်ပြလေသည်။ ဤကား နေ့စဉ်သုံးစကား၌၊ သစ္စာတရားကို မသိမြင်သည့် ပုဂ္ဂိုလ်တို့၏

စကား၌၊ နားလည်နေကြသည့် သံဃာဖြစ်လေသည်။ ဓမ္မစကား၌ကား “သံဃာ” ဟူသောစကားလုံး၏ အနက်အဓိပ္ပာယ်လည်း သစ္စာတရားသာလျှင် ဖြစ်လေသည်။ ဓမ္မသာလျှင်ဖြစ်လေသည်။ ဓမ္မစကား၌ “သံဃာ” ဟူသော စကားလုံးသည် ရဟန်းတို့၏ စိတ်နှလုံးထဲတွင် ကိန်းအောင်းနေသော မြင့်မြတ်သည့် အရည်အချင်းကို သာလျှင် ရည်ညွှန်းလေသည်။ လူအား ရဟန်းဘဝသို့ရောက်စေသည့် မြင့်မြတ်သော စိတ်ပိုင်း ဆိုင်ရာ အရည်အချင်းများရှိလေသည်။ ရဟန်းဘဝ၏ စိတ်နှလုံးတွင်း၌ တည်ရှိနေသည့် ယင်းမြင့်မြတ် သော အရည်အချင်း၏ အပေါင်းအစုသည် သံဃာဟု ခေါ်သည့် အရာဖြစ်လေသည်။

နေ့စဉ်သုံးစကား၏ သံဃာသည် ရဟန်းများသာလျှင် ဖြစ်လေသည်။ ဓမ္မစကား၏ သံဃာကား ရဟန်းများ၏ စိတ်နှလုံးထဲတွင်ရှိသော ယင်းမြင့်မြတ်သော အရည်အချင်းများသာလျှင် ဖြစ်လေသည်။ သံဃာ လေးမျိုးလေးစား ရှိသည်။ (၁) သောတာပန် (အလျှင်ထဲသို့ ဝင်ရောက်လာသူ)။ (၂) သကဒါဂါမ် (တစ်ကြိမ် ပြန်လာသူ)။ (၃) အနာဂါမ် (ပြန်မလာသူ)။ (၄) ရဟန္တာ (ပြီးပြည့်စုံသူ)။

ယင်း ဝေါဟာရများသည် ရုပ်ပိုင်းဆိုင်ရာ အရည်အချင်းထက် စိတ်ပိုင်းဆိုင်ရာ အရည်အချင်းကို ပိုပြီးရည်ညွှန်းလေသည်။ အကြောင်းမူကား ရုပ်ပိုင်းဆိုင်ရာ ကိုယ်ခန္ဓာ အနေအထားနှင့် ပတ်သက်၍မူ ယင်းပုဂ္ဂိုလ်တို့သည် အခြားပုဂ္ဂိုလ်များနှင့် ဘာမျှထူးခြားမှု မရှိပေ။ အခြား ပုဂ္ဂိုလ်များနှင့်မတူ ကွဲပြားထူးခြား သည့် အချက်မှာ စိတ်ပိုင်းဆိုင်ရာ အရည်အချင်း ဖြစ်လေသည်။ ယင်းစိတ်ပိုင်းဆိုင်ရာ အရည်အချင်းသည် လူအား သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဘဝသို့ ရောက်စေသည့်အရာ ဖြစ်လေသည်။ ဤကာ ဓမ္မစကား၌ “သံဃာ” ဟူသော စကားကို နားလည်သဘောပေါက်ပုံတည်း။

**အရပ်စကားထဲက သာသနာ**

“သာသနာ” ဟူသောစကားလုံးကို စဉ်းစားဆင်ခြင်ကြည့်ကြဦးစို့။ နေ့စဉ်သုံးစကား၌၊ အသိအမြင် မရှိသည့် ပညာမဲ့သူတို့၏ စကား၌၊ “သာသနာ” ဟူသော စကားလုံးသည် ဘုရား တန်ဆောင်း၊ ကျောင်း၊ စေတီပုထိုး၊ သင်္ကန်းစသည်တို့ကိုသာလျှင် ရည်ညွှန်းလေသည်။ နေရာတကာ၌ ကျောင်းကန်ဘုရားများ ရှိနေလျှင် “တယ်.. သာသနာထွန်းကားပါကလား” ဟု လူတို့ဆိုကြသည်။ ဤကာ နေ့စဉ်သုံး စကား၌ အဓိပ္ပာယ်ကောက်ကြသော “သာသနာ” ဟူသောစကားလုံး၏ အနက်အဓိပ္ပာယ် ဖြစ်လေသည်။

**ဓမ္မစကားထဲက သာသနာ**

ဓမ္မစကား၌ကာ “သာသနာ” ဟူသော စကားလုံးသည် လူတို့အား အမှန်တကယ် မှီခိုအားထားရာ အဖြစ် အကျိုးပြုနိုင်သည့် ဓမ္မအစစ်အမှန်ကိုသာလျှင် ရည်ညွှန်းလေသည်။ လူတို့အတွက် အမှန်တကယ် မှီခိုအားထားရာ ဖြစ်နိုင်သော၊ မတင်းတိမ် မရောင့်ရဲသည့် အခြေအနေ (ဒုက္ခ)ကို အပြီးသတ်ပစ်နိုင်သော ဓမ္မသာလျှင် သာသနာမည်လေသည်။ ဤကား ဓမ္မစကား၌ အသုံးပြုသော “သာသနာ” ဟူသော စကားလုံး၏ အနက်အဓိပ္ပာယ် ဖြစ်လေသည်။ ထို့ကြောင့် သာသနာ ပြန့်ပွားထွန်းကားနေသည်ဟု ဆိုခြင်းသည် မတင်းတိမ်မရောင့်ရဲသည့် အခြေအနေ (ဒုက္ခ)ကို အပြီးသတ်ပစ်နိုင်သည့် ထူးခြားသောသတ္တိ ရှိသောအရာ လူတို့အတွင်း၌ ပြန့်ပွားထွန်းကားနေသည်ဟု ဆိုခြင်းပင် ဖြစ်လေသည်။ သာသနာပြန့်ပွား ထွန်းကားနေသည်ဟု ဆိုခြင်းသည် ကျောင်းကန်ဘုရားများ များပြားသည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ ဓမ္မစကား၌ ရှိသော သာသနာသည် လူတို့အား စစ်မှန်သော မှီခိုအားထားရာအဖြစ်ဖြင့် တကယ်အကျိုးပြုသော သစ္စာတရား သာလျှင် ဖြစ်လေသည်။

**သာသနာကို ဒေသနာဟု ကောက်ယူပါက**

“သာသနာ” ဟူသောစကားလုံးကို “ဒေသနာ” ဟု အနက်အဓိပ္ပာယ် ကောက်ယူ သူတို့သည် ကျောင်းကန် ဘုရားများဟု အနက်အဓိပ္ပာယ် ကောက်ယူဖို့ထက်မူ လိုရင်းအချက်နှင့် နီးစပ်မှုရှိသလောက် ရှိလေသည်။ တရားဒေသနာကို သင်အံလေ့လာခြင်း၊ သင်ကြားပို့ချခြင်းတို့၌ တိုးတက်မှုရှိခြင်းကို စစ်မှန်သော သာသနာ တိုးတက်ခြင်းဟု ထင်မှတ်ယူဆသူတို့သည် မှန်ကန်မှုရှိသလောက် ရှိသလောက် ရှိလေသည်။ သို့ရာတွင် ယင်းသို့အဓိပ္ပာယ်ကောက်ယူခြင်းသည်လည်း မပြည့်စုံမလုံလောက်သေးပေ။ သာသနာကို ဘုရားဟောဒေသနာ သက်သက်ဟု နားလည်သဘောပေါက်ခြင်းသည် နေ့စဉ်သုံး စကားဝေါဟာရအရ နားလည်သဘောပေါက်ခြင်းသာလျှင် ဖြစ်လေသည်။

ဓမ္မစကားဝေါဟာရအရမူ သာသနာတော်သည် ပြဟ္မစရိယအကျင့် ကျင့်သုံးနေထိုင်ခြင်း ဖြစ်လေသည်။ ဆိုလိုသည်ကား ဓမ္မနှင့်အညီ ဘဝကို ကုန်ဆုံးစေခြင်းဖြစ်လေသည်။ ယင်းနေထိုင်ခြင်းမျိုးကာ အစ၌လည်း ကောင်းမွန်လေသည်။ အလယ်၌လည်း ကောင်းမွန်လေသည်။ အဆုံး၌လည်း ကောင်းမွန်လေသည်။ ဗုဒ္ဓ၏ ဟောတော်မူချက်အရ "ပြဟ္မစရိယ" အကျင့်ဟူသည် မတင်းတိမ်မရောင့်ရဲ့သော အခြေအနေ (ဒုက္ခ)ကို တကယ် အဆုံးသတ်ပစ်နိုင်သည် ကျင့်နည်း ဖြစ်လေသည်။ ယင်း၏ အစကောင်းမွန်းခြင်းမှာ လေ့လာခြင်း၊ ဆည်းပူးခြင်းဖြစ်လေသည်။အလယ်ကောင်းမွန်ခြင်းမှာ ကျင့်ခြင်း ဖြစ်လေသည်။ အဆုံး ကောင်းမွန်ခြင်းမှာ ကျင့်ခြင်းကြောင့် ဖြစ်ပေါ် လာသည့် အကျိုးထူးတရား ဖြစ်လေသည်။ ဤကား စစ်မှန်သော ပြဟ္မစရိယ ဖြစ်လေသည်။ ဓမ္မစကားထဲက သာသနာဖြစ်လေသည်။

နေ့စဉ်သုံးစကား၌ "သာသနာ" ဟူသော စကားလုံးသည် အလွန်ဆုံး "ဒေသနာ" ဟူသော အနက်အဓိပ္ပာယ်သာ ထွက်လေသည်။ ဓမ္မစကား၌ကား "သာသနာ"ဟူသော စကားလုံးသည် အစ၏ ကောင်းမွန်ခြင်းနှင့်ပြည်စုံသော၊ အလယ်၏ ကောင်းမွန်ခြင်းနှင့် ပြည်စုံသော၊ အဆုံး၏ ကောင်းမွန်ခြင်းနှင့် ပြည်စုံသော ပြဟ္မစရိယအကျင့်ကို ကျင့်ခြင်း ဖြစ်လေသည်။ ထို့ကြောင့် အနက်အဓိပ္ပာယ်နှစ်မျိုးမှာ အလွန်တရာခြားနားပေသည်။

## အရပ်စကားထဲက အလုပ်နှင့် ဓမ္မစကားထဲက အလုပ်

ကျွန်ုပ်တို့၏ နေ့စဉ်နေမှုထိုင်မှုနှင့် ပတ်သက်ဆက်စပ်နေသော စကားလုံးတစ်လုံးကို စီစစ်ကြည့်ကြဦးစို့။ ထိုစကားလုံးကား "အလုပ်" ဖြစ်လေသည်။ နေ့စဉ်သုံးစကား၌ "အလုပ်" ဟူသော စကားလုံးသည် အသက်မွေးဝမ်းကျောင်းမှုအတွက် ငွေရအောင်ရှာဖွေခြင်းကို ရည်ညွှန်းလေသည်။ ယင်းမှာ ကျွန်ုပ်တို့ အနေနှင့် မရှောင်လွှဲနိုင်သော အရာတစ်ခု ဖြစ်လေသည်။ ကျွန်ုပ်တို့သည် စားသောက်ရန်အတွက်၊ ဝမ်းဗိုက်ဖြည့်ရန်အတွက် ကိုယ်လိုချင်သည့် အရာကို ရရှိရန်အတွက်၊ အလုပ်ကို လုပ်ကြရလေသည်။ ယင်းမလွှဲမရှောင်သာသော အသက်မွေးဝမ်းကျောင်းမှုအတွက် လုပ်ရသော အလုပ်သည် နေ့စဉ်သုံး စကား၌ရှိသော "အလုပ်"ဟူသော စကားလုံး၏ အနက်အဓိပ္ပာယ် ဖြစ်လေသည်။ ဓမ္မစကား၌ကား "အလုပ်"ယူသော စကားလုံးသည် စိတ်အလေ့အကျင့် (ကမ္မဋ္ဌာန်း အလုပ်) ကို ရည်ညွှန်းလေသည်။ ယင်း အလုပ်ကား ဓမ္မကို ကျင့်ကြံခြင်း ဖြစ်လေသည်။ အမှန်တကယ် ဓမ္မကို ကျင့်ကြံခြင်းသည် အလုပ်မည် လေသည်။

ဓမ္မကို မသိမြင်သော လူတို့သည် အသက်မွေးဝမ်းကျောင်းမှုအတွက်၊ မိမိအလိုရှိသည့် အရာဝတ္ထုကို ရရှိရန်အတွက် အလုပ်လုပ်ကြသည်။ သို့ရာတွင် ဓမ္မကို သိမြင်သဘောပေါက်သူများ အတွက်မူ အလုပ်ဟူသည် ဓမ္မကို ကျင့်ကြံအားထုတ်ခြင်း ဖြစ်လေသည်။ ယင်းအလုပ်မျိုးကို ရိုးသားစွာ၊ စိတ်အားထက်သန်စွာ ဝီရိယနှင့်ယှဉ်၍ ဉာဏ်နှင့်ယှဉ်၍ လုပ်ကြရမည် ဖြစ်လေသည်။ အကယ်၍ ယင်းအလုပ်ကို အောင်မြင် ထမြောက်စွာ လုပ်သည် ဆိုပါလျှင် မြင့်မြတ်သော အရည်အချင်း အမျိုးမျိုး ပေါ်ပေါက်လာမည်။

နေ့စဉ်သုံး စကား၏ အလုပ်ကို အဆင့်မြင့်မြင့်အားဖြင့်လည်း စဉ်းစားဆင်ခြင်နိုင်သည်။ ကျွန်ုပ်တို့၏ အလုပ်သည် လောကီအလုပ်ပင် ဖြစ်စေကာမူ အကယ်၍ ထိုအလုပ်ကို မှန်ကန်ဖြောင့်မတ်စွာ လုပ်ပါမူကာ အဆုံးပိတ်၌ ထိုအလုပ်က ကျွန်ုပ်တို့အား ညွှန်ကြားပြသပေလိမ့်မည်။ သတိတရား ရရှိပေလိမ့်မည်။ ထိုအလုပ်ကစိတ်ပိုင်းဆိုင်ရာ ဘဝ၏ သဘာဝအမှန်ကို ကျွန်ုပ်တို့အား သိမြင်စေလိမ့်မည်။ မမြဲခြင်း၊ မတင်းတိမ်မရောင့်ရဲခြင်း၊ အတ္တမဟုတ်ခြင်း (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) တရားတို့ကို သဘောပေါက်စေလိမ့်မည်။ ကျွန်ုပ်တို့အား သစ္စာတရားအနီးသို့ ဆောင်ကြဉ်းခေါ်သွားလိမ့်မည်။ ထို့ကြောင့် ဓမ္မစကား၌ "အလုပ်" ဟူသော စကားလုံးသည် စိတ်နှလုံးအတွင်း၌ တွေ့ရမည်ဖြစ်သော သစ္စာတရားသို့ အထိရောက်ရှိစေသည့် ကျင့်ကြံအားထုတ်မှုကို ရည်ညွှန်းပေသည်။ ကိုယ်ခန္ဓာတည်မြဲရေးအတွက် လုပ်သည့် အလုပ်ဖြစ်စေကာမူ ယောနိသောမနသိကာရဖြင့် လုပ်ပါမူကား၊ သတိဝီရိယဖြင့် လုပ်ပါမူကား၊ ဓမ္မကို ကျင့်သုံးဆောက်တည်ခြင်း တစ်မျိုးပင်ဖြစ်လေသည်။

အချုပ်ပြောရလျှင် နေ့စဉ်သုံး စကား၌ရှိသော "အလုပ်" ၏ အနက်အဓိပ္ပာယ်သည် အသက်မွေး ဝမ်းကျောင်းမှုအတွက် လုပ်သော အလုပ်ကိုဆိုလိုပေသည်။ ဓမ္မစကား၌ ရှိသော "အလုပ်"၏ အနက် အဓိပ္ပာယ်မှာမူ တရားအဆုံးအမကို ကျင့်ကြံအားထုတ်ခြင်းဖြစ်လေသည်။ ကမ္မဋ္ဌာန်း (စိတ်အလေ့အကျင့်) ဟူသော စကားလုံး၏ အနက်အဓိပ္ပာယ်မှာ အလုပ်ဖြစ်လေသည်။ ဓမ္မ ကိုကျင့်ကြံအားထုတ်ခြင်း ဖြစ်လေသည်။ ဤကား ဓမ္မစကား၌ ရှိသော "အလုပ်"၏ ဆိုလိုရင်း အဓိပ္ပာယ် ဖြစ်လေသည်။

## ပြဟ္မစရိယ

"ပြဟ္မစရိယ" အကြောင်းကို ထပ်ပြီး အနည်းငယ် ပြောကြဦးစို့။ နေ့စဉ်သုံးစကား၌၊ ဓမ္မအကြောင်း ဘာမှ မသိနားမလည်သည့် အရပ်သား၏ စကား၌ "ပြဟ္မစရိယ" ဟူသော စကားလုံးသည် လိင်ဆက်ဆံမှုကို ရှောင်ကြဉ်ခြင်းထက် ပိုပြီး အနက် အဓိပ္ပာယ်မထွက်ပေ။ သို့ရာတွင် ဓမ္မစကား၌ကား "ပြဟ္မစရိယ" ဟူသော စကားလုံးသည် စိတ်အညစ်အကြေး (ကိလေသာ) ကို စွန့်ပယ်သည့် မည်သည့် စွန့်ပယ်ခြင်းမျိုးကို မဆို ရည်ညွှန်းပေသည်။ မည်သည့်တရားဓမ္မကို ကျင့်သုံးကျင့်သုံး ယင်းတရားဓမ္မကို မရွေ့ရှားမပြောင်းလဲဘဲ စွဲမြဲစွာ ဆုပ်ကိုင်ထားပါက ကျွန်ုပ်တို့သည် ပြဟ္မစရိယအကျင့်ကို ကျင့်သုံးခြင်း မည်လေသည်။ "ပြဟ္မစရိယ"၏ အနက်အဓိပ္ပာယ်သည် လိင်ဆက်ဆံမှု ရှောင်ကြဉ်ခြင်းတစ်ခုမျှကိုသာ ဆိုလိုသည် မဟုတ်ပေ။ ဤကား "ပြဟ္မစရိယ" နှင့် စပ်လျဉ်း၍ နေ့စဉ်သုံးစကားနှင့် ဓမ္မသုံးစကားတို့၏ ခြားနားချက်ဖြစ်လေသည်။

## အရပ်စကားထဲက နိဗ္ဗာန်

နိဗ္ဗာန (နိဗ္ဗာန်) ဟူသော စကားလုံးကို စဉ်စားကြည့်ကြဦးစို့။ ရိုးရိုးအရပ်သား၏ နေ့စဉ်သုံးစကား၌ နိဗ္ဗာန်သည် နေရာဌာန တစ်ခုဖြစ်သည်။ မြို့တော်တစ်ခု ဖြစ်သည်။ ယင်းသို့ ဖြစ်ရခြင်းမှာ တရားဟော ဓမ္မကထိကများက "အမတရွှေပြည်နိဗ္ဗာန်" စသည်ဖြင့် မကြာခဏ တရားဟောသောကြောင့် ဖြစ်လေသည်။ ယင်းဟောပြောချက်များကို ကြားနာရသောကြောင့် လူတို့သည် နိဗ္ဗာန်ကို အမှတ်မှားနေကြသည်။ သူတို့သည် နိဗ္ဗာန်အား အမှန်တကယ် ရှိသည့် ပြည် သို့မဟုတ် မြို့ဟု ထင်မှတ်ကြလေသည်။ ထိုမျှသာမက နိဗ္ဗာန်သည် ကောင်းမွန်သည့် အရာဝတ္ထု ဟူသမျှအလျှံပယ်ပေါကြွယ်ဝသည့်နေရာ၊ ဣဋ္ဌာသယနေရာ၊ လိုတရသည့်နေရာ ဟူ၍ပင် အောက်မေ့ကြလေသည်။ သူတို့ နိဗ္ဗာန်ရောက်လိုသည်မှာ လိုတရသည့်နေရာဖြစ်သောကြောင့် ဖြစ်လေသည်။ ဤကား အသိအလိမ္မာမရှိသော လူတို့၏၊ ဓမ္မအကြောင်းကို ဘာမှမသိနားမလည်သောသူတို့၏ နေ့စဉ်သုံးစကား၌ ရှိသော နိဗ္ဗာန်ဖြစ်လေသည်။ သို့ရာတွင် ယင်းကဲ့သို့သော စကားအသုံးအနှုန်းမျိုးကို ဘုရားတန်ဆောင်းဂူကျောင်းအဝင်အပါ နေရာဟူသမျှ၌ ကြားသိနိုင်လေသည်။

## ဓမ္မစကားထဲက နိဗ္ဗာန်

ဓမ္မစကား၌ "နိဗ္ဗာန်" ဟူသော စကားလုံးသည် ကိလေသာ အညစ်အကြေးဟူသမျှ၊ မတင်းတိမ်မရောင့်ရဲသည့် အခြေအနေ (ဒုက္ခ) မှန်သမျှ လုံးဝချုပ်ငြိမ်းခြင်းကို ရည်ညွှန်းလေသည်။ စိတ်အညစ်အကြေး (ကိလေသာ) နှင့် မတင်းတိမ်မရောင့်ရဲသည့် အခြေအနေ (ဒုက္ခ) မှ လွတ်မြောက်မှု ရသည့် မည်သည့် အချိန်၌မဆို နိဗ္ဗာန် ရှိနေပေလိမ့်မည်။ ကိလေသာ အညစ်အကြေး လုံးဝချုပ်ငြိမ်း ကွယ်ပျောက် သွားခြင်းသည် ထာဝရ နိဗ္ဗာန် မည်လေသည်။ နိဗ္ဗာန်သည် ကိလေသာမီးနှင့် မတင်းတိမ်မရောင့်ရဲသော အခြေအနေ (ဒုက္ခ) မီးငြိမ်းသွားပြီး အေးအေးမြမြ ရှိနေခြင်း ဖြစ်လေသည်။ ဤကား ဓမ္မစကား၌ ရှိသော နိဗ္ဗာန်ဖြစ်လေသည်။ နေ့စဉ်သုံးစကား၌ နိဗ္ဗာန်သည် အိပ်မက်ထဲက ရွှေပြည်ဖြစ်သည်။ ဓမ္မစကား၌ နိဗ္ဗာန်သည် မတင်းတိမ်မရောင့်ရဲမှု (ဒုက္ခ) ဟူသမျှ လုံးဝချုပ် ငြိမ်းသွားခြင်း ဖြစ်လေသည်။ ယခုမျက်မှောက် ဘဝ၌ပင် ပေါ်ပေါက်လာသည့် အခြေအနေဖြစ်လေသည်။ စဉ်းစားဆင်ခြင်ကြည်ပါ။ လူများစု အထူးအားဖြင့် ကျောင်းများ၊ ဓမ္မာရုံများသို့ တရားနာသွားရောက်သူ လူကြီးသူမများ နားလည်သည့် နိဗ္ဗာန် မည်သည့် နိဗ္ဗာန်မျိုး ဖြစ်သနည်း။

## မာရ်နတ်

ထူးခြားသော စကားလုံးတစ်လုံး အကြောင်းကို စဉ်းစားဆင်ခြင်ကြည့်ကြဦးစို့။ မာရ (မာရ်နတ်) ဟူသော စကားလုံး ဖြစ်သည်။ နေစဉ်သုံးစကား၌ "မာရ" သည် ကြောက်မက်ထိတ်လန့်ဖွယ် ကောင်းသော၊ အကြည့်တန် အရုပ်ဆိုးသော ပုံပန်းသဏ္ဍာန်ရှိသည့် နတ်ဆိုးဖြစ်လေသည်။ ဤကာ နေစဉ်သုံး စကား၌ရှိသော မာရ (မာရ်နတ်) ဖြစ်လေသည်။ ဓမ္မစကား၌ ရှိသော မာရ (မာရ်နတ်) ကား သက်ရှိပုဂ္ဂိုလ် မဟုတ်ပေ။ ကောင်းမှုကို ဆန့်ကျင်သော၊ မတင်းတိမ်မရောင့်ရဲသော အခြေအနေ (ဒုက္ခ)ကို အဆုံးသတ်အောင် လုပ်ရာ၌ ကပျက်ယပျက် လုပ်သော စိတ်အခြေအနေတစ်မျိုးပင် ဖြစ်လေသည်။ တိုးတက်မှုကို ဆန့်ကျင် ဘက်လုပ်တတ်သော၊ ဖျက်လိုဖျက်ဆီး လုပ်သော ယင်းစိတ်အခြေအနေတစ်မျိုးကို ဓမ္မစကား၌ "မာရ" (မာရ်နတ်) ဟုခေါ်လေသည်။

**အရပ်စကားထဲက လောကနှင့် ဓမ္မစကားထဲက လောက**

တဖန် "လောက" ဟူသည့် စကားလုံးနှင့်ပတ်သက်ပြီး အနည်းငယ် ဆွေးနွေးကြဦးစို့။ နေ့စဉ်သုံး စကား၌ "လောက" ဟူသော စကားလုံးသည် လုံးသည်ဟု ဆိုဆို၊ ပြားသည်ဟု ဆိုဆို၊ ဤကမ္ဘာ ပထဝီမြေကြီးကို ရည်ညွှန်းလေသည်။ ကမ္ဘာပထဝီမြေကြီးအဖြစ်နှင့်ရှိသော လောကသည် အရပ်သုံး စကားထဲက "လောက" ဖြစ်လေသည်။

သို့ရာတွင် ဓမ္မစကား၌ရှိသော "လောက" ဟူသော စကားလုံး၏ အနက်အဓိပ္ပာယ်ကား လောကီနှင့် စပ်သည့်စိတ်အခြေအနေ ဖြစ်လေသည်။ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှု အတိုင်းအတာ၌ လောကီ အဆင့်ဖြစ်လေသည်။ မတင်းတိမ် မရောင့်ရဲသော အခြေအနေ (ဒုက္ခ) ဟုဆိုလိုသည်။ ယင်း အခြေအနေ သည်။ အနိစ္စ ဖြစ်သော၊ ခဏိက ဖြစ်သော၊ ဒုက္ခဖြစ်သော ယင်း အခြေအနေသည် စိတ်၏ လောကီအခြေအနေ ဖြစ်သည်။ ထို့ကြောင့် "ကမ္ဘာလောကသည် မတင်းတိမ်မရောင့်ရဲသော အခြေအနေ ဖြစ်သည်။ မတင်းတိမ်မရောင့်ရဲသော အခြေအနေသည် ကမ္ဘာလောက ဖြစ်သည်" ဟု ပြောဆိုခြင်းဖြစ်သည်။ ဗုဒ္ဓသည် သစ္စာ (အရိယသစ္စာ) လေးပါး တရားကို ဟောတော်မူသည့်အခါ တခါတရံ "လောက" ဟူသော စကားလုံးကို သုံးတော်မူပြီး တခါတရံ မတင်းတိမ် မရောင့်ရဲသော အခြေအနေ (ဒုက္ခ) ဟူသော စကားလုံးကို သုံးတော်မူသည်။ ယင်း နှစ်မျိုးမှာ အတူတူပင် ဖြစ်လေသည်။ သာဓက ထုတ်ပြရလျှင် ဗုဒ္ဓသည် ဤသို့ဟောတော်မူသည်။

- လောက

- လောက ဖြစ်ပေါ်ခြင်း၏ အကြောင်း

- လောက၏ ချုပ်ငြိမ်းခြင်း

- လောက ချုပ်ငြိမ်းကြောင်း နည်းလမ်း

ယင်း၌ ဗုဒ္ဓ ဆိုလိုတော်မူသည်မှာ .....

- မတင်းတိမ် မရောင့်ရဲသော အခြေအနေ (ဒုက္ခ)

- မတင်းတိမ် မရောင့်ရဲသော အခြေအနေ၏ အကြောင်း (ဒုက္ခ၏ အကြောင်း)

- မတင်းတိမ် မရောင့်ရဲသော အခြေအနေ၏ ချုပ်ငြိမ်းခြင်း (ဒုက္ခ ချုပ်ငြိမ်းခြင်း)

- မတင်းတိမ် မရောင့်ရဲသော အခြေအနေ၏ ချုပ်ငြိမ်းကြောင်း နည်းလမ်း (ဒုက္ခ ချုပ်ငြိမ်းကြောင်း နည်းလမ်း)

ထို့ကြောင့် ဗုဒ္ဓစကား၌ "လောက" ဟူသော စကားလုံးသည် မတင်းတိမ် မရောင့်ရဲသော အခြေအနေ (ဒုက္ခ)ကို ရည်ညွှန်းလေသည်။ မတင်းတိမ်မရောင့်ရဲသော အခြေအနေနှင့် ကမ္ဘာလောကသည် တစ်ခုတည်း တစ်မျိုးတည်းသာလျှင် ဖြစ်လေသည်။

အခြား တစ်နည်းအားဖြင့် ပြောရလျှင် "လောက" ဟူသော စကားလုံးသည် နိမ့်ကျသော၊ တိမ်သော၊ အနှစ်သာရ မရှိသော၊ မနက်သော အရာကို ရည်ညွှန်းလေသည်။ဥပမာအားဖြင့် ကျွန်ုပ်တို့ ဤမည်သော အရာဝတ္ထုကို လောကီဟုပြောသည့် အခါ၌ ယင်းအရာဝတ္ထုသည် ဓမ္မမဟုတ်ဟု ဆိုလိုပေသည်။ ဤကား ဓမ္မစကား၌ရှိသော "လောက" ဟူသော စကားလုံး၏ ဒုတိယအနက် အဓိပ္ပာယ် ဖြစ်လေသည်။

**အရပ်စကားထဲက ဇာတိ**

ရှေ့ဆက်လျှောက်ကြဦးစို့။ ရှေ့ အနည်းငယ်လျှောက်သွားလျှင် ဇာတိ (မွေးဖွားခြင်း) ဟူသော စကားလုံးကိုတွေ့ရလိမ့်မည်။ နေ့စဉ်သုံးစကား၌ "ဇာတိ" ဟူသော စကားလုံးသည် မိခင်၏ ဝမ်းတိုက်တွင်းမှ ကမ္ဘာလောက အတွင်းသို့ ခန္ဓာကိုယ် တစ်ခုအနေဖြင့် ဝင်ရောက်လာခြင်းကို ရည်ညွှန်းလေသည်။ လူတစ်ဦး တစ်ယောက်သည် ခန္ဓာကိုယ်တစ်ခုအနေဖြင့် တစ်ကြိမ်သာလျှင် မွေးဖွားနိုင်သည်။ မွေးဖွားလာသော သူသည် သေဆုံးပြီး ခေါင်းထဲ မဝင်မချင်း ကမ္ဘာလောကထဲ အသက်ရှင်နေသည်။ ကျွန်ုပ်တို့ လူတိုင်း လူတိုင်းအတွက် ခန္ဓာကိုယ်တစ်ခုအနေဖြင့် မွေးဖွားလာမှုသည် တစ်ကြိမ်သာလျှင် ဖြစ်လေသည်။ မိခင်၏ ဝမ်းတိုက်တွင်းမှ ယင်းမွေးဖွားမှုသည် နေ့စဉ်သုံး စကား၌ ရှိသော "ဇာတိ" ဟူသော စကားလုံး၏ ဆိုလိုရင်း အနက် အဓိပ္ပာယ် ဖြစ်သည်။

**ဓမ္မစကားထဲက ဇာတိ**

ဓမ္မစကား၌ "ဇာတိ" ဟူသော စကားလုံသည် "ငါ" "ငါ့ဟာ" ဟူသော သက္ကာယအစွဲ မွေးဖွားခြင်းကို ရည်ညွှန်းလေသည်။ ယင်းအစွဲသည် နေ့စဉ် နေ့တိုင်း မည်သည့် အချိန်မဆို စိတ်နှလုံးထဲတွင် ဖြစ်ပေါ်လာလေသည်။ ယင်းအနက် အဓိပ္ပာယ်အရ သာမန် ရိုးရိုး ပုဂ္ဂိုလ်သည် မကြာခဏ မွေးဖွားလေသည်။ ထိုပုဂ္ဂိုလ်ထက် အသိအလိမ္မာရှိသော ပုဂ္ဂိုလ်ကမူ ထိုပုဂ္ဂိုလ်ထက် အကြိမ်နည်းပြီး မွေးဖွားလေသည်။ တရားဘာဝနာ အားထုတ်ရာ၌ တိုးတက်မှုရရှိနေသော သူ (အရိယာသို့မဟုတ် အရိယာပုဂ္ဂိုလ်) သည်ကား အကြိမ်နည်းနည်းသာ မွေးဖွားပြီး နောက်ဆုံးပိတ်၌ လုံးလုံးပြန်လည်မွေးဖွားမှုဖြစ်မလာတော့ပေ။ စိတ်နှလုံးထဲ၌ ပုံစံတစ်မျိုးမျိုးဖြင့် "ငါ" ဟူသော သက္ကာယ အစွဲ ပေါ်လာခြင်းဟူသရွေ့ကို "ဇာတိ" ဟုခေါ်လေသည်။

ထို့ကြောင့် ဇာတိ (မွေးဖွားခြင်း) သည် တနေ့တည်းတွင် အကြိမ်များစွာ ဖြစ်ပေါ်လာနိုင်သည်။ ပုဂ္ဂိုလ်တစ်ယောက်သည် တိရိစ္ဆာန်တွေး တွေးသည်နှင့် တပြိုင်နက် ထိုခဏ၌ ထိုသူသည် တိရိစ္ဆာန်အဖြစ် မွေးဖွားလာလေသည်။ လူကဲ့သို့ တွေးခြင်းသည် လူအဖြစ် မွေးဖွားလာခြင်း ဖြစ်လေသည်။ နတ်ကဲ့သို့ တွေးခြင်းသည် နတ်အဖြစ် မွေးဖွားလာခြင်းဖြစ်လေသည်။ ဘဝ၊ ပုဂ္ဂိုလ်၊ ချမ်းသာ၊ ဆင်းရဲ စသည်များသည် စိတ်၏ ခဏိကအခြေအနေများသာ ဖြစ်၏ဟု ဗုဒ္ဓကဟောကြားထားတော်မူသည်။ ထို့ကြောင့် "ဇာတိ"ဟူသော စကားလုံး၏ အနက် အဓိပ္ပာယ်သည် ဓမ္မစကား၌ "ငါ" "ငါ့ဟာ" ဟူသော သက္ကာယစွဲ သက္ကာယတွေး ပေါ်ပေါက်လာခြင်း ဖြစ်သည်။ နေ့စဉ်သုံး စကားမှာကဲ့သို့ မိခင်၏ ဝမ်းတိုက်တွင်းမှ ကိုယ်ခန္ဓာတစ်ခု အနေဖြင့် မွေးဖွားလာခြင်းမျိုး မဟုတ်ပေ။

"ဇာတိ" ဟူသော စကားလုံးသည် ဗုဒ္ဓ၏ တရားဒေသနာတော်၌ အသုံးများသည့် စကားလုံးဖြစ်သည်။ နေ့စဉ် ဖြစ်ပေါ်နေသည့် အရာဝတ္ထုများနှင့် ပတ်သက်ပြီး ဟောကြားတော်မူသော အခါ၌ ဗုဒ္ဓသည် နေ့စဉ်သုံး အနက်အဓိပ္ပာယ်ထွက်သော "ဇာတိ"ကို အသုံးပြုတော်မူသည်။ အဆင့်မြင့်သော ဓမ္မအကြောင်းကို ဟောကြားတော်မူသော အခါမျိုး၌၊ ဥပမာ… အကြောင်းကိုစွဲ၍ ဖြစ်ပေါ်မှုဖြစ်သည့် ပဋိစ္စသမုပ္ပါဒ် အကြောင်းကို ဟောတော်မူသောခါမျိုး၌ ဗုဒ္ဓသည် ဓမ္မစကား၏ အနက်အဓိပ္ပာယ် ထွက်သော "ဇာတိ" ကို အသုံးပြုတော်မူလေသည်။ ပဋိစ္စသမုပ္ပာဒ်ကို ရှင်းလင်းဟောကြားတော်မူရာ၌ ဗုဒ္ဓသည် ကိုယ်ခန္ဓာတစ်ခု အနေဖြင့် အမိဝမ်းတွင်းမှ မွေးဖွားလာခြင်းကို ရည်ညွှန်းတော် မမူပေ။ "ငါ" "ငါ့ဟာ" ဟူသည် သက္ကာယစွဲ မွေးဖွားခြင်းကိုသာ ရည်ညွှန်းတော်မူပါသည်။

**မရဏ**

"မရဏ" (သေခြင်း) ဟူသော စကားလုံးကို စဉ်းစားဆင်ခြင် ကြည့်ကြဦးစို့။ "မရဏ" ဟူသော စကားလုံးသည် နေ့စဉ်သုံး စကား၌ ခေါင်းသွင်းပြီး မီးသဂြိုဟ်ရသော သို့မဟုတ် မြေမြှုပ် ရသော အခြေအနေကို ရည်ညွှန်းလေသည်။ ဓမ္မစကား၌ကား "မရဏ" ဟူသော စကားလုံးသည် အထက်၌ ပြဆိုခဲ့သည့်အစွဲ "ငါ" "ငါ့ဟာ" ဟူသည့် သက္ကာယစွဲ ကုန်ဆုံးသွားခြင်း၊ သေဆုံးသွားခြင်းကို ရည်ညွှန်းလေသည်။ ယင်းအစွဲ ပြုတ်သွားခြင်းကို ဓမ္မစကား၌ "မရဏ" (သေခြင်း) ဟု အဓိပ္ပာယ် ကောက်လေသည်။

**အရပ်စကားထဲက အသက်ရှင်ခြင်း**

"ဇီဝိတ" (အသက်ရှင်ခြင်း) ဟူသော စကားလုံးအကြောင်းကို ဆွေးနွေး ကြည့်ကြဦးစို့။ နေ့စဉ်သုံး စကား၌၊ မရင့်ကျက်သေးသော ပုဂ္ဂိုလ်တို့၏ စကား၌ "အသက်ရှင်ခြင်း" ဟူသော စကားလုံးသည် မသေသေးသော၊ တည်ရှိနေသေးသော၊ လှုပ်ရှားသွားလာနိုင်သော၊ စားနိုင်သောက်နိုင်သော အရာအတွက် အသုံးပြုသည့် စကားလုံးဖြစ်သည်။ ပိုပြီး တိကျသော ပါဏီဗေဒစကား၌ "အသက်ရှင်ခြင်း" ဟူသော စကားလုံးသည် ပရိုတိုပလာဇမ်၊ ဆဲလ်၊ နယူကလီယတို့ နဂိုအခြေအနေအတိုင်း အလုပ်လုပ်ခြင်းကို ဆိုလိုပေသည်။ ယင်းအရာဝတ္ထုတို့၏ နဂိုအခြေအနေအတိုင်း အလုပ်လုပ်ခြင်း၊ ယိုယွင်းမှုမရှိခြင်းသည် နေ့စဉ်သုံး စကား၌ "အသက်ရှင်ခြင်း" မည်လေသည်။

**ဓမ္မစကားထဲက အသက်ရှင်ခြင်း**

ဓမ္မစကား၌ကား "အသက်ရှင်ခြင်း" ဟူသော စကားလုံး၏ အနက် အဓိပ္ပာယ်သည် သေခြင်း အမှန်ကင်းသည့်၊ အမတ ဖြစ်သည့် အခြေအနေဖြစ်လေသည်။ နိဗ္ဗာန်ဖြစ်လေသည်။ ထာဝရအသက်ရှင်ခြင်း ဖြစ်လေသည်။ ဤကား တကယ် "အသက်ရှင်ခြင်း" ဖြစ်လေသည်။ နေ့စဉ်သုံးစကားကို ပြောကြားမည်ဆိုလျှင်

"အသက်ရှင်ခြင်း" ဟူသော စကားလုံးသည် ရိုးရိုးသိနေကျ နားလည်နေကျ အနက်အဓိပ္ပာယ်သာလျှင် ထွက်လေသည်။ ဓမ္မစကားကို ပြောကြားပါမူကား "အသက်ရှင်ခြင်း" ဟူသော စကားလုံးသည် သေခြင်းကင်းမဲ့သော၊ အမတဖြစ်သော အခြေအနေကိုသာလျှင် ရည်ညွှန်းပေသည်။ "ဇာတိမရှိလျှင် မရဏလည်း မရှိပေ။ ယင်း အခြေအနေသည် ဘဝသံသရာမှ လွတ်မြောက်ခြင်း ဖြစ်သည်" ယင်းအခြေအနေကား ကျွန်ုပ်တို့ နိဗ္ဗာန်ဟုခေါ်သည့် အခြေအနေဖြစ်သည်။ အခြားဘာသာတရားများအနေဖြင့် ထာဝရ အသက်ရှင်နေခြင်းဟု ခေါ်လေ့ရှိသည့် အခြေအနေ ဖြစ်သည်။ ဤကား မည်သည့် အခါမှ ကုန်ဆုံး မသွားသည့် အသက်ရှင်ခြင်း ဖြစ်သည်။ တကယ်စစ်မှန်သော အသက်ရှင်ခြင်း ဖြစ်သည်။ ဓမ္မစကား၌ သိရှိနားလည်သော "အသက်ရှင်ခြင်း" ဖြစ်သည်။

**အရပ်စကားထဲကလူ နှင့် ဓမ္မစကားထဲကလူ**

"လူ" ဟူသည် စကားလုံးကို စဉ်စားကြည့်ကြဦးစို့။ ကျွန်ုပ်တို့သည် ဘာမှ မစဉ်းစား မဆင်ခြင်ဘဲနှင့် "လူ၊ လူ၊ လူ" ဟူသော စကားလုံးကို တစ်ချိန်လုံး အသုံး ပြုနေကြသည်။ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း "လူ" ဖြစ်သည်။ သို့ရာတွင် လူဟူသော စကားလုံး၌ အနက်အဓိပ္ပာယ် နှစ်မျိုးရှိသည် ဆိုသည့်အချက်ကို မေ့မထားသင့်ပေ။ နေ့စဉ်သုံးစကား၌ "လူ" ဟူသော စကားလုံးသည် လူဟူ၍ ခေါ်သည့် ကိုယ်ခန္ဓာရှိသော သတ္တဝါကို ရည်ညွှန်းလေသည်။

သို့ရာတွင် ဓမ္မစကား၌ကား "လူ" ဟူသော စကားလုံးသည် "လူသား" ဟူသော စကားလုံး၌ အသုံးပြုသည့် ထူးခြားသော အရည်အချင်း တစ်ခုကို ရည်ညွှန်းပေသည်။ အဆင့်မြင့်သော "စိတ်ပိုင်းဆိုင်ရာ အရည်အချင်း" ကို ရည်ညွှန်းပေသည်။ ယင်းအချက်ကို နားလည်သဘောပေါက်ဘို့ရန် မခဲယဉ်းပေ။ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးဦးက မိတ်ဆွေတစ်ဦးအား "မင်းဟာ လူမဟုတ် ပါဘူး" ဟုဝေဖန်သည့် အခါ ထိုပုဂ္ဂိုလ် ဘာကို ဆိုလိုသနည်း။ အဝေဖန်ခံရသူသည် ဝေဖန်သူကဲ့သို့ပင် လူခန္ဓာ ရှိနေသည်။ ထိုသို့ဖြစ်ပါလျက် ထိုသူသည် လူမဟုတ်ဘူးဟူ၍ အဘယ်ကြောင့် အဝေဖန် အစွပ်စွဲခံရသနည်း။ "လူသား" ဟူသော စကားလုံး၌ အသုံးပြုသည် ထူးခြားသော အရည်အချင်း ကင်းမဲ့မှုသည် အခြေခံ အကြောင်းရင်း ဖြစ်လေသည်။ ယင်းအရည်အချင်း ကင်းမဲ့သည့် အတွက်ကြောင့် ထိုသူသည် လူမဟုတ်ဘူး ဟူ၍ အဝေဖန်ခံ အပြစ်တင်ခံရခြင်း ဖြစ်လေသည်။

ထို့ကြောင့် "လူ" ဟူသော စကားလုံးသည် အနက်အဓိပ္ပာယ် နှစ်မျိုးထွက်လေသည်။ နေ့စဉ်သုံးစကား၌ "လူ" ဟူသော စကားလုံးသည် လူသားကိုယ်ခန္ဓာနှင့် ရှိသော သတ္တဝါကို ရည်ညွှန်း လေသည်။ ဓမ္မစကား၌ကား "လူသား" ဟူသော စကားလုံးလုံး၌ အသုံးပြုရသည့် အဆင့်မြင့်သော အရည်အချင်းကို ရည်ညွှန်းသည်။

**အရပ်စကားထဲက ဘုရားသခင်**

"ဘုရားသခင်" ဟူသောစကားလုံးကို စဉ်းစားကြည့်ကြဦးစို့။ နေ့စဉ်သုံးစကား၌ "ဘုရားသခင်" ဟူသော စကားလုံးသည် ဖန်ဆင်းနိုင်သည့် စွမ်းအား အမျိုးမျိုး ရှိသည့် နတ်ဖြစ်ဟန်ကို ရည်ညွှန်းလေသည်။ ဤကား နေ့စဉ်သုံးစကား၌ ရှိသော "ဘုရားသခင်" ဖြစ်လေသည်။ ဓမ္မစကား၌ ရှိသော "ဘုရားသခင်" ကား နက်နဲသော၊ လျှို့ဝှက်မြုတ်ကွယ်နေသော စွမ်းအားဖြစ်လေသည်။ ယင်းစွမ်းအားသည် လူမဟုတ်ပေ။ နတ်ဖြစ်ဟန်လည်း မဟုတ်ပေ။အခြားပုဂ္ဂိုလ်သတ္တဝါ တစ်ဦးဦးလည်း မဟုတ်ပေ။ ယင်း စွမ်းအားကား သဘာဝ ဖြစ်လေသည်။ ဆုပ်ကိုင်ထိတွေ့၍ ရသည့် အရာမဟုတ်ပေ။ သာကေအားဖြင့် ကျွန်ုပ်တို့ သဘာဝနိယာမဟု ခေါ်သည့် အရာသည် အားလုံးသော အရာဝတ္ထုတို့ကို ဖန်ဆင်းမှုအတွက်၊ အားလုံးသော အရာဝတ္ထုများ ပေါ်ပေါက်လာမှုအတွက် တာဝန်ရှိသည့်အရာ ဖြစ်လေသည်။ သဘာဝနိယာမသည် အရာဝတ္ထုအားလုံး အပေါ်၌ စိုးမိုးမှုရှိနေသည်။

**ဓမ္မစကားထဲက ဘုရားသခင်**

ထို့ကြောင့် ဓမ္မစကား၌ "ဘုရားသခင်" ဟူသော စကားလုံး၏ ဆိုလိုရင်း အနက်အဓိပ္ပာယ် တစ်ခုမှာ ဗုဒ္ဓဘာသာဝင်များက "ဓမ္မ" ဟုခေါ်သည့် သဘာဝနိယာမ ဖြစ်ပေသည်။ ပါဠိဘာသာ၌ သဘာဝနိယာမကို "ဓမ္မ" ဟုခေါ်သည်။ "ဓမ္မ" ဟူသော စကားတစ်လုံးတည်းနှင့် သဘာဝနိယာမ တရားဟူသမျှကို အသုံးဝင်ပြု၍ ရသည်။ ထို့ကြောင့် ဓမ္မသည် ဗုဒ္ဓဘာသာ၏ ဘုရားသခင် ဖြစ်လေသည်။

***

**အပါယ်လေးဘုံ**

အောက်ဖက်ကို ငုံ့ကြည့်ဦးစို့။

အပါယ် (အပါယ) လေးပါး အကြောင်းကို စဉ်းစားဆင်ခြင်ကြည့်ပါ။ "အပါယ်လေးပါး" သည် အောက်တန်းကျသည့် ကမ္ဘာများဖြစ်လေသည်။ သာမန် အားဖြင့် အပါယ်လေးပါးကို ဤသို့ မှတ်သားထားကြသည်။

၁။ ငရဲ (နိရယ)

၂။ တိရိစ္ဆာန်ဘုံ

၃။ ငတ်မွတ်နေသော နာနာဘာဝ သို့မဟုတ် ပြိတ္တာဘုံ (ပေတ)

၄။ ထိတ်လန့်ကြောက်ရွံ့နေသော နာနာဘာဝ သို့မဟုတ် အသူရကာယ်ဘုံ (အသူရ သို့မဟုတ် အသူရကာယ)

ယင်းလေးမျိုးကို ပေါင်းပြီး အပါယ်ဘုံဟု ခေါ်သည်။ ယင်းအပါယ်ဘုံကို ဘုရားတန်ဆောင်းများ၏ နံရံများ၌ ပန်းချီဆေးရေးပုံများဖြင့် သရုပ်ဖော် ထားကြသည်။ ငရဲ၊ တိရိစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ပုံများကို မိမိတို့ အစဉ်အလာ တွေးခေါ်ကြံဆလာခဲ့ကြသည့်အတိုင်း သရုပ်ဖော် ထားကြသည်။ ယင်းအပါယ် လေးဘုံကား သေဆုံးပြီးသည့်နောက်မှသာ ရောက်ရသည့် ဘုံများဟု မှတ်သားလာခဲ့ကြသည်။ တခြားစကားဖြင့် ပြောရလျှင် အပါယ်လေးဘုံကို နေ့စဉ်သုံးစကား၌ ရုပ်ဝတ္ထုအနေဖြင့် အနက်အဓိပ္ပာယ် ကောက်ယူကြလေသည်။ အပါယ်လေးဘုံသားတို့ကို ဤနည်းအတိုင်း အမှန်တကယ် နိမ့်ကျယုတ်ညံ့သော သတ္တဝါများအဖြစ် ယူဆခဲ့ကြသည်။

**အရပ်စကားထဲက ငရဲနှင့် ဓမ္မစကားထဲက ငရဲ**

နေ့စဉ်သုံးစကား၌ ငရဲသည် ကမ္ဘာ့ပထဝီမြေကြီး၏ အောက်ဘက်၌ ရှိသော ဘုံဖြစ်သည်။ ငရဲဘုံတွင် ယမမင်းက အုပ်ချုပ်သည်။ ယမမင်းသည် လူတို့ကို အတင်းခေါ်သွားပြီး နည်းအမျိုးမျိုးဖြင့် အပြစ်ဒဏ်ပေးလေသည်။ ငရဲကား ကွယ်လွန်ပြီးနောက် သွားရောက်ရသည့် နေရာဖြစ်သည်။ ဓမ္မစကား၏ ငရဲကာ အဓိပ္ပာယ် တမျိုးထွက်သည်။ ဓမ္မစကား၌ ငရဲဟူသည် ပူပန်မှု (သောက) ဖြစ်သည်။ သောက ပူပန်မှုသည် ကျွန်ုပ်တို့ကို မီးကဲ့သို့ လောင်မြိုက်လေသည်။ ပူပန်မှုက ကျွန်ုပ်တို့ကို ဒုက္ခပေးသည့် အခါ၌ မီးကဲ့သို့ လောင်မြိုက်သည့်အခါ၌ ကျွန်ုပ်တို့သည် ငရဲသို့ ရောက်ရလေသည်။ ဓမ္မစကာ၏ ငရဲသို့ရောက်ရလေသည်။ မီးဖြင့် လောင်မြိုက်ခြင်း ခံရသောသူသည် ထိုခဏ၌ပင် ငရဲသို့ ကျရောက်သည်ဟု ဆိုလေသည်။ ပူပန်မှုသည် အမျိုးမျိုး အစားစား ရှိသကဲ့သို့ အလားတူပင် ငရဲလည်း အမျိုးမျိုး အစားစား ရှိလေသည်။

**အရပ်စကားထဲက တိရိစ္ဆာန် နှင့် ဓမ္မစကားထဲက တိရိစ္ဆာန်**

တိရိစ္ဆာန် (တိရိစ္ဆာန) ဘုံအကြောင်းကို ပြောကြဦးစို့။ တိရိစ္ဆာန်အဖြစ် မွေးဖွားခြင်းသည်။ နေ့စဉ်သုံး စကား၌ ခွေး၊ ဝက် စသော တကယ့် တိရိစ္ဆာန်ကောင်အဖြစ် မွေးဖွားခြင်း ဖြစ်လေသည်။ ကွယ်လွန်ပြီးနောက် ယုတ်နိမ့်သော တိရိစ္ဆာန်အဖြစ် ပြန်လည်မွေးဖွားခြင်းသည် နေ့စဉ်သုံး စကားအဓိပ္ပာယ်အရ တိရိစ္ဆာန်ဘုံတွင်း၌ ပြည်လည်မွေးဖွားခြင်းဖြစ်လေသည်။ ဓမ္မစကား၌မူ တိရိစ္ဆာန်အဖြစ် မွေးဖွားခြင်း၏ အနက်အဓိပ္ပာယ်သည် ထိုကဲ့သို့ မဟုတ်ပေ။ အခြားအနက် အဓိပ္ပာယ်တစ်မျိုးဖြစ်သည်။ မည်သည့်အချိန်အခါ၌ မဆို ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်သည် စကားမပြောတတ်သည့် တိရိစ္ဆာန်ကဲ့သို့ မိုက်မိုက်မဲမဲ ကျင့်ကြံလျှင်၊ တိရိစ္ဆာန်စိတ် ပေါက်လာလျှင်၊ ထိုခဏ၌ပင် ထိုသူသည် တိရိစ္ဆာန်ဘုံအတွင်း၌ မွေးဖွားရလေသည်။ ယခုမျက်မှောက် ဘဝ၌ပင်လျှင် တိရိစ္ဆာန် ဖြစ်ရလေသည်။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်သည် တစ်နေ့တည်း၌ပင် အကြိမ်များစွာ တိရိစ္ဆာန်အဖြစ် မွေးဖွားရလေသည်။ ထိုကြောင့် ဓမ္မစကား၌ တိရိစ္ဆာန်အဖြစ် မွေးဖွားခြင်းသည် မိုက်မဲခြင်းဟူ၍ အနက်အဓိပ္ပာယ်ထွက်လေသည်။

**အရပ်စကားထဲက ပြိတ္တာ နှင့် ဓမ္မစကားထဲက ပြိတ္တာ**

နေ့စဉ်သုံးစကား၌ "ဆာလောင် မွတ်သိပ်နေသော နာနာဘာဝ သို့မဟုတ် ပြိတ္တာ" (ပေတ) ဟူသော စကားလုံးသည် ပါးစပ်ပေါက် ကျဉ်းကျဉ်းကလေးနှင့် ဝမ်းဗိုက် အကြီးကြီးရှိသော သတ္တဝါကို ရည်ညွှန်းလေသည်။ နေ့စဉ်သုံးစကားထဲက ပြိတ္တာသည် မည်သည့်အခါမှ ဝအောင်မစားနိုင်ဘဲ ဆာလောင်မွတ်သိပ်ခြင်း ဝေဒနာကို ခံစားနေရသည်။ ပြိတ္တာဘုံသည် ကွယ်လွန်ပြီးနောက် ရောက်ရသည့်နေရာတစ်ခု ဖြစ်သည်။ ဤကား နေ့စဉ်သုံးစကား၌ရှိသော ဆာလောင်မွတ်သိပ်နေသော နာနာဘာဝ သို့မဟုတ် ပြိတ္တာဖြစ်လေသည်။ ဓမ္မစကားထဲက ပြိတ္တာမှာမူ စိတ်အခြေအနေ သက်သက်သာလျှင် ဖြစ်လေသည်။ မျှော်မှန်းချက်ကြီးကြီး

ထားခြင်းသည် လောဘအပေါ်၌ အခြေခံသည်။ ပျာလောင်ခတ်ခြင်းသည် လောဘအပေါ်၌ အခြေခံသည်။ ယင်းအရာများဖြင့် ဒုက္ခရောက်နေခြင်းသည် ဆာလောင်မွတ်သိပ်နေသော နာနာဘာဝ သို့မဟုတ် ပြိတ္တာအဖြစ်မွေးဖွားရခြင်း ဖြစ်လေသည်။ ယင်းအသွင် လက္ခဏာများကား အပ်ပေါက်လောက်ပါးစပ်နှင့် တောင်ကြီးလောက် ဝမ်းဗိုက် ရှိခြင်းမှ ဖြစ်ပေါ်လာသည့် အကျိုးကဲ့သို့ပင် ဖြစ်လေသည်။ လိုချင်တောင်းတမှု ကြီးမားခြင်းနှင့် ပူပန်ကြောင့်ကြမှု ကြီးမားခြင်းဒဏ်ကို ခံနေရသူ၌ ပြိတ္တာ၏ အသွင်လက္ခဏာ ရှိနေသည်။ ထိုသူသည် ယခုမျက်မှောက်ဘဝ၌ ပြိတ္တာအဖြစ် မွေးဖွားရသူဖြစ်၏ဟု ဆိုနိုင်လေသည်။ ကွယ်လွန်ပြီး နောက်ပိုင်းမှသာ ရောက်ရသည့် အခြေအနေမျိုးမဟုတ်ပေ။

**အရပ်စကားထဲက အသူရကာယ် နှင့် ဓမ္မစကားထဲက အသူရကာယ်**

"ကြောက်ရွံ့ ထိတ်လန့်နေသော နာနာဘာဝ သို့မဟုတ် အသူရကာယ်"၏ အကြောင်းကို စဉ်းစားဆင်ခြင်ကြည့်ကြဦးစို့။ နေ့စဉ်သုံးစကား၌ အသူရကာယ်သည် ကိုယ်ထင်မပြင်ရသည့် သတ္တဝါ တစ်မျိုးဖြစ်သည်။ သူတို့၏ ကိုယ်ကို လူတွေမြင်သွားမှာ အင်မတန် စိုးရိမ် ထိတ်လန့်သည်။ ဓမ္မစကား၌ ရှိသော အသူရကာယ်သည်ကား လူ၏နှလုံးထဲ၌ရှိသော ကြောက်ရွံ့ထိတ်လန့်ခြင်းကို ရည်ညွှန်းလေသည်။ အသူရကာယ်အဖြစ် မွေးဖွားဘို့ရန်အတွက် ပထမသေဆုံးသွားဘို့ရန် မလိုပေ။ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက် သည် ကြောက်ရွံ့ထိတ်လန့်သည့်စိတ် ဝင်ရောက် လာသည်နှင့် တပြိုင်နက် အသူရကာယ်အဖြစ် ပြန်လည် မွေးဖွားရလေသည်။ ကောင်းမွန်သော အကြောင်းမရှိဘဲနှင့် ထိတ်လန့်ကြောက်ရွံ့ခြင်းသည်၊ အကြောက် လွန်ခြင်းသည်၊ အန္တရာယ်မပေးသည့် သတ္တဝါ တစ်ဦးဦးကို အစွဲအလမ်းအရ ကြောက်ရွံ့ထိတ်လန့်ခြင်းသည် အသူရကာယ်အဖြစ် ပြန်လည်မွေးဖွားရခြင်း ဖြစ်လေသည်။ အချို့ပုဂ္ဂိုလ်များသည် ကောင်းမှုကိုလုပ်ရာမှာ ကြောက်ကြသည်။ အချို့ပုဂ္ဂိုလ်များသည် နိဗ္ဗာန်ရောက်လျှင် ဘဝ၏ အရသာများကို ခံစားရတော့မည် မဟုတ်၊ မခံမရပ်နိုင်ဖွယ် ပျင်းရိငြီးငွေ့နေရလိမ့်မည်ဟု ကြောက်ရွံ့နေကြသည်။ ထိုပုဂ္ဂိုလ်များသည် ဤနည်းအားဖြင့် နိဗ္ဗာန်ကို ကြောက်ရွံ့နေကြသည်။ ယင်းကဲ့သို့သော အကြောင်းမခိုင်လုံသည့်၊ မမှန်ကန်သည့် အကြောက် အလန့်မျိုးဖြင့် ဖိစီးနှိပ်စက်ခြင်း ခံနေရခြင်းသည် ဤမျက်မှောက်ဘဝ၌ပင် အသူရကာယ်အဖြစ် ပြန်လည် မွေးဖွားရခြင်း ဖြစ်လေသည်။

**ဓမ္မစကားထဲက အပါယ်ဘုံ**

ဤကား ဓမ္မစကား၌ နားလည်ထားအပ်သော "အပါယ်လေးဘုံ" ဖြစ်လေသည်။ ဓမ္မစကားထဲက အပါယ်လေးဘုံသည် နေ့စဉ်သုံးစကားထဲက အပါယ်လေးဘုံနှင့် အနက်အဓိပ္ပာယ် မတူပေ။ ယင်းနှစ်မျိုး၏ ဆက်စပ်မှုကိုလည်း စဉ်းစား၍ ရသည်။ အကယ်၍ ကျွန်ုပ်တို့သည် ဓမ္မစကားထဲက အပါယ်လေးဘုံတွင်းသို့ မကျရောက်ဘူးဆိုလျှင် နေ့စဉ်သုံးစကားထဲက အပါယ်လေးဘုံတွင်းသို့ ကျရောက်တော့မည် မဟုတ်သည် မှာလည်း ကျိန်းသေပေတော့သည်။ ဥပမာအားဖြင့် အကယ်၍ ကျွန်ုပ်တို့သည် အမှားကို မကျူးလွန်ဘဲ နောင်တပူပန်မှုဒဏ် မခံရအောင် နေထိုင်ပါလျှင် ယင်းသို့ နေထိုင်ခြင်းသည် ဤမျက်မှောက်ဘဝ၌ ငရဲမကျအောင် နေထိုင်ခြင်းပင် ဖြစ်လေသည်။ တပြိုင်နက်တည်းမှာပင် ကွယ်လွန်ပြီးသည်နောက်၌လည်း ငရဲကျမှာ စိုးရိမ်စရာမလိုတော့ပေ။ တဖန် အကယ်၍ ကျွန်ုပ်တို့သည် တိရစ္ဆာန်ကဲ့သို့ မမိုက်မဲလျှင်၊ ပြိတ္တာကဲ့သို့ အာသာငမ်းငမ်းဖြစ်မနေလျှင်၊ အသူရကာယ်ကဲ့သို့ အထိတ်တလန့်ဖြစ်မနေလျှင် ကွယ်လွန်ပြီးသည့်နောက်၌ တိရစ္ဆာန်အဖြစ်ဖြင့်၎င်း၊ ပြိတ္တာအဖြစ်ဖြင့်၎င်း၊ အသူရကာယ် အဖြစ်ဖြင့်၎င်း၊ ပြန်လည် မွေးဖွားနိုင်သည့် အကြောင်းတရာများ ကျွန်ုပ်တို့ထံတွင် မရှိတော့ပေ။

ထိုကြောင့် ဤမျက်မှောက်ဘဝ၌ ကျရောက်မှာ စိုးရိမ်ရသည့် ငရဲဘဝ၊ တိရစ္ဆာန်ဘဝ၊ ပြိတ္တာဘဝ၊ အသူရကာယ်ဘဝတို့ကိုသာလျှင် သတိထားသင့်လေသည်။ ကွယ်လွန်ပြီးသည့်နောက်မှ ရောက်ကောင်း ရောက်ရမည့် အပါယ်လေးဘုံကိုမူ အာရုံမပြုဘဲ နေလိုက နေနိုင်ပေသည်။ ကွယ်လွန်ပြီးနောက် ရောက်ရမည့် အပါယ်လေးဘုံနှင့် ပတ်သက်၍ ရေးကြီးခွင်ကျယ်လုပ်နေစရာ မလိုတော့ပေ။ အကယ်၍ ကျွန်ုပ်တို့သည် ဤမျက်မှောက်ဘဝ၌ ဓမ္မကားထဲက အပါယ်လေးဘုံကို ရှောင်ရှားမည်ဆိုပါလျှင် ကွယ်လွန်ပြီးသည့်နောက် နေ့စဉ်သုံးစကားထဲက အပါယ်လေးဘုံသို့ရောက်မှာ မပူရတော့ပေ။ အကယ်၍ ကျွန်ုပ်တို့သည် ကောင်းမွန်စွာ နေထိုင်ပြီး ကောင်းမွန်စွာ ကျင့်ကြံကြမည်ဆိုလျှင် ဤမျက်မှောက်ဘဝ၌ အပါယ်လေးဘုံသို့ ကျရောက် ရတော့မည် မဟုတ်ပေ။ ကွယ်လွန်ပြီးနောက် ရောက်ရမည်ဟု ယူဆထားကြသည့် အပါယ်လေးဘုံသို့လည်း ကျရောက်ရတော့မည် မဟုတ်ပေ။

များစွာသောလူတို့သည် နတ်ဘုံနှင့် ငရဲဘုံအား စိတ်ထဲက အခြေအနေသာလျှင် ဖြစ်၏ဟု အသိအမှတ် ပြုကြသည်။ ထိုသို့ဖြစ်ပါမူ လူ့ဘဝ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် အပါယ်လေးဘုံ၏

အနက်အဓိပ္ပာယ်ကို အဘယ်ကြောင့် အဓိပ္ပာယ်အကောက်လွဲနေကြပါသနည်း။ နေ့စဉ်သုံးစကားထဲက နတ်ဘုံနှင့် ငရဲဘုံမှာ လူ့ဘုံ အပြင်အပက နေရာများ ဖြစ်သည်ဆိုသည်မှာ မှန်ပါသည်။ သို့ရာတွင် ဘယ်နေရာမှာ ရှိကြသနည်းဟူ၍မူ ကျွန်ုပ်ကို မမေးပါနှင့်။ ကွယ်လွန်ပြီးနောက်မှ ရောက်ရသည့် နေရာများ ဖြစ်ပေသည်။ သို့ရာတွင် ဓမ္မစကားထဲက နတ်ဘုံနှင့် ငရဲဘုံမှာမူ စိတ်ထဲမှာ တွေ့ရသည့် နေရာများ ဖြစ်ပေသည်။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ စိတ်သဘောထားပေါ်မှာတည်ပြီး မည်သည့် အချိန်ကာလ၌ မဆို ရောက်ရသည့် နေရာများ ဖြစ်ပေသည်။ ဤကား နေ့စဉ်သုံးစကားထဲက အပါယ်လေးဘုံနှင့် ဓမ္မစကားထဲက အပါယ်လေးဘုံတို့အနက် အဓိပ္ပာယ်ကွဲပြားခြားနားပုံတည်း။

**အရပ်စကားထဲက နတ်ဘုံနှင့် ဓမ္မစကားထဲက နတ်ဘုံ**

နေ့စဉ်သုံး စကား၌ ရှိသော "နတ်ဘုံ" ဟူသော စကားလုံးသည် အံ့သြဖွယ် ဖြစ်သော၊ အလွန်တရာ နှစ်သက်လိုလားအပ်သော အထက်ကောင်းကင်မှ ဘုံဗိမာန်ကို ဆိုလိုပေသည်။ ဤရွေ့ ဤမျှသော အရေအတွက်ကို အသုံးပြုပြီး ကုသိုလ် ကောင်းမှုကို ပြုလုပ်ပါ။ နတ်ပြည်မှာ ရှိသည့် ဘုံဗိမာန် တစ်ခုခုသို့ သင်ရောက်နိုင်ဖို့ အခွင့်အလမ်း ရှိသွားပေလိမ့်မည်။ ဓမ္မစကား၌ ရှိသော "နတ်ဘုံ" ဟူသော စကားလုံးမှာမူ ပထမအဆင့်တွင် အထက်တန်းကျပေ့ဆိုသည့် ကာမဂုဏ်အာရုံများကို အရှုံးအမူးခံစားခြင်းဖြစ်လေသည်။ ထိုထက်အဆင့်မြင့်သော ဘုံမှာ ဗြဟ္မာဘုံ (ဗြဟ္မာလောက) ဖြစ်လေသည်။ ဗြဟ္မာဘုံကား ကာမဂုဏ် အာရုံကင်းခြင်း ဖြစ်လေသည်။ ဒုက္ခပေးသည့် ကာမဂုဏ် အာရုံကင်းခြင်းကြောင့် ပေါ်ပေါက်လာသည့် စိတ်၏ အခြေအနေ ဖြစ်လေသည်။ ကာမဂုဏ်အာရုံတို့ကို အီသွားအောင်၊ ငြီးငွေ့အောင် ခံစားလိုက်သည်။ ထိုအခါ ထိုပုဂ္ဂိုလ်သည် ကာမဂုဏ်အာရုံတို့ကို မတို့ချင်အောင် ဖြစ်သွားသည်။ ယင်း အခြေအနေမှာ ကာမဂုဏ် အာရုံတို့မှ ကင်းလွတ်သွားသည့် အခြေအနေဖြစ်သည်။ ဗြဟ္မာဘုံ၊ ဗြဟ္မာလောက၏ အခြေအနေဖြစ်လေသည်။ ထိုကြောင့် သာမန်ရိုးရိုး "နတ်ဘုံ" မှာ ကာမဂုဏ်အာရုံများ အပြည့်အဝရှိသည့် အခြေအနေဖြစ်သည်။ နတ်ဘုံထဲက "ပရနိမ္မိတဝသဝတ္တီဘုံ" မှာ ကာမဂုဏ် အာရုံများ အထွတ်အထိတ်ရောက်အောင်ပြည့်စုံနေသည့် အခြေအနေဖြစ်သည်။ ဗြဟ္မာဘုံမှာကား ကာမဂုဏ်အာရုံ ကင်းသွားသည့် အခြေအနေဖြစ်လေသည်။ သို့ရာတွင် ယင်းအခြေအနေ၌ "ငါ - ငါ" ဟူသော သက္ကာယစွဲကား ကျန်ရှိနေတုန်းပင်ဖြစ်သည်။

**အမြိုက်သုဓာ**

"အမြိုက်သုဓာ" ဟူသော စကားလုံးအကြောင်းကို ဆွေးနွေး ကြည့်ကြဦးစို့။ အမြိုက်သုဓာသည် မသေဆေး ဖြစ်လေသည်။ နေ့စဉ်သုံး စကား၌ နတ်ဒေဝတာများ သုံးဆောင်သည့် အမြိုက်ဆေးဖြစ်လေသည်။ ဤကား နေ့စဉ်သုံးစကားထဲက "အမြိုက်သုဓာ" ဖြစ်လေသည်။ ဓမ္မစကားထဲက "အမြိုက်သုဓာ" မှာမူ အဆင့်အမြင့်ဆုံး ဓမ္မဖြစ်လေသည်။ ကိုယ်မဟုတ်ခြင်း (အနတ္တ) အမှန်တရားဖြစ်လေသည်။ ဘာမှ မရှိခြင်း (သုညတ) အမှန်တရားဖြစ်လေသည်။ အမြင့်ဆုံးဓမ္မသည်၊ ကိုယ်မဟုတ်ခြင်း (အနတ္တ) အမှန်တရားသည်၊ ဘာမှမရှိခြင်း (သုညတ) အမှန်တရားသည် လူအားမသေအောင်ပြုလုပ်လေသည်။ အကြောင်းမူကား ယင်းတရားသည် လူအား "ငါ" ဟူသော သက္ကာယစွဲပြုတ်အောင် ပြုလုပ်သောကြောင့် ဖြစ်လေသည်။ "ငါ" စွဲ မရှိလျှင် သေခြင်းဘယ်မှာ ရှိနိုင်တော့မည်နည်း။ ထို့ကြောင့် ဓမ္မစကား၌ အမြိုက်ဆေးမှာ အနတ္တ အမှန်တရားသာလျှင် ဖြစ်လေသည်။ သုညတ အမှန်တရားသာဖြစ်လေသည်။ မည်သူမဆို သောက်လျှင် သောက်သောသူသည် အသက်မသေဟု ရှေးရိုးစဉ်လာ ယုံကြည်ယူဆလာခဲ့သည့် အမြိုက်ဆေးမှာမူ နေ့စဉ်သုံးစကားထဲက အမြိုက်ဆေးဖြစ်သည်။ အသိပညာမရှိသူတို့၏ စကားထဲက အမြိုက်ဆေးဖြစ်သည်။ သစ္စာတရားကို မသိမမြင်သူတို့၏ စကားထဲက အမြိုက်ဆေး ဖြစ်လေသည်။

**သုညတ တရား**

"ဘာမျှမရှိခြင်း" သို့မဟုတ် "သုညတ" ဟူသော စကားလုံးကို အထက်နားတွင် ကျွန်ုပ်တို့ အသုံးပြုခဲ့သည်။ ယခု "သုညတ" ဟူသော စကားလုံးကို အနီးကပ် လေ့လာကြည့်ကြစို့။ သုညတ ဟူသော ပါဠိစကားလုံးသည် ဘာမျှမရှိခြင်း၊ သို့မဟုတ် သုညဟု အဓိပ္ပာယ်ရသည်။ သစ္စာတရားကို မသိမြင်သည့် လူတို့၏ နေ့စဉ်သုံးစကာလုံး၌ သုညတသည် သာမန်ရိုးရိုး "ဘာတစ်ခုမျှမရှိခြင်း" ဟူသော အနက် အဓိပ္ပာယ်သာရလေသည်။ ဤကား နေ့စဉ်သုံးစကားထဲက "သုညတ" ဖြစ်လေသည်။ ဓမ္မစကား၌ ရှိသော "သုညတ" ၏ အနက် အဓိပ္ပာယ်ကား တစ်မျိုး ဖြစ်လေသည်။ ဤ၌ "ငါ" "ငါ့ဟာ" ဟူသော တစ်ခုတည်းသော သက္ကာယစွဲကို ချွင်းချက်ထားပြီး မည်သည့် အရာဝတ္ထုမဆို ရှိနေနိုင်သည်။ "ငါ" "ငါ့ဟာ" ဟူသော သက္ကာယ စွဲကားမရှိပေ။ ယင်းချွင်းချက်တစ်ခုမှလွဲ၍ ရုပ်ပိုင်းဆိုင်ရာ ဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာဖြစ်စေ၊ မည်သည့်

အမျိုးအစား၊ မည်သည့်အရာ ဝတ္ထုမဆို ရှိနေနိုင်သည်။ "ငါ" "ငါ့ဟာ" ဟူ၍ကား မရှိပေ။ ဤကား ဓမ္မစကား၌၊ ဗုဒ္ဓ၏ စကား၌ အနက်အဓိပ္ပာယ် ဖေါ်ပြသည့် "သုညတ" ဖြစ်လေသည်။

ကမ္ဘာလောကသည် သုည ဖြစ်လေသည်။ မည်သည့် အရာ သုည ဖြစ်နေသနည်း။ မည်သည့်အရာ ဆိတ်သုဉ်းနေသနည်း။ "ငါ" "ငါ့ဟာ" သုည ဖြစ်နေသနည်း။ "ငါ" "ငါ့ဟာ" ဆိတ်သုဉ်းနေသနည်း။ ယင်းချွင်းချက်မှ တစ်ပါး တခြား မည်သည့် အရာဝတ္ထုမဆို ရှိနေနိုင်သည်။ "ငါ" "ငါ့ဟာ" ဟူ၍ အသိအမှတ်မပြုမခြင်း မည်သည့် အရာဝတ္ထုမဆို ရှိနေနိုင်သည်။ ဤကား ဓမ္မစကားထဲက "သုညတ" ဖြစ်လေသည်။ "သုညတ" အကြောင်းကို ဟောကြားတော်မူသောအခါ၌ ဗုဒ္ဓသည် ဓမ္မစကားထဲက "သုညတ" ကိုသာ ဟောကြာတော်မူခြင်း ဖြစ်လေသည်။ အသိအလိမ္မာမရှိသည့် လူအနွများက ယင်းဟောပြောချက်ကို နေ့စဉ်သုံး စကား၏ ဆိုလိုချက် အတိုင်း ကမ္ဘာလောက၌ မည်သည့်အရာမှ မရှိ၊ လွင်တီးခေါင်အတိုင်းဖြစ်၏ဟု အနက်အဓိပ္ပာယ်ကောက်ယူကြလေသည်။ အကယ်၍ "သုညတ" ဟူသော စကားလုံးကို နေ့စဉ်သုံးစကား၏ အနက်အဓိပ္ပာယ်အတိုင်း တလွဲတချော် အနက် အဓိပ္ပာယ် ကောက်မည်ဆိုလျှင် ဗုဒ္ဓ၏ "သုညတ" တရားသည် အဓိပ္ပာယ်မရှိဖြစ်သွားပေလိမ့်မည်။ အသိပညာကင်းမဲ့သူတို့သည် ဗုဒ္ဓဟောကြားတော်မူသည့် "သုညတ" တရားကို ဗုဒ္ဓဆိုလိုရင်ဖြစ်သည့် အတိုင်း အနက် အဓိပ္ပာယ်ကို မကောက်ယူဘဲ တလွဲအဓိပ္ပာယ်ကောက်ယူ ကြလေသည်။

ထို့ကြောင့် ယင်းအချက်နှင့် ပတ်သက်၍ သင်တို့ စိတ်ဝင်စားမှုရှိကြပြီး စိတ်ထဲတွင် မြဲမြဲ မှတ်သားထားကြလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ ရုပ်ဝတ္ထု တရားနှင့် ပတ်သက်၍ အသုံးပြုသော "ဘာမျှမရှိခြင်း" သို့မဟုတ် "သုညတ" ဟူသော စကားလုံးသည် ဘာပစ္စည်းတစ်ခုမှ မရှိခြင်းဟု ရိုးရိုးထုံးစံအတိုင်း အနက်အဓိပ္ပာယ်ထွက်လေသည်။ သို့ရာတွင် ရုပ်လွန်တရားနှင့် ပတ်သက်လာလျှင်မူ "ဘာမျှမရှိခြင်း" သို့မဟုတ် "သုညတ" ဟူသော စကားလုံးသည် မည်သည့်အရာဝတ္ထုမဆို ထင်ရှားရှိ နိုင်သော်လည်း "ငါ" "ငါ့ဟာ" ဟူသည်ကား လုံးဝ မရှိသော အနက်အဓိပ္ပာယ်ကို ဆိုလိုပေသည်။ ရုပ်လောက၌ သော်၎င်း၊ စိတ်လောက၌သော်၎င်း၊ မည်သည့်နေရာ ဌာန၌မဆို "ငါ" "ငါ့ဟာ" ကဲ့သို့သော မည်သည့်အရာဝတ္ထုမှ မရှိပေ။ ထို့ကြောင့် ကမ္ဘာလောကသည် သုညဖြစ်၏ဟု ပြောဆိုခြင်း ဖြစ်လေသည်။ ယင်းသို့ဆိုခြင်းအားဖြင့် ကမ္ဘာလောက၌ မည်သည့်အရာဝတ္ထုမှ မရှိဟု ဆိုလိုခြင်း မဟုတ်ပေ။ ကမ္ဘာလောက၌ မည်သည့် အရာဝတ္ထုမဆို ရှိသည်။ ယင်းအရာဝတ္ထုများကို အဆင်ခြင် အစဉ်းစားဉာဏ်ဖြင့် အသုံးချနိုင်ပါသည်။ အသုံးချပါ။ ယင်းအရာဝတ္ထုများကို အသုံးချပါ။ တစ်ခုဘဲ သတိပြုရမည်။ "ငါ" "ငါ့ဟာ" ဟူသော သက္ကာယစွဲကို မွေးမထားပါနှင့်။

ထို့ကြောင့် ဓမ္မစကား၌ "သုညတ" သည် မည်သည့် အရာမှမရှိ ဟူသော အနက်အဓိပ္ပာယ် မဟုတ်ပေ။ "သုညတ" ၏ အနက်အဓိပ္ပာယ်ကို "မည်သည့်အရာမှ မရှိ" ဟု ယူဆသည့် ပုဂ္ဂိုလ်သည် ဓမ္မကို နားမလည်သူဖြစ်လေသည်။ ဓမ္မစကားကို နားမလည်သူ ဖြစ်လေသည်။ ထိုပုဂ္ဂိုလ်သည် နေ့စဉ်သုံး စကားကိုသာ ပြောဆိုနေသူဖြစ်သည်။ အကယ်၍ ဓမ္မစကားကို နေ့စဉ်သုံးအနက် အဓိပ္ပာယ် အရ အနက်အဓိပ္ပာယ် ကောက်ယူနေမည် ဆိုလျှင် ကျွန်ုပ်တို့သည် ဓမ္မ၏ အနက်အဓိပ္ပာယ်ကို ဘယ်မှာ သဘောပေါက်နိုင်တော့မည်နည်း။ ယင်းစကားလုံး၏ အနက်အဓိပ္ပာယ်ကို သိရှိနားလည်အောင် အထူးကြိုးစား အားထုတ်ပါ။ ယင်းစကားလုံးသည် တစ်ခုနှင့်တစ်ခု လုံးဝ ကွဲပြားခြားနားသော အနက်အဓိပ္ပာယ် နှစ်မျိုးရှိလေသည်။

## အလင်းရောင်

ယခုကဲ့သို့ လေးနက်သော ပြဿနာများကိုသာလျှင် ဆွေးနွေးနေကြမည် ဆိုလျှင် သင်တို့ ပျင်းရိငြီးငွေ့ သွားကြပေလိမ့်မည်။ ထို့ကြောင့် လွယ်ကူသည့် စကားလုံးတစ်လုံး၏ အကြောင်းကို စဉ်းစားဆင်ခြင်ကြည့် ကြဦးစို့။ မည်သည့် စကားလုံးဖြစ်သနည်း ဆိုလျှင် "အလင်းရောင်" ဟူသည့် စကားလုံး ဖြစ်သည်။ သာမန် ရိုးရိုး အနေအားဖြင့် အလင်းရောင်အကြောင်း ပြောမည်ဆိုလျှင် ကျွန်ုပ်တို့သည် မီးအိမ်၏ အလင်းရောင်၊ နေ၏ အလင်းရောင်၊ လျှပ်စစ်မီး၏ အလင်းရောင်၊ သို့မဟုတ် အခြားအလင်းရောင် တစ်ခုခုကို ရည်ညွှန်းလေသည်။ ဤကား နေ့စဉ်သုံးစကားဖြစ်လေသည်။ ဗုဒ္ဓ၏ ဓမ္မစကား၌ကား "အလင်းရောင်" ဟူသောစကားလုံးသည် အမြင်အသိ၊ အဆင့်မြင့်သောအသိ (ပညာ) ကို ရည်ညွှန်းလေသည်။ ဗုဒ္ဓသည် အမှောင်လွှမ်းလျက်ရှိသော လိုဏ်ဂူထဲ၌ သီတင်းသုံးနေတော်မူသည် ဖြစ်စေကာမူ စိတ်နှလုံးတော်အတွင်း၌ ပညာအလင်းရောင် ရှိနေသည် ဖြစ်၍ အလင်းရောင်ရှိနေသည်ဟုပင် ဆိုရပေလိမ့်မည်။ ကြယ်တာရာကင်းမဲ့သော လမိုက်ညဉ့်အခါ မီးရောင်အားလုံး ငြိမ်းထားစေကာမူ ယောဂီ၏ စိတ်နှလုံးထဲ၌ ပညာအလင်းရောင်ရှိနေပါလျှင် အလင်းရောင် ရှိနေသည်ဟုပင် ဆိုနိုင်လေသည်။ ဤကား ဓမ္မစကား၌ ရှိသောအလင်းရောင် ဖြစ်လေသည်။

## အမှောင်

"အမှောင်" ဟူသော စကားလုံးကို ကြည့်ကြဦးစို့။ ရိုးရိုးနေ့စဉ်သုံးစကား၌ "အမှောင်" သည် မျက်စိကို မြင်အောင် ပြုနိုင်သော အလင်းရောင်၏ ဆိတ်သုဉ်းခြင်းဟု အဓိပ္ပာယ်ရသည်။ ဓမ္မစကား၌ကား "အမှောင်" သည် အသိပညာဆိတ်သုဉ်းခြင်း၊ အမှန်တရားကို နားမလည်ခြင်း၊ အတွင်း အဖျတ္တ ကန်းခြင်း (အဝိဇ္ဇာ) ဟု အနက် အဓိပ္ပာယ်ရသည်။ ယင်းကား အမှောင် ဖြစ်လေသည်။ အသိပညာကင်းမဲ့သည့် ပုဂ္ဂိုလ်တစ်ဦးသည် နေရောင်ထဲတွင် သွားထိုင် နေစေကာမူ အမှောင်ထဲတွင် ရောက်နေသူဖြစ်လေသည်။ အရာဝတ္ထုများ၏ မှန်ကန်သော သဘာဝကို နားမလည်ခြင်း အမိုက်မှောင်ထဲတွင် ရောက်နေသူဖြစ်လေသည်။ ဤကား ဓမ္မစကား၌ရှိသော "အမှောင်" နှင့် နေ့စဉ်သုံးစကား၌ရှိသော "အမှောင်" တို့၏ အနက်အဓိပ္ပာယ်တစ်ခုနှင့် တစ်ခု ကွဲပြားခြားနားပုံတည်း။

## အရပ်စကားထဲက ကံနှင့် ဓမ္မစကားထဲက ကံ

"ကမ္မ" (ကံ) ဟူသော စကားလုံး၏ အနက်အဓိပ္ပာယ်ကို စဉ်းစားဆင်ခြင်ကြည့်ကြဦးစို့။ ရိုးရိုးအရပ်သားများက "ကံပေါ့ကွာ" ဟု ဆိုရာ၌ ဆိုးဝါးသော အခြေအနေကို ရည်ညွှန်း၍ ပြောခြင်း ဖြစ်လေသည်။ ကျူးလွန်ခဲ့သော မကောင်းမှုအတွက် အပြစ်ဒဏ်အနေဖြင့် ရရှိသော ဆိုးဝါးသော အခြေအနေကို ရိုးရိုးအရပ်သားများက ကံဟု အနက်အဓိပ္ပာယ် ကောက်ကြသည်။ သို့ရာတွင် ဓမ္မစကား၌ ရှိသော "ကမ္မ" (ကံ) ဟူသော စကားလုံးသည်ကား အနက်အဓိပ္ပာယ်တစ်မျိုးကို ရည်ညွှန်းလေသည်။ ဓမ္မစကား၌ရှိသော ကမ္မ (ကံ) ၏ အနက်အဓိပ္ပာယ်ကာ အပြုအမူ ဖြစ်လေသည်။ မကောင်းသော မကောင်းသော အပြုအမူသည် မကောင်းသော၊ မဲသော ကံ ဖြစ်လေသည်။ ကောင်းသော အပြုအမူသည် ကောင်းသော၊ ဖြူသော ကံ ဖြစ်လေသည်။ အခြားထူးခြားသော ကံ တစ်မျိုးလည်း ရှိသေးသည်။ ယင်းကံသည် မဲလည်း မမဲ၊ ဖြူလည်းမဖြူ ပေ။ ကံနှစ်ပါး၏ အကြားတွင် ရှိနေသည်။ ယင်းကံသည် အတ္တစွဲ ပြုတ်သွားအောင် "အနတ္တ" နှင့် "သုညတ" ကို ရှုမြင်သုံးသပ်ခြင်း ဖြစ်လေသည်။ ယင်းအပြုအမူမျိုးသည် ဗုဒ္ဓဘာသာ၏ ကံ ဖြစ်လေသည်။ စစ်မှန်သော ကံ ဖြစ်လေသည်။ ဗုဒ္ဓဟောကြား ညွှန်ပြထားသောကံ ဖြစ်လေသည်။ အားလုံးသော ကံတို့ကို လွန်မြောက်သွားစေရန် ဗုဒ္ဓက ဟောကြားထားတော်မူလေသည်။

## တတိယကံ

သို့ရာတွင် လူတို့သည် မဲသော ကံနှင့် ဖြူသော ကံကိုသာလျှင်၊ ဆိုးသောကံနှင့် ကောင်းသောကံကို သာလျှင် စိတ်ပါဝင်စားကြသည်။ မဲလည်း မမဲ ဖြူလည်းမဖြူသော၊ ဆိုးလည်းမဆိုး ကောင်းလည်း မကောင်းသော၊ အတ္တမှ လုံးဝကင်းလွတ်ပြီး နိဗ္ဗာန်ရောက်ရှိရေးသို့ ရှေ့ရှုနေသော တတိယအမျိုးအစား ကံကိုမူ စိတ်ပါဝင်စားခြင်း မရှိကြပေ။ တတိယအမျိုးအစားကံသည် ဆိုးသောကံဟူသမျှကိုရင်း၊ ကောင်းသောကံ ဟူသမျှကိုရင်း၊ ဖယ်ရှားဖျောက်ဖျက်ပစ်လေသည်။ လူတို့သည် ကံကို လုံးဝဖယ်ရှားဖျောက်ဖျက် ပစ်ရန် အတွက် နည်းလမ်းကို မသိနားမလည်ကြပေ။ ဗုဒ္ဓမိန့်မှာ ဟောကြားသည့် နည်းလမ်းအတိုင်း ကျင့်သုံးသော ယင်းထူးခြားသည့် တတိယ အမျိုးအစားကံဖြင့် ကံအားလုံးကို အဆုံးသတ်ပစ်ရသည်ဆိုသည်ကို လူတို့သည် မသိနားမလည်ကြပေ။ ယင်းနည်းလမ်းမှာ တခြားမဟုတ်ပေ။ မဂ္ဂင်ရှစ်ပါးသာလျှင် ဖြစ်လေသည်။

မဂ္ဂင်ရှစ်ပါး လမ်းစဉ်အတိုင်း ကျင့်သုံး လိုက်နာခြင်းသည် မဲသောကံလည်း မဟုတ်ပေ။ ဖြူသောကံ လည်း မဟုတ်ပေ။ တတိယအမျိုးအစား ကံဖြစ်လေသည်။ ယင်းကံသည် ကံအားလုံးကို ပယ်ဖျောက်ရန် အတွက် နည်းလမ်းဖြစ်လေသည်။ ဤကား ဓမ္မစကား၌ ရှိသော ကမ္မ (ကံ) ဖြစ်လေသည်။ ဓမ္မစကားထဲက "ကမ္မ" (ကံ) ၏ အဓိပ္ပာယ်သည် "ကံပေါ့ကွာ" ဟု ဆိုရာ၌ ဆိုးဝါးသော အခြေအနေဟု အနက်ကောက်သည့် မရင့်ကျက်သေးသောလူတို့၏ "ကမ္မ" (ကံ) ၏ အနက်အဓိပ္ပာယ်နှင့်မူ တခြားစီဖြစ်ပေသည်။ ဆိုးဝါးသော အခြေအနေဟု အနက်အဓိပ္ပာယ် ကောက်သည့် "ကမ္မ" (ကံ) သည် နေ့စဉ်သုံးစကား၌ "ကမ္မ" (ကံ) ဖြစ်လေသည်။

## သရဏ

"ကိုးကွယ် အားထားရာ" (သရဏ) ဟူသော စကားလုံးကို စဉ်းစားဆင်ခြင်းကြည့်ကြဦးစို့။ နေ့စဉ်သုံးစကား၌ "ကိုးကွယ် အားထား မှီခိုရာ" ဟူသည်မှာ အကူအညီ အထောက် အပံ့အတွက် မှီခိုနေရသော မိမိကိုယ်၏ အပြင်ဘက်မှ ပုဂ္ဂိုလ် တစ်ဦးဦး သို့မဟုတ် အရာဝတ္ထု တစ်ခုခု ဖြစ်လေသည်။ သာဓကအားဖြင့် ပုဂ္ဂိုလ်တစ်ယောက်သည် သူ၏ အကြီးအမှူးအပေါ်၌ သော်ရင်း၊ နာနာဘာဝများအပေါ်၌ သော်ရင်း၊ အတိတ်ကောင်း နိမိတ်ကောင်းများ အပေါ်၌ရင်း၊ လောကပါလ နတ်များအပေါ်၌သော်ရင်း၊ မှီခိုအားထားနေရကောင်း နေရပေလိမ့်မည်။ မိမိကိုယ်မှတပါး အခြားပုဂ္ဂိုလ် တဦးဦးကို ဖြစ်စေ၊ အခြားအရာ

ဝတ္ထု၊ တခုခုကို ဖြစ်စေ မှီခိုအားထားရာဟု ထင်မှတ်ယူဆခြင်းသည် နေ့စဉ်သုံးစကား၌ ရှိသော "ကိုးကွယ် အားထားရာ" (သရဏ) ဟူသော စကားလုံး၏ အနက် အဓိပ္ပာယ်ပင် ဖြစ်လေသည်။

ဓမ္မစကား၌ရှိသော "ကိုးကွယ် အားထားမှီခိုရာ" မှာမူ မိမိကိုယ်အတွင်း၌သာလျှင် တွေ့ရှိရပေသည်။ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ သည် ကျွန်ုပ်တို့၏ ကိုယ်အတွင်း၌၊ ကျွန်ုပ်တို့၏ စိတ်နှလုံးအတွင်း၌ ရှိသည်ဟူ၍ ကျွန်ုပ်တို့ သိမြင်ထားရပေမည်။ သို့မှသာ ရတနာသုံးပါးသည် ကျွန်ုပ်တို့အား တကယ်အစစ်အမှန် ကိုးကွယ် မှီခို အားထားရာ အဖြစ် အထောက်အပံ့ ပေးပေလိမ့်မည်။ ထိုကြောင့် ယင်းမှီခိုအားထားရာမှာ ကျွန်ုပ်တို့၏ ကိုယ်တွင်း၌သာလျှင် တွေ့မြင်နိုင်ပေသည်။ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ကို ကိုယ့်စိတ်နှလုံးအတွင်း၌ တည်ရှိအောင်ပြုလုပ်သည့် အရာမှာ ကျွန်ုပ်တို့ကိုယ်တိုင်၏ ကြိုးပမ်းချက်သာလျှင် ဖြစ်လေသည်။ ဓမ္မစကား၏ အလိုအရ မိမိကိုယ်သည်သာလျှင် မိမိ၏ မှီခိုအားထားရာ ဖြစ်လေသည်။ မိမိ၏ မှီခိုအားထားရာသည် မိမိကိုယ် အတွင်း၌သာလျှင် ရှိလေသည်။ အပြင်အပ ဘယ်နေရာမှာမှ မရှိပေ။

## အဓိပ္ပာယ်နှစ်မျိုး

ယခုထိ တင်ပြလာခဲ့သည့် အချက်အလက်များဖြင့် သင်တို့အား စကားတစ်လုံးသည် အနက်အဓိပ္ပာယ် နှစ်မျိုး ထွက်သည်ဟူသော အချက်ကို နားလည်သဘောပေါက်စေရန် လုံလောက်ပြီဟု ကျွန်ုပ်ထင်သည်။ အသိပညာနှင့်ပြည့်စုံသော၊ စူးစမ်းဆင်ခြင်မှုရှိသော လူသည် စကားအသုံးအနှုန်း နှစ်မျိုးကို စဉ်းစား ဆင်ခြင်နိုင်ပါလိမ့်မည်။ "အနက်အဓိပ္ပာယ် နှစ်မျိုးလုံးကို သိရှိနားလည်ရန် သတိပြုသော သူသည် ပညာရှိ မည်ပေ၏"။ စကားအသုံးအနှုန်း နှစ်မျိုးဟူသည်မှာ စကားတစ်ခွန်း၏ ထွက်နိုင်သောအနက်အဓိပ္ပာယ်နှစ်မျိုးကို ဆိုလိုပေသည်။ တစ်မျိုးမှာ စကားလုံး၏ နေ့စဉ်သုံးစကားအနက် အဓိပ္ပာယ်ဖြစ်ပြီး အခြား တစ်မျိုးမှာ အချို့စကားလုံး၏ ဓမ္မစကား အနက်အဓိပ္ပာယ် ဖြစ်လေသည်။ အသိပညာနှင့် ပြည့်စုံသော၊ စူးစမ်းဆင်ခြင် မှုရှိသော ပုဂ္ဂိုလ်သည် ကျွန်ုပ်ထုတ်ဆောင် ပြောပြခဲ့သည် သာဓကများအတိုင်း အနက်အဓိပ္ပာယ်နှစ်မျိုးလုံးကို စဉ်းစားဆင်ခြင်သင့်ပေသည်။ သို့ရာတွင် ကျွန်ုပ်တို့ ယခုအထိ စဉ်းစားဆင်ခြင်ခဲ့ကြသော စကားလုံးများမှာ အဆင့်မြင့်သည့် စကားလုံးများ ဖြစ်လေသည်။ ယခုတဖန် မြေကြီးနှင့် နီးသည့် စကားလုံးအချို့၏ အကြောင်းကို စဉ်းစားဆင်ခြင်ကြည့်ကြဦးစို့။

## အိပ်ခြင်း

"အိပ်ခြင်း" ဟူသည့် စကားလုံးကို စဉ်းစားဆင်ခြင် ကြည့်ပါ။ "အိပ်ခြင်း" ဟူသည့် စကားလုံးကို ခွေး သို့မဟုတ် ကြောင်ကဲ့သို့ လည်းလျောင်းပြီး အိပ်ခြင်း အနက်အဓိပ္ပာယ်၌ အသုံးပြုသည့် အခါ ကျွန်ုပ်တို့သည် နေ့စဉ်သုံးစကားကို ပြောဆိုခြင်း ဖြစ်လေသည်။ သို့ရာတွင် ဓမ္မစကား၌ကား ယင်းစကားလုံးသည် အသိပညာမရှိခြင်း (အဝိဇ္ဇာ) ကို ရည်ညွှန်းလေသည်။ ပုဂ္ဂိုလ် တစ်ဦး တစ်ယောက်သည် မျက်လုံးဖွင့်ပြီး ထိုင်နေသည် ဖြစ်စေကာမူ အကယ်၍ ထိုပုဂ္ဂိုလ်သည် အရာဝတ္ထုများ၏ စစ်မှန်သော သဘာဝကို မသိနားမလည်ပါက ထိုပုဂ္ဂိုလ်အား အိပ်နေသည်ဟူ၍ပင် ခေါ်ဆိုရပေလိမ့်မည်။ ကိုယ်ခန္ဓာမည်သည့် အနေအထားဖြင့် ရှိနေရှိနေ အရာဝတ္ထုများ၏ စစ်မှန်သောသဘာဝကို မသိနားမလည်ပါက အိပ်နေခြင်း မျှသာလျှင် ဖြစ်ပေသည်။

## နိုးခြင်း

"နိုးခြင်း" ဟူသော စကားလုံးသည် သာမန် ရိုးရိုးအနက်အဓိပ္ပာယ်အားဖြင့် အိပ်ရာမှ နိုးခြင်း၊ ထခြင်းဟု ဆိုလိုသည်။ သို့ရာတွင် ဓမ္မစကား၌ကား "နိုးခြင်း" ဟူသော စကားလုံးသည် အစဉ်သဖြင့် သတိတရား လက်ကိုင်ထားခြင်းဟူသော အနက် အဓိပ္ပာယ်ကို ဆောင်လေသည်။ သတိပဋ္ဌာန် တရားကို အစဉ်မပြတ် ပွားများကျင့်သုံးသော ပုဂ္ဂိုလ်သည် အခါခပ်သိမ်း သတိရှိနေသူ ဖြစ်လေသည်။ အိပ်နေသည် ဖြစ်စေကာမူ နိုးလာသည့်နှင့် တပြိုင်နက် ချက်ခြင်းသတိရှိပြီးသားဖြစ်နေသည်။ ဤကား ဓမ္မစကား၌ရှိသော နိုးခြင်း၏ အနက်အဓိပ္ပာယ် ဖြစ်လေသည်။

## မိတ်ဆွေ

"မိတ်ဆွေ" ဟူသော စကားလုံးသည် နေ့စဉ်သုံး စကား၌ ကျွန်ုပ်တို့နှင့် ပေါင်းဖော် ဆက်ဆံနေသည့် အဖော်အပေါင်းကို ရည်ညွှန်းလေသည်။ သို့ရာတွင် ဓမ္မစကား၌ကား "မိတ်ဆွေ" သို့မဟုတ် "အပေါင်းအဖော်" သည် ဓမ္မကို ရည်ညွှန်းလေသည်။ အထူးသဖြင့် ကျွန်ုပ်တို့အား မတင်းတိမ်မရောင့်ရဲသည့် အခြေအနေ (ဒုက္ခ)

မှလွန်မြောက်စေသည့် ဓမ္မကို ရည်ညွှန်းလေသည်။ ဗုဒ္ဓသည် အထူးအားဖြင့် မဂ္ဂင်ရှစ်ပါးအား လူ၏ အကောင်းဆုံးသော မိတ်ဆွေ (ကလျာဏ မိတ္တ) အဖြင့် ရည်ညွှန်းဟောပြထားတော်မူသည်။ ဓမ္မစကား၌ "မိတ်ဆွေ" ဟူသော စကားလုံးသည် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ စသော မဂ္ဂင်ရှစ်ပါးကို ရည်ညွှန်းလေသည်။ ဤကား ဓမ္မစကား၌ ရှိသော "မိတ်ဆွေ" ၏ အနက် အဓိပ္ပာယ်ဖြစ်လေသည်။

## ရန်သူ

နေ့စဉ်သုံးစကား၌ရှိသော "ရန်သူ" သည် ကျွန်ုပ်တို့မုန်းသော၊ ကျွန်ုပ်တို့အား ရန်ပြုသောသူ ဖြစ်လေသည်။ သို့ရာတွင် ဓမ္မစကား၌ ဆိုလိုသော ကျွန်ုပ်တို့ ရန်သူကား ကျွန်ုပ်တို့၏ လမ်းလွဲနေသော စိတ်နလုံးဖြင့်လေသည်။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်စိတ်နလုံးနှင့် ယင်းစိတ်နလုံးကို တလွဲအသုံးပြုခြင်းသည် ကျွန်ုပ်တို့၏ ရန်သူအစစ်အမှန်ဖြစ်လေသည်။ လမ်းလွဲနေသော စိတ်နလုံးသည် ကျွန်ုပ်တို့၏ ရန်သူဖြစ်လေသည်။ ကျွန်ုပ်တို့၏ ရန်သူသည် အပြင်အပက တစ်စုံတစ်ယောက် မဟုတ်ပေ။ ရိုးရိုးပုဂ္ဂိုလ်တစ်ဦး စိတ်ထဲတွင် စွဲမှတ်ထားသော ရန်သူသည် နေ့စဉ်သုံး အရပ်သားစကားထဲက ရန်သူဖြစ်လေသည်။ ဓမ္မစကားထဲက ရန်သူကား လမ်းလွဲနေသော စိတ်နလုံး ဖြစ်လေသည်။ ထိုရန်သူကား စိတ်နလုံးထဲ၌ မွေးဖွားဖြစ်ပေါ်လာသည်။ စိတ်ဖြင့်ပြုလုပ်ဖန်တီးထားသည်။ စိတ်နလုံးကို လမ်းမှန် ရောက်အောင် လမ်းညွှန်ပြီး ဓမ္မအပေါ် အားရုံစူးစိုက်စေပါက ရန်သူရှိတော့မည် မဟုတ်ဘဲ ရန်သူ၏ နေရာတွင် မိတ်ဆွေ ရောက်လာပေလိမ့်မည်။

## ခြားနားချက်

ကျွန်တို့ စဉ်းစားဆင်ခြင်ခဲ့သည့် စကားလုံးများသည် နေ့စဉ်သုံး စကားနှင့် ဓမ္မစကား၏ ခြားနားချက်ကို ပြဆိုရန်အတွက် ရွေးချယ် ဖော်ပြလိုက်သည့် စကားလုံးများဖြစ်သည်။ ယင်းစကားလုံးများကို လေးလေး နက်နက် စဉ်းစားဆင်ခြင်ကြည့်လျှင် ယင်းခြားနားချက်သည် ကျွန်ုပ်တို့ ဗုဒ္ဓဓမ္မကို မသိနားမလည်ခြင်း၏ အကြောင်းဖြစ်သည် ဆိုသည့်အချက်ကို သဘောပေါက်ပေလိမ့်မည်။ ဤအဆင့်မြင့်မားသော ဒေသနာတော်ကို၊ ဤအလွန်ခက်ခဲ နက်နဲသော ဒေသနာတော်ကို ကျွန်ုပ်တို့ မသိနားမလည်ခြင်း၏ အကြောင်းမှာ ဓမ္မစကားကို မသိနားမလည်ခြင်းသာလျှင် ဖြစ်လေသည်။ ကျွန်ုပ်တို့သည် နေ့စဉ်သုံးစကား၊ အရပ်စကားကိုသာလျှင် သိကြသည်။ တရားအကျင့်၌ ရှေ့တန်းသို့ရောက်ရှိ နေကြသည့် အရိယာ ပုဂ္ဂိုလ်တို့၏ စကားကို မသိနားမလည်ကြပေ။

## နောက်ချေးပိုးထိုးကောင်လို

အကယ်၍ ကျွန်ုပ်တို့သည် နေ့စဉ်သုံး စကားမျှကိုသာ သိရှိနားလည်လျှင် အရိယာ ပုဂ္ဂိုလ်တို့၏ စကားကို သဘောပေါက်လိမ့်မည် မဟုတ်ပေ။ အသိပညာရှိသော ပုဂ္ဂိုလ်က "ငှက်သည် ကောင်းကင်ကို မမြင်" ဟုပြောသည်။ သူမိုက်က ထိုစကားကို မယုံကြည်ပေ။ ငှက်သည် ကောင်းကင်ကို အဘယ်ကြောင့် မမြင်သနည်း။ ကောင်းကင်၌ ပျံသန်းနေသောကြောင့် ဖြစ်လေသည်။ အသိပညာရှိသော ပုဂ္ဂိုလ်က "ငါးသည် ရေကို မမြင်" ဟုပြောသည် သူမိုက်က ထိုစကားကို မယုံကြည်ပေ။ ငါးသည် ရေနှင့်ဆက်သွယ်နေ၏။ ထိုကြောင့် ငါး ရေကိုမမြင်နိုင်ဟူသော စကားကို သူမိုက်က မယုံကြည်ပေ။ ငါးသည် ရေအကြောင်းကို ဘာမှ မသိပေ။ ထိုနည်းတူစွာ မြေကြီးထဲတွင် အမြဲမပြတ်အောင်းနေသော တီကောင်သည် မြေကြီးကို မမြင်ပေ။ နောက်ချေးပုံထဲတွင် နေသော၊ နောက်ချေးပုံထဲတွင်မွေးသော၊ နောက်ချေပုံထဲတွင် သေသော နောက်ချေးပိုးထိုးကောင်သည် နောက်ချေးပုံကို ဘယ်တော့မှ မမြင်ပေ။

နောက်ဆုံး စကားကား "လူသည် ကမ္ဘာလောကကို မမြင်ပေ" ဟူ၍ဖြစ်သည်။ ကမ္ဘာလောကထဲမှာ နေသော၊ ကမ္ဘာလောကထဲမှာ သွားလာကျက်စားသော လူသည် ကမ္ဘာလောကကိုမမြင်ပေ။ ကမ္ဘာလောကကို မြင်လျှင် ကမ္ဘာလောကထဲမှာ တွယ်ကပ်နေလိမ့်မည် မဟုတ်ပေ။ ကမ္ဘာလောကထဲမှ လွတ်အောင်ရုန်းထွက်ပြီး သစ္စာတရားနှင့်အတူ နေပေလိမ့်မည်။ နောက်ချေးပုံထဲ၌ ရှိနေသော နောက်ချေးပိုးထိုးကောင်ကဲ့သို့ ကမ္ဘာလောကထဲမှာ မြုပ်နစ်နေသော သူသည် နေ့စဉ်သုံး အရပ်စကားကိုသာ သိရှိနားလည်နေပေလိမ့်မည်။ ဓမ္မစကားကို သိရှိနားလည်လိမ့်မည် မဟုတ်ပေ။ ဓမ္မစကားကို သိရှိနားမလည်ခြင်းမှာ ထိုသူသည် နောက်ချေးပုံထဲက နောက်ချေးပိုးထိုးကောင်ကဲ့သို့၎င်း၊ မြေကြီးထဲက တီကောင်ကဲ့သို့၎င်း၊ ရေထဲက ငါးကဲ့သို့ ၎င်း၊ ကောင်းကင်ပေါ်က ငှက်ကဲ့သို့၎င်း၊ ကမ္ဘာလောကထဲမှာ မြဲမြံစွာတွယ်ကပ်နေသောကြောင့် ဖြစ်လေသည်။ ထိုအကြောင်းကြောင့် လူတို့သည် ဓမ္မစကားကိုနားမလည်ခြင်း ဖြစ်လေသည်။ ဓမ္မစကားကို နားမလည်ခြင်း ကြောင့် သူတို့သည် ဓမ္မကို နားလည်သဘောပေါက်ခြင်း မရှိပေ။

## သွားလျှင်မရောက် ရှာလျှင်မရ

ဓမ္မစကား၏ သာဓကတစ်ခုကို ကြည့်ပါဦး။ "လျှောက်နေပါက ဘယ်တော့မှ ရောက်လိမ့်မည် မဟုတ်"။ ယင်းစကား၏ အနက်အဓိပ္ပာယ်ကို ရိုးရိုးလူတို့သည် မသိနားမလည်ကြပေ။ ဤ၌ "လျှောက်ခြင်း" သည် တစ်ခုခုကို လိုလား တောင်းတသည် ဖြစ်၍ လိုလားတောင်းတသည့် အရာကို အရှာထွက်ခြင်းကို ရည်ညွှန်းပေသည်။ "ဘယ်တော့မှ ရောက်လိမ့်မည် မဟုတ်" ဟူသော စကားသည် မရနိုင်သည့်၊ မရောက်နိုင်သည့် ငြိမ်းချမ်းမှု သို့မဟုတ် နိဗ္ဗာန်ကို ရည်ညွှန်းပေသည်။ နိဗ္ဗာန်သည် လိုလားခြင်းအားဖြင့်၎င်း၊ တောင်းတခြင်းအားဖြင့်၎င်း၊ မျှော်လင့်ခြင်းအားဖြင့်၎င်း၊ ရည်မှန်းခြင်းအားဖြင့်၎င်း ရရှိအပ်သော အရာ မဟုတ်ပေ။ ထို့ကြောင့် လျှောက်နေရန် လုံးဝမလိုပေ။ မလျှောက်ခြင်းအားဖြင့်သာလျှင်၊ မလျှောက်မှသာလျှင်၊ နိဗ္ဗာန်သို့ရောက်ရှိပေလိမ့်မည်။ လျှောက်နေပါက ဘယ်တော့မှ ရောက်လိမ့်မည် မဟုတ်ပေ။ ကျွန်ုပ်တို့သည် အရာဝတ္ထုတစ်ခုခုကို တောင်းတလေလေ၊ ထိုအရာဝတ္ထုနှင့် ဝေးလေလေ ဖြစ်မည်။ ကျွန်ုပ်တို့သည် လိုချင်တောင်းတမှုကို အပြီးအပိုင်စွန့်လွှတ်ရမည်။ သို့မှသာ ထိုအရာဝတ္ထုကို အပြည့်အဝ ရရှိပေလိမ့်မည်။

## ပြောလျှင်မကြား၊ တိတ်တိတ်နေမှကြားသည်

"ပြောခြင်း" နှင့် စပ်လျဉ်း၍ ဓမ္မစကား၌ ဤသို့ ဆိုထားသည်။ "ပြောလျှင် သင် ဘာကိုမှ ကြားလိမ့်မည် မဟုတ်ပေ။ တိတ်တိတ်နေလျှင် သင်ကြားလိမ့်မည်"။ အနက် အဓိပ္ပာယ်ကား ဤသို့တည်း။ အကယ်၍ စိတ်ကိုတည်ငြိမ်အောင် ထားလျှင် သမာဓိရအောင်လုပ်လျှင်၊ ဓမ္မ၏ အသံကို ကြားရလိမ့်မည်။ ဤသို့လည်းဆိုပြန်သည်။ ပြော၍ရသည့် အရာသည် စစ်မှန်သော ဓမ္မအကြောင်းမဟုတ်ပေ။ စစ်မှန်သောဓမ္မ၏ အကြောင်းမှာပြော၍ရသည့် အရာမဟုတ်ပေ။ စစ်မှန်သောအရာ မဟုတ်ပေ။ စစ်မှန်သော အရာဝတ္ထုသို့ မည်သို့မည်ပုံ ရောက်ရှိနိုင်သည် ဆိုသည်ကို ရှင်းလင်းရန်အတွက် အသုံးပြုထားသော စကားလုံးထက်ပိုပြီး ဘာမျှ မဟုတ်ပေ။ စစ်မှန်သော အရာဝတ္ထု၏ အကြောင်းကို စကားဖြင့် ပြောပြ၍ မရပေ။ ဓမ္မအကြောင်းကို ကျွန်ုပ်တို့ ပြောလေလေ၊ ဓမ္မသည် ကျွန်ုပ်တို့နှင့် ခရီးအလှမ်းဝေးလေလေ ဖြစ်မည်။ ကျွန်ုပ်တို့အစွမ်းကုန် ပြောနိုင်သရွေ့မှာ ကျွန်ုပ်တို့အား လမ်းညွှန်မည့်၊ ကျွန်ုပ်တို့အား စစ်မှန်သော အရာဝတ္ထုသို့ ရောက်ရန် အတွက် ယထာဘူတကျသည့် ဓမ္မသို့ ရောက်ရှိရန်အတွက် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ဟု ပြောပြမည့် နည်းလမ်း အကြောင်းသာလျှင် ဖြစ်ပေသည်။ ထို့ကြောင့် အပြောကိုရပ်ခြင်းသာလျှင် အကောင်းဆုံး ဖြစ်ပေမည်။

## ဓမ္မကို နားမလည်သူတို့

ထို့ကြောင့် နေ့စဉ်သုံးစကားနှင့် ဓမ္မစကားအကြောင်း ဆွေးနွေးပြောကြားသည့် ကျွန်ုပ်တို့၏ စကားကို ရပ်လိုက်ကြစို့။ ကျွန်ုပ်အကြံပေးလိုသည်။ သင်တို့ကိုယ်တိုင် အပြန်ပြန်အလှန်လှန်စဉ်းစား ဆင်ခြင်ပါ။ ပြီးတော့ ဓမ္မကို နားလည် သဘောပေါက်ခြင်း မရှိမှုနှင့် ပတ်သက်ပြီး သင်တို့ ကျွန်ုပ်နှင့် သဘောတူသလား၊ မတူဘူးလား ဆိုသည်ကို ဆုံးဖြတ်ကြပါ။ ကျွန်ုပ်တို့ လူအတော်များများသည် ဓမ္မနှင့် ပတ်သက်သည့် တရား စကားများကို၊ ဟောပြောချက်များကို ဆယ်နှစ်၊ အနှစ် နှစ်ဆယ်၊ အနှစ် သုံးဆယ် နာကြားလာခဲ့ကြသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ဓမ္မကို နားမလည်ကြသေးပေ။ ဓမ္မကို မမြင်ကြသေးပေ။ ဓမ္မအတွင်းကို မထွင်းဖောက် မစူးဝင်နိုင်သေးပေ။ အကြောင်းမှာ ကျွန်ုပ်တို့နည်းလမ်း မှန်မှန်မနာကြားတတ်ခြင်းသာလျှင် ဖြစ်လေသည်။ ကျွန်ုပ်တို့အဘယ်ကြောင့် နည်းလမ်းမှန်မှန် မနာကြားတတ်သနည်း။ နေ့စဉ်သုံးစကားနှင့်သာ ရင်းနှီးပြီး ဓမ္မစကားနှင့် မရင်းနှီးသောကြောင့်တည်း။ ကျွန်ုပ်တို့သည် ဓမ္မစကားကို နားထောင်သည်။ သို့ရာတွင် အနက်အဓိပ္ပာယ်ကိုမူ နေ့စဉ်သုံးစကားအရသာ ကောက်ယူကြသည်။ ဘာမှမရှိခြင်း (သုညတ) စကားလုံးကို နေ့စဉ်သုံးစကားအရ အဓိပ္ပာယ်ကောက်လျက် တလွဲတချော် နားလည် သဘောပေါက်ပြီး ပေါက်ကရ စကားများကို လိုက်ပြောနေသည့် သူမိုက်တို့နှင့် ကျွန်ုပ်တို့သည် ဘာမျှ မထူးပေ။

ဤကား နေ့စဉ်သုံးစကား၊ ဓမ္မစကား နှစ်ခုစလုံးနှင့် မရင်းနှီးခြင်း၏ ဝမ်းနည်းဖွယ် အကျိုးဆက် ဖြစ်ပေသည်။ ယင်းကဲ့သို့သော အခြေအနေတွင် ရှိနေသော သူသည် အသိပညာမဲ့သူ ဖြစ်သည်။ ဗုဒ္ဓ ညွှန်ကြားဟောပြထားတော်မူသည့်.....

အနက် အဓိပ္ပာယ် အမျိုးမျိုးကို သိရှိနားလည်းသော သူသည် ပညာရှိမည်၏။ အနက် အဓိပ္ပာယ် နှစ်မျိုးလုံးကို သိရှိနားလည်သော သူသည် ပညာရှိမည်၏ ... ဟူသော အရည်အချင်းမဲ့သူဖြစ်လေသည်။

## ဘာသာတရား ဟူသည်ပုံစံစကား မဟုတ်

ဤနေရာသို့ ကျွန်ုပ် ရောက်ရှိလာခြင်းမှာ တရား ဒေသနာကို ဟောကြားရန် ရောက်ရှိလာခြင်း မဟုတ်ပေ။ ရိုးရိုးစကားကို ပြောကြားရန် အတွက်သာရောက်ရှိလာခြင်း ဖြစ်ပေသည်။ ယင်းအချက်ကို သင်တို့ လက်ခံကြလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ပေသည်။ အကြောင်းမူကား "ပုံစံ" စကားကို မပြောဘဲ "ရိုးရိုး" စကားကို

ပြောမှသာလျှင် ကျွန်ုပ်တို့ တစ်ဦးနှင့် တစ်ဦး ပွင့်ပွင့်လင်းလင်း ပြောနိုင်ကြပေလိမ့်မည်။ ပွင့်ပွင့်လင်းလင်း နားထောင်နိုင်ကြပေလိမ့်မည်။ ကျွန်ုပ်တို့၏ စကားလည်း သမားရိုးကျ မဟုတ်ဘဲ တမူထူးခြား ကွဲပြား လာပေလိမ့်မည်။ နောက်တစ်ခုမှာ ကျွန်ုပ်သည် အလိုအပ်ဆုံး အချက်အလက်များနှင့်ပတ်သက်၍သာလျှင်၊ ခက်ခဲနက်နဲသည်ဟု ယူဆရသော အရေးပါသည့် အကြောင်းအရာများနှင့် ပတ်သက်၍သာလျှင် ပြောကြားမည်ဟု ရည်ရွယ်ထားပေသည်။ ထို့ကြောင့် အကယ်၍ သင်တို့သည် ဂရုစိုက်ပြီး နားမထောင်ပါလျှင် နားလည်သဘောပေါက်ဘို့ရန် အခက်အခဲတွေ့ပေလိမ့်မည်။ ထို့ပြင် အမှတ်မှားသွားချင်လည်း သွားပေလိမ့်မည်။ အထူးအားဖြင့် အခုဟောပြောချက်နှင့် ဆက်စပ်နေသည့် ယခင်က ကျွန်ုပ်၏ ဟောပြောချက်များနှင့် ဆက်စပ်နေသည့် ယခင်က ကျွန်ုပ်၏ ဟောပြောချက်များကို နားမထောင်ရသည့် ပုဂ္ဂိုလ်များမှာမူ ယင်းအခြေအနေမျိုးနှင့် ပိုပြီး တွေ့ရကောင်းတွေ့ရပေလိမ့်မည်။

### ဘာသာတရား

အမှန်စင်စစ်ကား ကျွန်ုပ်အတွက်လည်း အခက်အခဲရှိပေသည်။ အကြောင်းမူကား ဟောပြောချက် အသစ်ကို ပြောတိုင်း ပြောတိုင်း ကျွန်ုပ်အနေနှင့် ယခင်ဟောပြောချက်များနှင့် ဆက်သွယ် မှုကို မပြုဘဲနေ၍ မဖြစ်သလို ဖြစ်နေပေသည်၊ ပြီးခဲ့သည့် နောက်ဆုံးအကြိမ်က ကျွန်ုပ်တို့သည် "သုညတ" အကြောင်းကို ဆွေးနွေးခဲ့သည်။ ယခုအကြိမ်တွင် "ဘာသာတရား" အကြောင်းကိုပြောဘို့ ရည်ရွယ်ပေသည်။ အကယ်၍ သင်တို့သည် ထိုအကြောင်းအရာကို ဆန်းသည်ဟု ထင်လျှင် သော်၎င်း၊ နားလည်သဘောပေါက်ဘို့ရန် မလွယ်ဟု ထင်လျှင်သော်၎င်း၊ သို့မဟုတ် လက်ခံလိုစိတ် မရှိလျှင်သော်၎င်း၊ တခဏတာမျှ လေးလေးနက်နက် စဉ်းစားဆင်ခြင်ကြည့်ပါ။ ကျွန်ုပ်ပြောပြသည့် အကြောင်းအရာကို တန်းပြီး ယုံကြည်ဘို့ လက်ခံဘို့ မလိုပေ။

### စကားနှစ်မျိုး

ယခုတစ်ကြိမ် သင်တို့နှင့် တွေ့ဆုံရာ၌ ကျွန်ုပ်တွေးမိသည့် အချက် တစ်ခုရှိပေသည်။ ထိုအချက်မှာ ကျွန်ုပ်တို့ တစ်ဦးနှင့်တစ်ဦး နားလည်မှု မရှိအောင် ဟန့်တားထားသည့် အရာ ဖြစ်ပေသည်။ ထိုအရာမှာ ဘာသာစကား ပြဿနာမှ တပါး အခြားမဟုတ်ပေ။ အစဉ်အလာအားဖြင့် သုံးစွဲပြောဆိုလာခဲ့ကြသော စကားကို ကျွန်ုပ်တို့သည် "လူသုံးစကား" သို့မဟုတ် "အရပ်စကား" ဟုခေါ်ပေသည်။ ယင်းစကားကား ပထမ အမျိုးအစား စကားဖြစ်ပေသည်။ သစ္စာတရား (ဓမ္မ) ကို သိရှိနားလည်သောသူတို့၊ အထူးအားဖြင့် သစ္စာတရားကို အဆုံးစွန် အနက်အဓိပ္ပာယ်ဖြင့် သိရှိနားလည်သောသူတို့ ပြောဆိုသော စကားတစ်မျိုးလည်း ရှိသေးသည်။ ယင်းစကားကား ဒုတိယအမျိုးအစားစကားဖြစ်လေသည်။ တစ်ခါတရံ၌ စကားလုံး အနည်းငယ်မျှလောက်ကိုသာ သို့မဟုတ် အက္ခရာ အနည်းငယ်မျှလောက်ကိုသာ ရွတ်ဆိုပြောကြားလိုက် လေသည်။ နားထောင်သူပုဂ္ဂိုလ်က ထိုစကားလုံး ထိုအက္ခရာကို ရိုးရိုးလူတို့၏ စကားနှင့် ဆန့်ကျင်ဘက်ဟု သိမြင်သွားသည်။ ရိုးရိုး အရပ်သုံးစကားနှင့် ဆန့်ကျင်ဘက် အနက်အဓိပ္ပာယ်ထွက်သည်ဟု သဘောပေါက် သွားသည်။ ထို့ကြောင့် အခါခပ်သိမ်း စကားနှစ်မျိုးကို သုံးစွဲနေကြသည် ဆိုသည့် အကြောင်းကို သတိပြုစေချင်သည်။

### အဇ္ဈတ္တစကား

"လူသုံးစကား" သို့မဟုတ် "အရပ်သုံးစကား" ကို ဓမ္မကို သိရှိနားလည်ခြင်း မရှိသည့် ပုဂ္ဂိုလ်တို့က အသုံးပြုကြသည်။ လောကီနယ်တွင်းက ထိုပုဂ္ဂိုလ်တို့သည်။ ဘယ်လောက် မိန်းမောတွေဝေနေကြ သနည်းဆိုလျှင် ရုပ်ပိုင်းဆိုင်ရာ အရာဝတ္ထုများမှ တပါး အခြားအရာများနှင့် ပတ်သက်လျှင် ထိုပုဂ္ဂိုလ်တို့သည် အကန်းဖြစ်နေကြသည်။ ထိုမှတပါး အရိယသစ္စာတရား (ဓမ္မ) ကို အမှန်တကယ် သိရှိနားလည်သော သူတို့၏ စကားလည်း ရှိလေသည်။ ယင်းစကားကား "လူသုံးစကား" သို့မဟုတ် "အရပ်သုံးစကား" နှင့် မတူကွဲပြားခြားနားသော စကားတစ်မျိုးဖြစ်လေသည်။ ယင်းစကားကို "ဓမ္မစကား" သို့မဟုတ် "အဇ္ဈတ္တစကား" ဟုခေါ်လေသည်။ အဇ္ဈတ္တစကားဟူသည်မှာ နှလုံးသားတွင်းမှ အမှန်တရားကို ညွှန်ပြသည့် စကားဟု ဆိုလိုသည်။ ထို့ကြောင့် သင်တို့သည် ဘယ်စကားကို ပြောဆိုနေသည်ဆိုသည်ကို ခွဲခွဲခြားခြားသိရှိရန် သတိထားသင့်ပေသည်။

သစ္စာတရား (ဓမ္မ) နှင့် ပတ်သက်၍ အကန်းဖြစ်နေကြသော သူတို့သည် "လူသုံးစကား" ကိုသာလျှင်၊ ရိုးရိုးလူတို့ အစဉ်အလာသုံးစွဲ လာခဲ့သည့် စကားကိုသာလျှင် ပြောဆို ကြလေသည်။ အခြားတဖက်၌ကား အဆုံးစွန်သော သစ္စာတရား (စစ်မှန်သော ဓမ္မ) ကို အသေအချာ သဘောပေါက်သော သူတို့ကမူ

စကားနှစ်မျိုးလုံးကို ပြောဆိုနိုင်လေသည်။ သူတို့သည် "လူသုံးစကား" ကိုလည်း ကောင်းစွာပြောနိုင်ကြသည်။ "အဖျွတ္တ (ဓမ္မ) စကား" ကိုလည်း အသုံးပြုကြသည်။ အထူးအားဖြင့် အမှန်တရားကို သိမြင်သော၊ သစ္စာတရား (ဓမ္မ) ကိုနားလည်သဘောပေါက်သော အခြားသူများနှင့် စကားပြောရာ၌ အဖျွတ္တ (ဓမ္မ) စကားကို အသုံးပြုကြလေသည်။ ထိုအချိန်အခါ၌ ဆွေးနွေးပြောကြားသော အကြောင်းအရာမှာ အဖျွတ္တ အမှန်တရား (ဓမ္မ) သာလျှင် ဖြစ်လေသည်။ အသုံးပြုသောစကားမှာ "အဖျွတ္တစကား" သာလျှင် ဖြစ်လေသည်။ ရိုးရိုးလူတို့ မသိနားမလည်သည့် "ဓမ္မစကား" သာလျှင် ဖြစ်လေသည်။ "အဖျွတ္တစကား" ကားအသိပညာရှိသော ပုဂ္ဂိုလ်တို့သာလျှင် နားလည်သည့် စကားဖြစ်လေသည်။ ကုန်ကုန်ပြောရလျှင် "အဖျွတ္တစကား" ဟူသည်မှာ အသံထုတ်ပြောရန်ပင် မလိုသည့် စကားဖြစ်သည်။ လက်ညှိုးထောက်လိုက်ရုံမျှဖြင့်၊ မျက်ခုံးပင့်လိုက်ရုံမျှဖြင့် အမှန်တရား၏ အနက်အဓိပ္ပာယ်ကို သိရှိနားလည်သဘောပေါက်သွားနိုင်သည့် စကားမျိုးဖြစ်သည်။ ထို့ကြောင့် "လူသုံစကား" နှင့် "အဖျွတ္တစကား" ဟူ၍ စကားနှစ်မျိုးနှစ်စားရှိသည် ဆိုသည့်အကြောင်းကို စိတ်ထဲမှာစွဲမှတ်ထားကြရန် ကျွန်ုပ် သင်တို့အား တောင်းပန်လိုပေသည်။

## ရိုးရိုးအမြင်

သာဓက ထုတ်ပြကြဦးစို့။ အသိပညာမဲ့သော လောကီနယ်ထဲက ရိုးရိုးလူသည် "ဤမည်သော သဘောတရား၊ ထိုမည်သော သဘောတရားများရှိကြသည်။ ထိုဘာသာတရားများသည် တစ်ခုနှင့်တစ်ခု မတူကြ။ ကွဲပြားခြားနားကြသည်။ ဘယ်လောက်ကွဲပြားခြားနားသနည်းဟူမူ တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက် ဖြစ်လောက်အောင်၊ မလိုမုန်းထား ရန်ငြိုးပွားလောက်အောင် ကွဲပြားခြားနားကြသည်" ဟုပင် ထင်မှတ်ယူဆသည်။ ဥပမာအားဖြင့် အသိပညာမဲ့သော ထိုပုဂ္ဂိုလ်သည် ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာတို့အား တစ်ခုနှင့်တစ်ခု မတူဟူ၍၎င်း၊ ရင်ဆိုင်မရဟူ၍၎င်း၊ ပြောလေသည်။ တစ်ခုနှင့်တစ်ခု မတူ ရန်ငြိုးထားကြသည် ဟူ၍ပင် ပြောလေသည်။ ယင်းကဲ့သို့သော စကားမှာ ရိုးရိုးအရပ်သားတို့ ပြောဆိုသော စကား ဖြစ်လေသည်။ ရိုးရိုးအရပ်သားတို့ တွေးခေါ်ယူဆသည့် အတိုင်း ပြောဆိုသော စကား ဖြစ်သည်။ ထိုကဲ့သို့သော စကားမျိုးများကြောင့် တစ်ခုနှင့်တစ်ခု မလိုမုန်းထားသော၊ ဆန့်ကျင်သော ဘာသာတရားများ ကွဲပြားခြားနားစွာ ရှိနေကြခြင်း ဖြစ်လေသည်။

## ဓမ္မအမြင်

အကယ်၍ ဘာသာတရား၏ အခြေခံသဘာဝ (ဓမ္မ) အတွင်းကို ထွင်းဖောက် ဝင်ရောက်ကြည့်လျှင်ကား ယင်းသို့ ကြည့်သည့် ပုဂ္ဂိုလ်သည် ဘာသာတရားများသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက် မဖြစ်ကြဟု ထင်မှတ်ယူဆပေလိမ့်မည်။ ထိုပုဂ္ဂိုလ်သည် ဤကား ဗုဒ္ဓဘာသာ၊ ဤကား ခရစ်ယာန်ဘာသာ၊ ဤကား ဟိန္ဒူဘာသာဟူ၍ ဆိုကောင်းဆိုမည်ဖြစ်သော်လည်း ယင်းဘာသာတရား အားလုံးသည် အခြေခံအနှစ်သာရအားဖြင့် တစ်ခုနှင့်တစ်ခု မဆန့်ကျင်ဟူ၍လည်း ဆိုပေလိမ့်မည်။ သို့ရာတွင် အကယ်၍ ထိုပုဂ္ဂိုလ်သည် ဓမ္မ၏ အတွင်းသို့ နက်သထက် နက်အောင် ရောက်သွားပြီး ပရမတ္ထသစ္စာ (အမြင့်ဆုံးသောဓမ္မ) အထိ သိရှိနားလည်းသွားမည် ဆိုပါလျှင်ကား ဘာသာတရားဟုခေါ်ရသည့် အရာဟူ၍ မရှိကြောင်း၊ ဗုဒ္ဓဘာသာဟူ၍၎င်း၊ ခရစ်ယာန်ဘာသာဟူ၍၎င်း၊ ဟိန္ဒူဘာသာဟူ၍၎င်း၊ မရှိကြောင်းကို သိမြင်နားလည်သွားပေလိမ့်မည်။ ယင်းအခြေအနေတွင် ထိုဘာသာတရားများသည် တစ်ခုနှင့်တစ်ခု တူညီမှုလည်း မည်းသို့ဖြစ်နိုင်တော့မည်နည်း။ ဆန့်ကျင်ဘက်လည်း မည်သို့ဖြစ်နိုင်တော့မည်နည်း။ မဖြစ်နိုင်တော့ပေ။ ယင်းအချက်ကို နားလည်သဘောပေါက်ခြင်း ရှိမရှိဟူသည်မှာမူ တစ်ခြားဖြစ်သည်။ အကြောင်းမူကား ယင်းသို့ နားလည် သဘောပေါက်ခြင်း ရှိမရှိဟူသည်မှာ နားထောင်သူ၏ အပေါ်၌ တည်ရှိနေပေသည်။ ဓမ္မ သို့မဟုတ် ဘာသာတရားနှင့် မည်သို့မျှ မပတ်သက်ပေ။

## ရေ ဥပမာ

လူသုံးအရပ်စကားဖြင့်၊ ရုပ်ဝတ္ထု စကားဖြင့် သာဓက တစ်ခုကိုထုတ်ပြ ပြောဆိုပါမည်။ "ရေ" ကို စဉ်းစားကြည့်ပါ။ အရိုးဆုံး အလွယ်ဆုံး အရာဝတ္ထုများ အကြောင်းကိုပင် ကျကျနန မသိသည့် ပုဂ္ဂိုလ်သည် ရေအမျိုးပေါင်းများစွာရှိသည်ဟု ထင်မှတ်လေသည်။ ယင်း ရေအမျိုးမျိုး၌ တူညီသည့် အရာဟူ၍ ဘာမျှမရှိဟု ယူဆလေသည်။ ထိုပုဂ္ဂိုလ်သည် မိုးရေ၊ တွင်းရေ၊ ကန်ထဲကရေ၊ ချောင်းထဲကရေ၊ မြောင်းထဲကရေ၊ နွံထဲကရေ၊ မိလ္လာပိုက်ထဲကရေ၊ အိမ်သာထဲကရေ၊ ကျင်ငယ်ရေ၊ ကျင်ကြီးရေ၊ ဘာရေ၊ ညာရေ စသည်ဖြင့် ရေအမျိုးမျိုး မြင်လေသည်။ ရိုးရိုးအရပ်သားများသည် ယင်းရေများအား တစ်ခုနှင့်တစ်ခု လုံးဝကွဲပြားခြားနားသည်ဟု မြင်လေသည်။ ယင်းသို့မြင်ခြင်းမှာအပြင်ပ ဗဟိဒ္ဓအမြင်ပေါ်၌ တည်နေသည့် ထိုသူ၏ အပေါ်ယံဆုံးဖြစ်

ချက်ကြောင့် သာလျှင် ဖြစ်လေသည်။ သို့ရာတွင် ဗဟုသုတ အသင့်အတင့်ရှိသော ပုဂ္ဂိုလ်ကမူ ဘယ်လို ရေမျိုးဖြစ်ဖြစ် ထိုရေထဲ၌ ရေစစ်စစ်ကိုတွေ့ရှိနိုင်သည် သို့မဟုတ် စစ်ယူ၍ ရသည်ဟု သိလေသည်။ အကယ်၍ မိုးရေကို ယူပြီး စစ်ကြည့်လျှင် ရေစစ်စစ်ကို ရနိုင်ပေသည်။ မြစ်ရေကိုယူပြီးစစ်ကြည့်လျှင် ရေစစ်စစ်ကို ရရှိနိုင်ပေသည်။ ချောင်းရေ၊ မြောင်းရေ သို့မဟုတ် အိမ်သာထဲက ရေကို ယူပြီး စစ်ကြည့်လျှင် ရေစစ်စစ်ကို ရရှိနိုင်ပေသည်။

ထိုနည်းအတိုင်း စဉ်းစားဆင်ခြင်သော ပုဂ္ဂိုလ်သည် ယင်းအားလုံးသော ရေအမျိုးမျိုးတို့သည် ရေအဖြစ်နှင့်မူ တစ်ခုတည်း တစ်မျိုးတည်းသာလျှင် ဖြစ်ကြ၏ဟု ထင်မှတ်ယူဆလေသည်။ ရေကို မသန့်အောင် မစစ်အောင်လုပ်သော၊ တစ်မျိုးစီတခြားစီမြင်ရသော အရာများသည်ကား ရေမဟုတ်ပေ။ ယင်းအရာများသည် ရေဖြင့် ရောစပ်၍ရသည်။ ရေကို ပြောင်းလဲပစ်နိုင်သည်။ သို့ရာတွင် ယင်းအရာများသည် ရေမဟုတ်ပေ။ အကယ်၍ ရေကို ညစ်ညမ်းစေတတ်သည့် အရာကို ကျော်၍ ကြည့်လိုက်လျှင် မည်သည့် ရေအမျိုးအစား၌ မဆို တစ်ခုတည်း တမျိုးတည်းသော ရေကို တွေ့မြင်နိုင်ပေလိမ့်မည်။ အကြောင်းမူကား မည်သည့်ရေအမျိုးအစား၌မဆို ရေ၏ အရင်းခံသဘာဝမှာမူ တစ်ခုတည်း တမျိုးတည်း ဖြစ်သော ကြောင့်တည်း။

အကယ်၍ သင်သည် ယင်းအဆင့်ထက် ကျော်လွန်သွားမည်ဆိုလျှင် ထိုရေအစစ်ကို ထပ်မံစူးစမ်း သုံးသပ် ကြည့်ပေလိမ့်မည်။ ထိုအခါ သင်သည် ရေဆိုသည့်အရာမှာ လုံဝမရှိဘဲ ဟိုက်ဒရိုဂျင်နှစ်ဆနှင့် အောက်စီဂျင်တစ်ဆသာ ဖြစ်သည်၏ ဟူ၍ ဆုံးဖြတ်ချက်ကျသွားပေလိမ့်မည်။ ဟိုက်ဒရိုဂျင်နှင့် အောက်စီဂျင် ဓာတ်တို့သည် ရေမဟုတ်ပေ။ ကျွန်ုပ်တို့ ရေဟု ခေါ်သည့် အရာမှာ ပျောက်ကွယ်သွားပေလိမ့်မည်။ သုည ဖြစ်သွားပေလိမ့်မည်။ ဤကား သုည သဘောဖြစ်လေသည်။ သုညတ သဘောဖြစ်လေသည်။

ဤသို့အားဖြင့် "ရေ" ၏ အားလုံးသော ယင်းပုံသဏ္ဍာန်များသည် တစ်ခုတည်းဖြစ်၏ ဟူသော အချက်မှာ ပိုမိုပြီး ထင်ရှားသွားလေသည်။ ဟိုင်ဒရိုဂျင် နှစ်ဆ အောက်စီဂျင်တစ်ဆတို့သည် မည်သည့် နေရာ၌မဆို တစ်မျိုးတည်းသားလျှင် ဖြစ်သည်။ ကောင်းကင်၌ ဖြစ်စေ၊ မြေကြီး၌ ဖြစ်စေ၊ ယင်း ဓာတ်သဘောတို့ကို တွေ့ရသည့် မည်သည့်နေရာ၌မဆို တစ်မျိုးတည်းသားလျှင် ဖြစ်သည်။ ကျွန်ုပ်တို့ "ရေ" ဟူသော စကားလုံးကို မသုံးတော့သည်နှင့် တပြိုင်နက် အာပေါဓာတ် ရေဓာတ်သည် တည်ရှိနေတော့မည် မဟုတ်ပေ။ ထို့ကြောင့် အမှန်တရားကို ယင်းအဆင့်မျိုးဖြင့် ထွင်းဖောက်သိမြင်သော သူအတွက်မှာမူ ရေကဲ့သို့သောအရာဝတ္ထု ဟူ၍ မရှိတော့ပေ။ ထိုနည်းတူစွာ ပရမတ္ထသစ္စာကို သိမြင်သဘောပေါက် သူသည်လည်း ဘာသာတရားကဲ့သို့သော အရာဝတ္ထုဟူ၍ မရှိဟု သိရှိနားလည်သွားပေသည်။ သဘာဝတရား တစ်မျိုးသာလျှင် ရှိလေသည်။ ယင်းသဘာဝတရားကို သင် ခေါ်ချင်သလို ခေါ်နိုင်သည်။ အမည်ပေးချင်သလို ပေးနိုင်သည်။ "ဓမ္မ" ဟု ခေါ်ချင်ခေါ်နိုင်သည်။ "သစ္စာတရား" ဟု ခေါ်ချင်ခေါ်နိုင်သည်။ သို့ရာတွင် ယင်း "ဓမ္မ" သို့မဟုတ် ယင်း "သစ္စာတရား" ကို ဗုဒ္ဓဘာသာဟူ၍၄င်း၊ ခရစ်ယာန်ဘာသာဟူ၍၄င်း၊ ဟိန္ဒူဘာသာဟူ၍၄င်း တသီးတခြား မသတ်မှတ် မပိုင်းခြားသင့်ပေ။ ယင်း "ဓမ္မ" သို့မဟုတ် ယင်း "သစ္စာ" တရားသည် တံဆိပ်တစ်ခုခုတပ်ပြီး ဘောင်ခတ်ထားသင့်သည့် အရာ မဟုတ်ပေ။ ဗုဒ္ဓဘာသာ ဟူ၍၄င်း၊ ခရစ်ယာန်ဘာသာ ဟူ၍၄င်း၊ ဟိန္ဒူဘာသာ ဟူ၍၄င်း၊ တသီးတခြား တကွဲတပြားစီ ဖြစ်နေရခြင်းမှာ အမှန်တရား သို့မဟုတ် သစ္စာတရားကို မသိနားမလည်သောကြောင့် သာလျှင် ဖြစ်လေသည်။ ဗဟိဒ္ဓအသွင် သို့မဟုတ် အကာကိုသာလျှင် စဉ်းစားဆင်ခြင်ကြသောကြောင့် ဖြစ်လေသည်။ ချောင်းရေ၊ မြောင်းရေ၊ ရွှံ့ရေ စသော် ခေါ်ဝေါ်ခြင်းတို့၌ ကဲ့သို့တည်း။

## ဗုဒ္ဓဘာသာ တံဆိပ်

ဗုဒ္ဓသည် ကျွန်ုပ်တို့အား ပုဂ္ဂိုလ်သတ္တဝါဟူ၍မရှိ၊ ဓမ္မသာလျှင် ရှိသည်၊ သဘာဝဓမ္မသာလျှင် ရှိသည် ဟူ၍ နားလည်သဘောပေါက်စေလိုသည့် စိတ်ဆန္ဒရှိတော် မူသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဤမည်သောဘာသာတရား၊ ထိုမည်သောဘာသာတရားဟူသော အစွဲကို ဆုပ်ကိုင် မထားသင့်ပေ။ "ဗုဒ္ဓဘာသာ" ဟူသော တံဆိပ်မှာ နောက်မှ တပ်ခြင်းသာဖြစ်လေသည်။ ခရစ်ယာန်ဘာသာနှင့် အခြား ဘာသာတရားများလည်း ထိုနည်းအတိုင်းဖြစ်သည်။ မည်သည့် ဘာသာတရားဆိုင်ရာ တရားဒေသနာကို စတင် ဟောကြားသည့်ပုဂ္ဂိုလ်မှ မိမိတို့၏ တရားဒေသနာကို အမည်နာမ မတပ်ကြပေ။ သူတို့သည် သူတို့၏ ဘဝတလျှောက်လုံး ကျွန်ုပ်တို့ မည်သို့ နေသင့်နေထိုက်သည် ဆိုသည့် အကြောင်းကို ဟောကြားရုံသာလျှင် ဟောကြားသွားခဲ့လေသည်။

***

## နောက်ဆုံးအဆင့်

ယင်းအချက်ကို မှန်ကန်စွာ သိရှိနားလည်အောင် ကြိုးစားပါ။ နောက်ဆုံးအဆင့်ကို ရောက်သည့် အချိန်၌ကား၊ နောက်ဆုံးအသိကို သိသည့်အချိန်၌ကား ပုဂ္ဂိုလ်သတ္တဝါဟူ၍ပင် မရှိတော့ပေ။ ထိုအချိန်၌ သဘာဝသာလျှင် ရှိလေသည်။ ဓမ္မသာလျှင် ရှိလေသည်။ တစုံတခုသော အရာဖြစ်နိုင်သောကြောင့် ဖြစ်လေသည်။ ဓမ္မမှတပါး အခြားတစုံတခုသော အရာမဖြစ်နိုင်ပေ။ ယိုးဒယားဟူ၍၎င်း၊ တရုတ်ဟူ၍၎င်း မဖြစ်နိုင်ပေ။ အမဲဟူ၍၎င်း၊ အဖြူဟူ၍၎င်း၊ အရှေ့တိုင်းသားဟူ၍၎င်း၊ အနောက်တိုင်းသားဟူ၍၎င်း မဖြစ်နိုင်ပေ။ ဗုဒ္ဓဘာသာဝင်ဟူ၍၎င်း၊ ခရစ်ယာန်ဘာသာဝင်ဟူ၍၎င်း၊ အခြားဘာသာဝင်တစ်ဦးဦး ဟူ၍၎င်း မဖြစ်နိုင်ပေ။ ထို့ကြောင့် ထိုဓမ္မသို့ရောက်အောင်ကြိုးစားပါ။ အကြောင်းမူကား ထိုဓမ္မသို့ ရောက်ပါက သင်သည် အားလုံးသော သဘာဝတရားတို့၏ နှလုံး သို့မဟုတ် အနှစ်သာရသို့၊ အားလုံးသော အရာဝတ္ထုတို့၏ နှလုံး သို့မဟုတ် အနှစ်သာရသို့ ရောက်ရှိသွားပေလိမ့်မည်။ ထိုနောက် အပြီးသတ်၌ ဒုက္ခ၏ အပြည့်အဝ ချုပ်ငြိမ်းခြင်းသို့ ရောက်ရှိသွားပေလိမ့်မည်။

## ဗဟိဒ္ဓအသွင်

ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကို ဗုဒ္ဓဘာသာဝင်ဟု ခေါ်သော်လည်း၊ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည် သော်လည်း ဗုဒ္ဓဘာသာ၏ အမှန်တရားသို့ အထိ မရောက်ရှိသေးပေ။ အကြောင်းမူကား ကျွန်ုပ်တို့သည် မိမိတို့ဗုဒ္ဓဘာသာ၏ မပြောပလောက်သည့် အချက်အလက်များနှင့်သာလျှင် အကျွမ်းသောကြောင့်ဖြစ် လေသည်။ ကျွန်ုပ်တို့သည် ရဟန်းဖြစ်ဖြစ်၊ ရှင်သာမဏေ ဖြစ်ဖြစ်၊ လူဒါယကာဖြစ်ဖြစ်၊ အခြား မည်သည့်ပုဂ္ဂိုလ် ဖြစ်ဖြစ် ဗုဒ္ဓဘာသာ၏ ဗဟိဒ္ဓအသွင်ဖြစ်သော အကာကိုသာလျှင် သိရှိနားလည်ကြသည်။ ယင်းဗဟိဒ္ဓအသွင် သို့မဟုတ် အကာသည် ကျွန်ုပ်တို့အား ဗုဒ္ဓဘာသာသည် အခြား ထိုဘာသာတရား၊ ဤဘာသာတရားနှင့်မတူ ကွဲပြားခြားနားသည်၊ ဆန့်ကျင်ဘက်ဖြစ်သည်ဟူ၍ ထင်မြင်ယူဆစေလေသည်။ ယင်းသို့ ဖြစ်ရခြင်းမှာ မိမိတို့ ဘာသာတရား၏ အခြေခံသဘာဝကို ကျွန်ုပ်တို့ နားလည်သဘောပေါက်ခြင်း မရှိဘဲ မိမိတို့၏ ဘာသာတရားကိုသာလျှင် ချီးမွမ်းခန်းဖွင့်ပြီး မိမိတို့ကိုယ်ကို သီးခြားအုပ်စု သီးခြားအစုအဝေး တစ်ခုဟု ထင်မှတ်ယူဆ နေသောကြောင့် ဖြစ်လေသည်။ တခြား ပုဂ္ဂိုလ်များမှာမူ ကျွန်ုပ်တို့၏ အပေါင်းအသင်း မဟုတ်ကြ။ သူတို့ကမှားသည်။ ကျွန်ုပ်တို့ကမှန်သည်။ ယင်း အယူအဆများသည် ကျွန်ုပ်တို့ အသိပညာ မရှိကြောင်းကို ဖော်ပြနေလေသည်။ ကျွန်ုပ်တို့သည် မိမိတို့၏ ဝမ်းဗိုက်လောက်ကိုသာလျှင် သိသည့် ကလေးငယ်များ အတိုင်း ဖြစ်သည်။ ကလေးငယ်တစ်ဦးအား ချေးများအားလုံး စင်သွားအောင် ဆပ်ပြာတိုက်ပြီး ရေချိုးခိုင်းသည့်အခါ ကလေးငယ်သည် သူ၏ ဝမ်းဗိုက်ကိုသာ ဆပ်ပြာတိုက်ပေလိမ့်မည်။ တစ်ကိုယ်လုံး စင်သွားအောင် ချေးတွန်းဘို့သူမသိပေ။ ကလေးငယ်သည် သူ၏ နားနောက်က ချေးကို တွန်းရန်လည်း မစဉ်းစားပေ။ ခြေချောင်းကလေးများကြားထဲက ချေးကို တွန်းရန်လည်း မစဉ်းစားပေ။ အလားတူ အခြားနေရာများက ချေးကို တွန်းရန်လည်း မစဉ်းစားပေ။ သူသည် သူ့ဝမ်းဗိုက်ကိုသာ ဆပ်ပြာတိုက်ပြီး တအား ချေးတွန်းနေပေလိမ့်မည်။

## ယူဘို့လောက်နှင့် ရဘို့လောက်

ထိုနည်းအတိုင်းပင် ဗုဒ္ဓဘာသာဝင် အများမှာလည်း အနည်းငယ်မျှသော အရာဝတ္ထုတိုကိုသာလျှင် သိရှိနားလည်းကြလေသည်။ ယူဘို့လောက်နှင့် ရဘို့လောက်သာလျှင် သိရှိနားလည်ကြသည်။ ဘုန်းကြီး ကျောင်းများနှင့် ဘုန်းကြီးများအားထောက်ပံ့ခြင်း၊ သီတင်းသီလစောင့်သုံးခြင်းတို့ကို ပြုလုပ်ကြသည့် အခါ၌ပင် တစ်ခုခုကိုရလိုသည့် ရည်ရွယ်ချက် တစ်ခုသာလျှင် ရှိလေသည်။ မိမိတို့ ပေးသည်ထက် ပိုပြီး ပြန်ရလိုသည့် ရည်ရွယ်ချက် တစ်ခုသာလျှင် ရှိနေလေသည်။ အလှူဒါနပြုလုပ်ကြသည့် အခါ၌ အချို့ပုဂ္ဂိုလ်များသည် မိမိတို့ပေးကမ်းလှူဒါန်းသည်ထက် ဆယ်ဆပြန်ရဖို့မျှော်လင့်ကြလေသည်။ အချို့မှာ အဆတစ်ရာ ပြန်ရလိုကြသည်။ အချို့မှာမူ အဆတစ်ထောင်၊ အချို့ကား အဆတစ်ထောင်မက ပြန်ရလိုကြသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်များသည် ဘာကိုမှ မသိနားမလည်ကြဟုဆိုလျှင် ပို၍မှန်ကန်ပေလိမ့်မည်။ အကြောင်းမူကား သူတို့သည် ဘယ်လို ရမည်၊ ဘယ်လို ယူမည် ဆိုသည်လောက်ကိုသာ သိရှိနားလည် ကြသောကြောင့်ဖြစ်သည်။ ယင်းသည် ရအောင်လုပ်သည့် ဘာသာတရားသာလျှင်ဖြစ်သည်။ ယူသည့် ဘာသာတရားသာလျှင်ဖြစ်သည်။ အကယ်၍ တစ်စုံတစ်ခုကို မရနိုင်လျှင် တစ်စုံတစ်ခုကို မယူနိုင်လျှင် ထိုပုဂ္ဂိုလ်တို့သည် စိတ်ပျက်အားလျော့ပြီး စိတ်မချမ်းမသာ ဖြစ်သွားကြပေလိမ့်မည်။ စစ်မှန်သော ဗုဒ္ဓဘာသာမှာမူ ရခြင်းမပါဘဲ မည်သို့မည်ပုံ ရရမည်ဆိုသည်ကို၎င်း၊ ယူခြင်းမပါဘဲ မည်သို့မည်ပုံ ယူရမည်ဆိုသည်ကို၎င်း သိရှိနားလည်ခြင်း ဖြစ်လေသည်။ သို့မှသာ စိတ်ပျက် အားလျော့ခြင်း၊ စိတ်မချမ်းမသာဖြစ်ခြင်း ကင်းရှင်းပေလိမ့်မည်။

### ဗုဒ္ဓဘာသာ၏ နှလုံးသား

ဗုဒ္ဓဘာသာ၏ နှလုံးသားဖြစ်သည့် " သံယောဇဉ် ကင်းခြင်း " နှင့် ရင်းနီးကျွမ်းဝင်သွားစေရန်၊ တစုံတခုကို တွယ်တာကပ်ငြိမနေစေရန်၊ ကုန်ကုန်ပြောရလျှင် မိမိတို့၏ ဘာသာတရားကိုပင်လျှင် တွယ်တာမနေစေရန်၊ နောက်ဆုံးပိတ် အဆင့်တွင် ဗုဒ္ဓဘာသာဟူ၍ပင် မရှိဟု သိမြင်သည် အထိ ရောက်ရှိစေရန် အထက်ပါ သဘောတရားကို မကြာခဏ ပြောဆိုနေရပေလိမ့်မည်။

အကယ်၍ လူတို့သည် နားလည်သဘောပေါက်ကြမည် ဆိုပါက ဗုဒ္ဓ၊ ဓမ္မ၊ သံဃ တို့အား တစ်ခုတည်း အဖြစ်ဖြင့်သာမြင်ပေလိမ့်မည်။ ဓမ္မအဖြစ်ဖြင့်သာ မြင်ပေလိမ့်မည်။ သို့မဟုတ် စစ်မှန်သော သဘာဝ အဖြစ်ဖြင့်သာဖြစ်ပေလိမ့်မည်။ သို့မဟုတ် ယင်းကဲ့သို့သော အရာဝတ္ထု တစ်ခုခု အဖြစ်ဖြင့်သာ မြင်ပေလိမ့်မည်။ ထိုပုဂ္ဂိုလ်တို့သည် ထိုအရာဝတ္ထုကို သီးခြားအရာဝတ္ထုတစ်ခု အဖြင့်၊ သို့မဟုတ် သီးခြားအတွေးအခေါ် တစ်ခုအဖြစ် ဆုပ်ကိုင်မထား၍ မဖြစ်ဟု တွေးတောကြတော့မည် မဟုတ်ပေ။ ယင်းအရာ ဝတ္ထုသည် ဓမ္မသာလျှင် ဖြစ်သည်။ အစစ်အမှန်ဆုံးသော အခြေအနေ၌ ရှိသော သဘာဝသာလျှင် ဖြစ်သည်။ သို့မဟုတ် သင်ခေါ်ချင်သလို ခေါ်နိုင်သည့် အရာဝတ္ထုသာလျှင် ဖြစ်သည်။

သို့ရာတွင် ကျွန်ုပ်တို့သည် ယင်းကဲ့သို့ မတွေးခေါ် မကြံဆတ့် ကြပေ။ အကယ်၍ လူတို့အား ထိုအတိုင်း အတင်း စဉ်းစားဆင်ခြင်ခိုင်းသည် ဖြစ်ပါမူလည်း၊ သို့မဟုတ် ထိုအတိုင်း စဉ်းစားဆင်ခြင်ရန်ညွှန်ကြားသည် ဖြစ်ပါမူလည်း ထိုသူတို့သည် နားလည်သဘောပေါက်နိုင်ကြမည် မဟုတ်ပေ။ ထိုအယူအဆမျိုးကို ဆန့်ကျင်ကန့်ကွက်ကြပေလိမ့်မည်။

### ငါးစာအဖြင့်ပြုရန်

သို့ဖြင့်၍ ဗုဒ္ဓ ပရိနိဗ္ဗာန် စံပြီးသည့်နောက် တရားအဆုံးအမကို လိုက်နာကျင့်ကြံသည့် စနစ်သစ်ပေါင်းများစွာတို့သည် ပုံစံသစ် အမျိုးမျိုးဖြင့် ပေါ်ပေါက်လာခြင်း ဖြစ်လေသည်။ အဆင့်နိမ့်သည့် ပုံစံများလည်း ပေါ်ပေါက်လာကြလေသည်။ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးဦးသည် မိမိပြုသည့် ကုသိုလ် ကောင်းမှုထက် အဆများစွာ သာလွန်သည့် အကျိုးတရားကို ပြရဘို့ရန် အတွက် အလှူဒါနပြုလုပ်ပါက ပြုလုပ်နိုင်လေသည်။ ယင်းကဲ့သို့သော အစီအစဉ်မျိုးကို စီစဉ်ရခြင်းမှာ လူတို့အား စိတ်ပါဝင်စားလာစေရန် ကုသိုလ်၏ အကျိုးကို "ငါးစာ" အဖြစ်ပြုရန်နှင့် ပထမ ခြေလှမ်းအနေဖြင့် လူတို့ကို ဘာသာတရားထဲ ဆွဲသွင်းရန်အတွက် မျဉ်းကြောင်းအဖြစ် သတ်မှတ်ရန် ဖြစ်လေသည်။ ယင်းသို့ပြုလုပ်ခြင်းအားဖြင့် ကုသိုလ်၏ အကျိုးကို တွယ်တာမက်မောနေစရာမလိုဟူသော အမြင်မျိုး မပေါ်ပေါက်လာမီ အချိန်ကာလအထိ၊ မည်သည့် တွယ်တာမက်မောမှုမျိုးမဆို နောက်ဆုံးပိတ်၌ တဏှာ၏ရောင့်ရဲမှု မဖြစ်စေဘဲ ဒုက္ခကိုသာလျှင် ရှေ့ရှုသည် ဟူသော အမြင်မျိုး မပေါ်ပေါက်လာမီ အချိန်ကာလအထိ သူတို့အား ကောင်းမှု၏ အကျိုးကို မျှော်ကိုးပြီး ကောင်းမှုကိုပြုလုပ်စေလျက် မကောင်းမှုကို ရှောင်ကြဉ် စေခဲ့လေသည်။ ဤကား တရားအဆုံးအမကို လိုက်နာကျင့်ကြံခြင်းသည် အဦးဆုံး အစောဆုံးအဆင့်၌ အဘယ်ကြောင့် အကျိုးဖလကို ရယူမှု အပေါ်၌ အခြေခံရသည် ဆိုသည့် အကြောင်း ဖြစ်လေသည်။

ဓမ္မ၏ လမ်းကြောင်းပေါ်၌ ရှိသော နောက်ခြေလှမ်းမှာ ဒုစရိုက်မှုကို မပြုလုပ်ဘဲ၊ မည်သည့် အရာ ဝတ္ထုကြောင့်မှ ယစ်မူးတွေဝေခြင်း မရှိဘဲ မိမိ၏ စိတ်ဆန္ဒရင်းဖြင့် ရိုးသားစင်ကြယ်စွာ နေထိုင်ခြင်း ဖြစ်လေသည်။ ဤ၌ ယင်းဝမ်းမြောက်ရွှင်လန်းမှု၊ ယင်း သုခကို ခံစားသော " ငါ " ဟူသော အတ္တစွဲ အတ္တအသိ ရှိနေတုန်းပင် ဖြစ်ပါသည်။

### ဓမ္မလမ်းကြောင်း၌ အမြင့်ဆုံးအဆင့်

ဓမ္မလမ်းကြောင်း၌ ရှိသော ထိုထက်မြင့်သော အဆင့်မှာမူ "ငါ" ဟူသော အစွဲ လုံးဝ မကျန်တော့ခြင်းပင် ဖြစ်လေသည်။ ယင်းအဆင့်ကား လုံးဝ ပြီးစီးသွားသည့် အဆင့်ဖြစ်လေသည်။ လုပ်စရာ ဘာမှ မကျန်တော့သည့် အဆင့်ဖြစ်သည်။ စိတ်ထဲ၌ "ငါ" စွဲ "အတ္တ" စွဲ မရှိတော့ပေ။ စိတ်ပျက်အားလျော့ခြင်း၊ စိတ်မချမ်းမသာဖြစ်များလည်းမဖြစ်တော့ပေ။ အကြောင်းမူကား စိတ်မချမ်းမသာဖြစ်ရမည်၊ ဒုက္ခဖြစ်ရမည် "ငါ" မရှိတော့သောကြောင့် ဖြစ်လေသည်။ ထိုအခြေအနေ၊ ထိုအဆင့်၌ အရပ်သုံး စကား၊ လူသုံးစကားဖြင့် ပြောရလျှင် စစ်မှန်သော သုခ ရှိလေသည်။ အမြင့်ဆုံးသုခ ရှိလေသည်။ သို့ရာတွင် ဓမ္မစကားဖြင့် ပြောရလျှင်ကား ဘာတစ်ခုမှ မရှိပေ။ ရစရာလည်း မရှိပေ။ ရှိစရာလည်း မရှိပေ။ ဘာတစ်ခုမျှ မရှိတော့ပေ။ ယင်းအခြေ အနေကို "သုညတ" (သုည၏ အဖြစ်)ဟု ခေါ်ခြင်းဖြစ်လေသည်။ အရာဝတ္ထု ဟူသမျှ ထင်ရှားတည်ရှိနေပေသည်။ သို့ရာတွင် ယင်းအရာဝတ္ထုများကို "ငါ" "ငါ့ဟာ" ဟူသော အစွဲဖြင့် သိမြင်ခြင်းသည် လုံးလုံး မရှိတော့ပေ။ ထို့ကြောင့် "သုည" ဟုခေါ်ခြင်းဖြစ်လေသည်။

အရာဝတ္ထု ဟူသမျှကို သုညဟု မြင်ခြင်းသည် "ငါ" သို့မဟုတ် "အတ္တ" နှင့် မပတ်သက်ဟု မြင်ခြင်း ဖြစ်လေသည်။ "ငါ ပိုင်" မဟုတ်ဟု မြင်ခြင်းဖြစ်လေသည်။ မသိနားမလည်သော ရိုးရိုးအရပ်သားတို့၏ စကား၌ "သုည" ဟူသော စကားလုံးသည် ဘာတစ်ခုမျှ မရှိဟု အဓိပ္ပာယ်ရသည်။ သို့ရာတွင် ဗုဒ္ဓ၏ စကား၌မူ "သုည" ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ ဤသို့တည်း။ အရာဝတ္ထုဟူသမျှ ရှိသည်။ သို့ရာတွင် ယင်းအရာဝတ္ထုများထဲက မည်သည့် အရာဝတ္ထုကိုမဆို "ငါ" "ငါ့ဟာ" ဟူသော အစွဲဖြင့် တွယ်တာကပ်ငြိခြင်း မရှိပေ။ ထို့ကြောင့် ထိုအရာဝတ္ထုများသည် "သုည" ဖြစ်လေသည်။ "ငါ" "ငါ့ဟာ" အဖြစ်ဖြင့် တွယ်တာကပ်ငြိခြင်းမှ လုံးဝ လွတ်ကင်းလေသည်။

" သုည" ဟူသော စကားလုံးကို ထိုနည်းဖြင့် အသုံးပြုလျှင် "သုည" သည် ဓမ္မစကား၏ သုည ဖြစ်လေသည်။ ဘာတစ်ခုမျှ မရှိဟူသော အနက် အဓိပ္ပာယ်ဖြင့် အသုံးပြုလျှင်ကား "သုည" သည် အရပ်သားတို့၏ စကားဖြစ်သည်။ ရုပ်ဝတ္ထုစကားဖြစ်သည်။ ရိုးရိုးလူတို့၏ အတွင်း၌ ခေတ်စားသော ရိုးရိုးလူတို့၏ စကားဖြစ်သည်။ ဤကား ရိုးရိုးလူသုံးစကားနှင့် ဓမ္မစကား၏ခြားနားခြင်းကို ဖော်ပြသော သာဓကတစ်ခု ဖြစ်လေသည်။ ယင်း အချက်ကို စိတ်ထဲတွင် မြဲမြဲမှတ်ထားပြီးလျှင် ကျွန်ုပ်တို့သည် လူသုံးစကားနှင့် ဓမ္မစကား၏ ခြားနားချက်ကို သိရှိနားလည်အောင် ကြိုးစားသင့်လေသည်။ အခြား သာဓကတစ်ခုကို ထုတ်ပြပါဦးမည်။ ဗုဒ္ဓက.....

"သင်၏ ဖခင်ကို သတ်ပစ်လိုက်ပါ။ သင်၏ မိခင်ကို သတ်ပစ်လိုက်ပါ။ သင် နိဗ္ဗာန်ကို ရရှိပေလိမ့်မည်။ ဖခင် နှင့် မိခင်ကို သတ်ပြီး ကျေးဇူးကန်းသူ (အကတညူ) တစ်ဦးဖြစ်အောင် လုပ်လိုက်ပါ။ သင် နိဗ္ဗာန်ကို ရရှိပေလိမ့်မည်" ဟု ဟောကြားထားတော်မူသည်။

ယင်းဟောကြားချက်ကို တိုက်ရိုက် အနက်အဓိပ္ပာယ်ကောက်ပြီး ကျွန်ုပ်တို့သည် မိမိတို့၏ မိဖကို သတ်ပစ်ရမည်ဟု ဗုဒ္ဓဆိုလိုတော်မူခြင်းမဟုတ်ပေ။ ဆိုလိုတော်မူသည်မှာ-အဝိဇ္ဇာသည် ဖခင်တစ်မျိုးဖြစ်သည်။ တဏှာသည် မိခင်တစ်မျိုးဖြစ်သည်။ ကျွန်ုပ်တို့သည် ယင်း ဖခင်တည်းဟူသော အဝိဇ္ဇာ နှင့် မိခင်တည်း ဟူသော တဏှာကို ကျေးဇူးတင်ဘို့ မလိုပေ။ ကျေးဇူးတင်မည့်အစား ဖျက်ဆီး သုတ်သင်ပစ်ရမည်။ သို့မှသာ နိဗ္ဗာန်ရရှိပေလိမ့်မည်။

ယင်းသို့ ပြောဆိုခြင်းသည် ဓမ္မစကားကို ပြောဆိုခြင်းဖြစ်လေသည်။ ယင်းဓမ္မစကားကို ရိုးရိုးလူတို့သည် နားမလည်သဘောမပေါက်နိုင်ပေ။ ရိုးရိုးလူသည် လေ့လာရမည်။ စူးစမ်းရမည်။ တွေးတောရမည်။ အဆုံးစွန်သော အသိအမြင်ကို သိမြင်သဘောပေါက်သည်အထိ တွေးတောကြံဆရမည်။ သို့ရာတွင် အရိယာ ပုဂ္ဂိုလ်တို့သည်ကား၊ ဓမ္မကို ထွင်းဖောက် သိမြင်ပြီး ဖြစ်သည့် ပုဂ္ဂိုလ်တို့သည်ကား ဓမ္မစကားကို နားလည် သဘောပေါက်ကြလေသည်။စကားလုံး အနည်းငယ်ကိုသာ ဆိုသော်လည်း သူတို့သည် ရှင်းလင်းချက်မလိုဘဲ နားလည် သဘောပေါက် ကြလေသည်။ စကားတစ်လုံးမျှကိုသာ ဆိုပါ။ သူတို့ နားလည်သဘောပေါက် ကြသည်။ နောက်ထပ် ရှင်းလင်းပြောပြချက် မလိုပေ။ အကြောင်းမူကား သူတို့သည် ဓမ္မကို သိမြင် သဘောပေါက် ထားကြသောကြောင့်ဖြစ်သည်။

**ဇာတိ နှင့် မရဏ**

"ဇာတိ" နှင့် "မရဏ" ဟူသော စကားများ၌လည်း ဤနည်းနှင်နှင် ဖြစ်သည်။ လူသုံးအရပ်သုံးစကား၌ "ဇာတိ" ဟူသော စကားလုံးသည် မိခင်၏ ဝမ်းတိုက်တွင်းမှ မွေးဖွားခြင်းကို ဆိုလိုသည်။ သို့ရာတွင် ဓမ္မစကား၌ကား "ဇာတိ" ဟူသော စကားလုံးသည် တွယ်တာ ကပ်ငြိမှု အမျိုးမျိုး ပါဝင်နေသည့် အတွေးတစ်ခုခု မွေးဖွားခြင်းကို ဆိုလိုသည်။ ခဏတိုင်း ခဏတိုင်း၊ အချိန်တိုင်း အချိန်တိုင်း၌ "ငါ" "ငါ့မှာ ရှိတယ်" "ငါ ထင်တယ်" "ငါလုပ်တယ်" စသည်ဖြင့် အတ္တစွဲပါနေသော၊ အတ္တကို တွယ်တာကပ်ငြိနေသော အတွေးမျိုး ကျွန်ုပ်တို့တွင် ပေါ်ပေါက်လာလေ့ရှိသည်။

ရာဇဝတ်မှု ကျူးလွန်သူတစ်ယောက်ကဲ့သို့ သင်တွေးကြည့်ပါ။ ထိုခဏ၌ပင် သင်သည် ရာဇဝတ်မှု ကျူးလွန်သူတစ်ယောက် အဖြစ်မွေးဖွားလာရပေလိမ့်မည်။ နောက်မကြာခင် ချက်ချင်း ယင်းအတွေး ပျောက်သွားပြီး သင် ရိုးရိုးလူတစ်ယောက်ကဲ့သို့ တွေးကြည့်ပါ။ သင်သည် တစ်ခါပြန်ပြီး လူတစ်ယောက်အဖြစ် မွေးဖွား လာရပေလိမ့်မည်။ နောက် မကြာခင် မိုက်မဲသော အတွေးမျိုး ပေါ်ပေါက်လာလျှင် သင်သည် မကြာခင် မိုက်မဲသော အတွေးမျိုး ပေါ်ပေါက်လာလျှင် သင်သည် လူမိုက် အဖြစ်မွေးဖွား လာရပေလိမ့်မည်။ အကယ်၍ မိုက်မဲသော၊ ထုံအသော အတွေးမျိုး ကြီးမားစွာ ပေါ်ပေါက်လာပါလျှင် သင်သည် ထိုခဏ၌ပင် တိရစ္ဆာန်အဖြစ် မွေးဖွားလာရပေလိမ့်မည်။ တွယ်တာကပ်ငြိမှုစိတ်၊ သံယောဇဉ်စိတ် ပြင်းပြင်းထန်ထန် ပေါ်ပေါက်လာပြီး ယင်းသံယောဇဉ်စိတ်က သင်၏ကိုယ်အတွင်း၌ မီးအပူဖြင့်လောင်မြိုက်ပါက သင်သည် ငရဲဘုံ၌ ငရဲခံရသူအဖြစ်

မွေးဖွားလာရပေလိမ့်မည်။ ဘယ်တော့မှ တင်းတိမ်ရောင့်ရဲသွားသည့် အခြေအနေသို့ မရောက်နိုင်လောက်အောင် ဆာလောင်မွတ်သိပ်နေလျှင် သင်သည် ဆာလောင်မွတ်သိပ်နေသော နာနာဘာဝ (ပေတ - ပြိတ္တာ) အဖြစ် မွေးဖွားလာရပေလိမ့်မည်။ အကယ်၍ အကြောင်း မခိုင်လုံဘဲနှင့် အထိတ်တလန့်ဖြစ်နေလျှင် သင်သည် အကြောက်လွန်နေသည့် နာနာဘာဝ (အသူရာ) အဖြစ် မွေးဖွားလာရ ပေလိမ့်မည်။ ယင်းသို့အားဖြင့် တစ်နေ့တည်း၌ပင် သင်သည် နည်းအမျိုးမျိုးဖြင့် အကြိမ်များစွာ မွေးဖွားလာရ ပေလိမ့်မည်။ အချိန်မရွေး ဇာတိဖြစ်ပေါ်လာသောကြောင့် တစ်ခုခုကို တွယ်တာကပ်ငြိသော အတွေးသည်၊ အတ္တအစွဲသည် ပေါ်ပေါက်လာလေသည်။ "ငါဖြစ်သည်" "ငါဖြစ်ခဲ့သည်" "ငါဖြစ်လိမ့်မည်" စသော အတ္တအစွဲတစ်ခုခု ဖြစ်ပေါ်လာခြင်းသည် တပြိုင်နက်တည်းမှာပင် ဇာတိဖြစ်ပေါ်လာခြင်းဖြစ်ပေသည်။ ဤကား ဓမ္မစကား၌ ရှိသော "ဇာတိ" ဟူသော စကားလုံး၏ အနက် အဓိပ္ပာယ် ဖြစ်လေသည်။ ထိုကြောင့် "ဇာတိ" ဟူသော စကားလုံးကို တွေ့မြင်ကြားသိရသည့် အခါ၌ သင်တို့သည် အထူးသတိပြုသင့်ပေသည်။

"ဇာတိသည် ဒုက္ခ ဖြစ်၏" (မွေးဖွားရခြင်းသည် ဆင်းရဲမှုဖြစ်၏) ယင်းစကား၏ အနက် အဓိပ္ပာယ်မှာ အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း မွေးဖွားခြင်းသည် ဒုက္ခဖြစ်၏ဟု ဆိုလိုပေသည်။ အကယ်၍ သင်သည် "အတ္တ" ကို၊ "ငါ" ကို မွေးဖွားခွင့်ပေးလျှင် ဒုက္ခသည် မရှေ့မနှောင်း ဖြစ်ပေါ်လာလိမ့်မည်။ အကယ်၍ သင်သည် မည်ကဲ့သို့သော "ငါ" အစွဲ၊ "အတ္တ" အစွဲမျိုးမှ မရှိဘဲ တည်ငြိမ်စွာ ဣန္ဒြေရစွာ နေထိုင်လျှင်၊ အနတ္တကို ရှုမြင်သုံးသက်လျှင် ယင်းသို့ နေခြင်းသည် မမွေးဖွားဘဲ နေခြင်းနှင့်၊ ဇာတိကင်းခြင်းနှင့် သဘော တူလေသည်။ ဒုက္ခလည်း ဘယ်တော့မှ ပေါ်လာလိမ့်မည် မဟုတ်ပေ။

"ငါ" အစွဲ၊ "အတ္တ" အစွဲပါသော အတွေးမျိုး ပေါ်ပေါက်လာသည်နှင့် တပြိုင်နက် ဒုက္ခဖြစ်ပေါ်လာလိမ့်မည်။ ဒုက္ခသည် ယင်း "ငါ" ဟူသော အစွဲ၊ "အတ္တ" ဟူသော အစွဲတစ်ခုခုနှင့် အခါခပ်သိမ်း လိုက်ဖက်ကိုက်ညီလေသည်။ အကယ်၍ "ငါ" သည် လူဖြစ်လျှင် လူကဲ့သို့ ဒုက္ခခံစားရမည်။ "ငါ" အစွဲ သို့မဟုတ် "အတ္တ" အစွဲ အမျိုးအစားအလိုက် ငရဲခံရသူအဖြစ် မွေးဖွားလာနိုင်သည်။ တိရိစ္ဆာန်အဖြစ် မွေးဖွားလာနိုင်သည်။ ပြိတ္တာအဖြစ်မွေးဖွားလာနိုင်သည်။ အသူရကာယ် အဖြစ်မွေးဖွားလာနိုင်သည်။ တစ်နေ့တည်း၌ပင် သင်သည် အမျိုးမျိုး မွေးဖွားလာနိုင်သည်။ ဇာတိအမျိုးမျိုးဖြစ်ပေါ်လာနိုင်သည်။ ယင်းနည်းဖြင့် မွေးဖွားသော မွေးဖွားမှုမှန်သမျှသည်၊ ဇာတိဟူသမျှသည် တင်းတိမ်ရောင့်ရဲမှု မရှိပေ။ စိတ်ပျက်အားလျော့ခြင်း၊ စိတ်မချမ်းမသာဖြစ်ခြင်း သို့မဟုတ် ဒုက္ခမှ မကင်းလွတ်ပေ။ အကယ်၍ သင်သည် ယင်းမွေးဖွားမှု အစဉ်ကို ဇာတိအစဉ်ကို သုတ်သင်ဖျက်ဆီးပစ်နိုင်လျှင်ကား ယင်းသို့ သုတ်သင်ဖျက်ဆီးပစ်နိုင်ခြင်းသည် နိဗ္ဗာန်ဖြစ်လေသည်။

**တမလွန်ဘဝ မစဉ်းစားနှင့်**

ကွယ်လွန်သေဆုံးသွားပြီးနောက် မည်သို့ဖြစ်မည် ဆိုသည့်အချက်နှင့် ပတ်သက်ပြီး စကားပြောနေစရာ မလိုပေ။ မြေကြီးထဲတွင် မြေမြှုပ်သင်္ဂြိုဟ်လိုက်ရသော အခြေအနေနှင့်စပ်လျဉ်းပြီး စကားပြောနေစရာ ဘာလိုသနည်း။ ကွယ်လွန်ပြီးနောက် အကြောင်းကို စကားလုပ်ပြောနေခြင်းသည် အရေးပါသည့် အလုပ်မဟုတ်ပေ။ လုံးဝမလိုသည့် အရာဖြစ်သည်။ ပထမဦးဆုံး ကိုင်တွယ်ရမည့်အရာမှာ မမွေးဖွားအောင် လုပ်ရမည့် လက်ငင်းပြဿနာဖြစ်လေသည်။ အကယ်၍ ထိုကဲ့သို့ ပြုလုပ်နိုင်ပါလျှင် သင်သည် နောက်ထပ် ဒုက္ခခံရတော့မည်မဟုတ်ပေ။ ယင်းမွေးဖွားမှုအစဉ် မရှိတော့လျှင် "ငါ" သို့မဟုတ် "အတ္တ" လည်း ရှိတော့မည်မဟုတ်ပေ။ ဤကား "အတ္တ" မှ၊ "ငါ" မှ၊ "သက္ကာယဒိဋ္ဌိ" မှကင်းငြိမ်းလွတ်မြောက်ခြင်းဖြစ်သည်။ "ငါ" အစွဲသည်၊ "အတ္တ" အစွဲသည် ဆိတ်သုဉ်း သွားလိမ့်မည်။ သုည ဖြစ်သွားလိမ့်မည်။ ပြဿနာ ပြေရှင်းသွားလိမ့်မည်။ သင်သည် ဘဝတသက်တာ၌ ကျန်ရှိနေသေးသည်။ အချိန်ကာလ အရေးအတွက်မှာ အဓိပ္ပာယ်မရှိ ဖြစ်သွားပေလိမ့်မည်။ အကြောင်းမူကား "ငါ" ၏ မွေးဖွားမှု၊ "အတ္တ"၏ မွေးဖွားမှု နောက်ထပ်တဖန် ဖြစ်ပေါ်မလာစေရန် ကာကွယ်ဟန့်တားပုံ ဟန့်တားနည်းကို သင် သိမြင်သွားသည်နှင့် တပြိုင်နက် အချိန်ကာလနှင့် အနာဂတ်သည်လည်း ပျောက်ကွယ်သွားပေလိမ့်မည်။ ယင်းအခြေအနေကို "မွေးဖွားမှုမရှိခြင်း"၊ သို့မဟုတ် "ဇာတိကင်းခြင်း" ဟု ခေါ်နိုင်ပေသည်။

အရပ်သုံးစကားနှင့် ဓမ္မစကား၌ရှိသော "ဇာတိ" ဟူသော စကားလုံး၊ "မရဏ" ဟူသော စကားလုံးများ တစ်ခုနှင့် တစ်ခု ဆန့်ကျင်ဘက် အနက် အဓိပ္ပာယ် ထွက်ကြပုံကို သင်တို့ သိရှိကြပြီ။ အခြားဘာသာတရားများ၏ ကျမ်းစာ၌လည်း အထူးအားဖြင့် ခရစ်ယာန်ဘာသာ၏ ဓမ္မကျမ်းစာ၌လည်း ထိုနည်းနှင်းနှင်း ဖြစ်လေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် အတော်များများ ပိဋကတ်ကျမ်းစာများကို မသိနားမလည် သကဲ့သို့ပင် ခရစ်ယာန် ဘာသာဝင် အတော်များများလည်း သူတို့၏ သမ္မာကျမ်းစာကို မသိနားမလည်ကြပေ။ ထိုအုပ်စုနှစ်ခု ရင်ဆိုင် တွေ့ကြသည့် အခါ၌ အငြင်းအခုန် ဖြစ်ကြသည်မှာ ထိန်းမနိုင် သိမ်းမရ ဖြစ်တတ်

ကြလေသည်။

## ခရစ်ယာန်ဘာသာ၌လည်း

ထို့ကြောင့် ကျွန်ုပ်တို့သည် အရပ်သုံးစကား၊ ဓမ္မစကားနှင့် ပတ်သက်ပြီး တစ်ဦးနှင့် တစ်ဦး တစ်စုံတစ်ခုသော အတိုင်းအတာအထိ နားလည်မှုရှိအောင် ကြိုးစားသင့်ကြပေသည်။ ကျွန်ုပ် ပြောခဲ့သည့် အတိုင်း ခရစ်ယာန်ဘာသာ၌လည်း အလားတူအခြေအနေရှိနေသည်။ ယေရှုခရစ်သည် လူသားတို့၏ အပြစ်အပျောက်သွားစေရန် သူ၏အသက် သူ့ဘဝကို စွန့်လွှတ်လိုက်လေသည်။ ထို့ပြင် ခရစ်တော်က "သင်တို့သည် အသက်ရှင်နေမှု လူ့ဘဝသို့ ရောက်လာလျှင် ပညတ်တော်များကို စောင့်ထိန်းကြလော့" (ရှင်မဿဲ ခရစ်ဝင် ၁၉ - ၁၇) ဟု ဟောကြား ထားလေသည်။ ယင်းမိန့်ဆိုချက်သည်၊ အသက်ရှင်နေမှုဟူသော စကားလုံးသည်။ အနက် အဓိပ္ပာယ် တမျိုးမကရှိသည် ဆိုသည့် အချက်ကို ညွှန်ပြနေပေသည်။

"ခရစ်တော်သည် လူသတ္တဝါများအတွက် သူ၏ အသက်ကို ရွေးယူတန်ဘိုးဖြစ်စွန့်လွှတ်ခဲ့သည်" (ရှင်မဿဲ ခရစ်ဝင် ၂၀ - ၂၈)။ ဤ၌ "အသက်" ဟူသော စကားလုံးကို ယူသုံး အရပ်စကားအနက် အဓိပ္ပာယ်ဖြင့် အသုံးပြုထားခြင်းဖြစ်လေသည်။ ခရစ်တော်သည် အခြားပုဂ္ဂိုလ်များ သူ့အသက်ကို သတ်ရန် အပ်နှံခဲ့လေသည်။ ဤကားရိုးရိုးအရပ်သားတို့ သုံးစွဲပြောဆိုကြသော "အသက်" ဟူသော စကားလုံး၏ ရိုးရိုး အနက် အဓိပ္ပာယ် ဖြစ်လေသည်။ "သင်တို့သည် အသက်ရှင်နေမှုလူ့ဘဝသို့ ရောက်လာလျှင် ပညတ်တော် များကို စောင့်ထိန်းကြလော့" ဟူသော စကားဝါကျ၌ ပါရှိသော "အသက်ရှင်နေမှု" ဟူသော စကားလုံးသည် ရိုးရိုးအရပ်သားတို့ သုံးစွဲပြောဆိုသော "အသက်" ဟူသော စကားလုံးနှင့် အတူတူပင် ဖြစ်လေသည်။ သို့ရာတွင် ဤ၌ သေ၍ ရသည်၊ သေရသည့် အသက်ကို မရည်ညွှန်းပေ။ ဤစကားဝါကျ၌ပါသော အသက်မှာ သေခြင်းကို ဘယ်တော့မှ မသိသည့် အသက်ဖြစ်သည်။ ယင်းကို ထောက်၍ ရိုးရိုး "အသက်" ဟူသော စကားလုံးလေး၌ပင် ကွဲပြားခြားနားသော အနက်အဓိပ္ပာယ် နှစ်မျိုးရှိနေသည် ဟူသည့် အချက်ကို သိရှိနိုင်ပေသည်။

## ခရစ်ယာန်ဘာသာ၏ သေခြင်းတရား

နောက်ထပ် သာဓကတစ်ခုကို ကြည့်ပါဦး။

လူသုံးအရပ်စကား၌ ရှိသော "သေခြင်း" (မရဏ) ဟူသော စကားလုံးသည် အများသိပြီး ဖြစ်သည့်အတိုင်း သေခြင်း၊ သို့မဟုတ်အသက်ခံရခြင်းကို ဆိုလိုပေသည်။ သို့ရာတွင် ဘုရားသခင်၏ စကား၌ရှိသော၊ ဧဒင်ဥယျာဉ်၌ အာဒံ နှင့် ဧဝကို အကြောင်းပြုပြီး ဘုရားသခင်အသုံးပြုသော "သေခြင်း" ဟူသော စကားလုံးသည်ကား အရပ်သုံးနှင့် မတူကွဲပြား ခြားနားသော အဓိပ္ပာယ် ရှိလေသည်။ ဘုရားသခင်သည် အာဒံအား "ထိုဥယျာဉ်တွင်းရှိ အပင်၏ အသီးမစားရ၊ စားသည့်နေ့၌ သင်သေလိမ့်မည်" ကမ္ဘာဦးကျမ်း (၂ - ၁၇) ဟု အမိန့်ရှိလေသည်။ နောက်ဆုံး၌ အာဒံ နှင့် ဧဝ တို့သည် ထိုအသီးကို စားကြသည်။ သို့ရာတွင် ထိုနေ့၌ သူတို့မသေကြောင်း ကျွန်ုပ်တို့ သိရှိရသည်။ သူတို့၏ ကိုယ်ခန္ဓာများကမူ မသေကြပေ။ သို့ရာတွင် ဓမ္မစကား၏ အနက်အဓိပ္ပာယ်အရမူ သူတို့သေကြသည်။ ဓမ္မစကားအနက် အဓိပ္ပာယ်အရ သေခြင်း၊ စိတ်ပိုင်းဆိုင်ရာ သေခြင်းမှာမူ ခေါင်းသွင်းပြီး မြေမြှုပ် သင်္ဂြိုဟ်ခြင်းထက်ပင် ကြောက်စရာကောင်းသည်။ သူတို့၏ စိတ်နှလုံးထဲ၌ တောင်လောက် ထုထယ်ကြီးမားသော အပြစ်သည် အသစ်မွေးဖွားပေါ်ပေါက် လေသည်။ အကြောင်းမူကား သူတို့သည် ဝေါဟာရနှစ်ခုဖြင့် စဉ်းစားဆင်ခြင် လာကြသော ကြောင့်တည်း။ အကောင်း အဆိုး၊ ယောကျ်ား မိန်းမ၊ အဝတ်ဝတ်ခြင်း၊ ကိုယ်လုံးတီးနေခြင်း၊ လင်မယား၊ ယင်းသို့ စသည်ဖြင့် စဉ်းစားလာကြသည်မှာ သူတို့၏ စိတ်နှလုံးသည် စိတ်နှလုံးသည် ပြောပြ၍ မရနိုင်လောက်အောင်ပင် ခါးသီးပြင်းထန်သည့် ဆင်းရဲဒုက္ခများဖြင့် ပိ၍နေလေသည်။ ယင်းအရာ အားလုံးသည် အစဉ်အဆက် ဆင်းသက်လာပြီး ယခုမျက်မှောက် ခေတ်ရှိလူတိုင်း၊ လူတိုင်းတွင် အမွေအနှစ်အဖြစ် တည်ရှိနေပေသည်။ ထို့ကြောင့် "အစဦးအပြစ်" ဟူသော စကားဝေါဟာရသည် ပထမဆုံးသော လင်မယား၏ စိတ်နှလုံးထဲတွင် ပေါ်ပေါက်လာခဲ့သော အပြစ်အတွက် သုံးနှုန်းသော ဝေါဟာရ စကားလုံးဖြစ်သည်။ ယင်းအစဦးအပြစ်သည် ယခုခေတ်သူတို့၏ နောင်လာနောင်သားအားလုံးသို့ အထိ ဆင်းသက်ပြန့်ပွားလာခဲ့လေသည်။ ဤကား ဘုရားသခင်ဆိုလိုသည့် "သေခြင်း" ဟူသော စကားလုံး၏ အနက် အဓိပ္ပာယ် ဖြစ်လေသည်။ ယင်းနှစ်ခု အသီးကို (အကောင်းအဆိုး အသိ တည်းဟူသော အပင်မှ) စားလျှင် စားသည့် ခဏ၌ သင်သေလိမ့်မည်။

ဤကား ခရစ်ယာန်ဘာသာတရား၌ ရှိသော "သေခြင်း" ၏ အနက်အဓိပ္ပာယ် ဖြစ်လေသည်။ ဗုဒ္ဓ၏ စကား၌ရှိသော "သေခြင်း" သည်လည်း အလားတူ အနက်အဓိပ္ပာယ်သာလျှင် ထွက်လေသည်။ အဘယ်ကြောင့်နည်း။ တစ်ခုတည်းသော အယူအဆ၊ တစ်ခုတည်းသော အမှန်တရားကို ဟောကြားထားသော ကြောင့်ဖြစ်၏။ သံယောဇဉ်တွယ်တာမှုနှင့် ပတ်သက်သော အမှန်တရား၊ "နှစ်ခွ" နှင့် ပတ်သက်သော အမှန်တရားကို ဟောကြားထားသောကြောင့်ဖြစ်၏။ "နှစ်ခွ အတွေး" ပေါ်ပေါက်လာသည်နှင့် တပြိုင်နက် ဒုက္ခရောက်မည်မှာ ကျိန်းသေဖြစ်တော့သည်။ ယင်းအခြေအနေမှာ "သေခြင်း" နှင့် ဘာမှမထူးပေ။ ကောင်းခြင်းဟူသမျှ ကုန်ဆုံးသွားခြင်း၊ ချမ်းမြေ့အေးငြိမ်းမှု ပျက်စီးသွားခြင်း၊ ကောင်းမွန်သော အရည်အချင်းဟူသမျှ အပြီးသတ်သွားခြင်း၊ ယင်းအခြေအနေသည် သေခြင်းဖြစ်လေသည်။ ဤကား ဓမ္မစကား၌ရှိသော "သေခြင်း" ၏ အနက်အဓိပ္ပာယ် ဖြစ်လေသည်။ ဓမ္မစကား၏ အနက်အဓိပ္ပာယ်၌ လူတိုင်း လူတိုင်းသည် နေ့တိုင်း သေဆုံးပြီး မြေမြှုပ်မသင်္ဂြိုဟ်ဘဲ နေရသည်။

ယင်း အခြေအနေကို သေခြင်းဟုခေါ်လေသည်။ အကြောင်းမူကား စိတ်ပျက်အားလျော့ခြင်း၊ စိတ်မချမ်းမသာဖြစ်ခြင်းများသည် တစ်စုံတစ်ခုသော အတိုင်းအတာအထိ အမြဲမပြတ်ဖြစ်နေသော ကြောင့်တည်း။ ထို့ပြင် ကြောင်းကြခြင်း၊ ပူပန်ခြင်း၊ ဂဏာမငြိမ်ခြင်းများလည်း အမြဲမပြတ် ဖြစ်နေသော ကြောင့်တည်း။ တတ်သိနားလည်မှု ရှိလေလေ၊ ပါးနပ်လိမ္မာလေလေ၊ ထိုပုဂ္ဂိုလ်အတွက် ပိုပြီး သေခြင်း အဖြစ်များဘို့ ရှိလေလေဖြစ်သည်။ ပိုပြီး ကြောက်မက်ထိတ်လန့်ဖွယ်သေခြင်းဖြစ်ဘို့ အလားအလာ ရှိလေလေ ဖြစ်သည်။ တတ်သိနားလည်မှု ရှိလေလေ ထိုပုဂ္ဂိုလ်မျိုး၏ သေခြင်းသည် ရိုးရိုးမသိနားမလည်သူ၏ သေခြင်းထက် ထူးလေလေဖြစ်သည်။

## မသေအောင် ကြိုးစား

သင်တို့သည် မသေအောင် ကြိုးစားအားထုတ်ရမည်။ သို့မှသာ ဗုဒ္ဓ၏ တရား ဒေသနာတော်နှင့် ညီညွတ်မည်။ ဗုဒ္ဓဘာသာ၏ ရည်မှန်းချက်နှင့် ကိုက်ညီမည်။ ယင်း "အစဦးအပြစ်" သင့်အပေါ်မလွှမ်းမိုးပါနှင့်။ သင်၏ နှလုံး၊ သင်၏ စိတ်အပေါ်တွင် မစိုးမိုးစေပါနှင့်။ ယင်း "အစဦး အပြစ်" မလွှမ်းမိုး မအုပ်စိုးနိုင်အောင် ထာဝစဉ် တွန်းလှန်ပစ်ပါ။ သင်တို့သည် ဓမ္မ၏ စစ်မှန်သော သဘာဝကို သိမြင်အောင် အစဉ်သဖြင့် ကြိုးစားအားထုတ်ရမည်။ မည်သည့် "နှစ်ခွ"၊ မည်သည့် နှစ်မျိုးနှစ်စားမှ မရှိပေ။ အရှုံး အမြတ်ဟူ၍မရှိ။ သုခ ဒုက္ခဟူ၍မရှိ။ အကောင်း အဆိုးဟူ၍ မရှိ။ အကျိုးအပြစ်ဟူ၍ မရှိ။ မိန်းမ ယောကျ်ားဟူ၍ မရှိ။ ခွဲ၍ရသည့်၊ တသီးတခြားလုပ်၍ရသည့် မည်သည့် အရာဝတ္ထုမှ မရှိ။ ယင်း "နှစ်ခွ" သဘောသည်၊ နှစ်မျိုး နှစ်စား သဘောသည် သံယောဇဉ်ဟူသမျှ၏ အခြေခံဖြစ်သည်။ ထို့ကြောင့် ယင်းနှစ်ခွ အမြင်ကို တွယ်တာဆုပ်ကိုင် မထားပါနှင့်။ သံယောဇဉ်ဖြတ်ပါ။ ယင်း အရာဝတ္ထုများသည် မည်သည့် အခါမှ ဆုပ်ကိုင်ထား၍ မရသည့်၊ တွယ်တာထား၍ မရသည့် အရာဝတ္ထုများ ဖြစ်သည် ဆိုသည့် အကြောင်းကို နားလည်သဘောပေါက်အောင် ကြိုးစားပါ။ အကြောင်းမူကား ယင်း အရာဝတ္ထုများသည် အနိစ္စတရားများ ဖြစ်သောကြောင့်တည်း။ (ယင်းအရာဝတ္ထုများသည် တခဏသာခံသည့် ခဏိကတရားများသာဖြစ်ကြ၏) ယင်းနှစ်ခွ အမြင်၊ နှစ်ခွသဘောကို တွယ်တာဆုပ်ကိုင်ထားခြင်းမရှိသည့် စိတ်နှလုံးဖြင့် မိမိလုပ်ငန်း ကိုင်ငန်းများကို လုပ်ကိုင်ကြပါ။ ဘာကိုမှ တွယ်တာတပ်ငြိခြင်းမရှိဘဲ သံယောဇဉ် ရှင်းရှင်း သံယောဇဉ်ကင်းကင်းနှင့် အလုပ် လုပ်ကြပါ။ ယင်းသို့လုပ်ခြင်းကို သုညစိတ်ဖြင့် အလုပ်လုပ်ခြင်းဟုခေါ်လေသည်။

## အလုပ် လုပ်ရင်းနှင့်လည်း

ရုံး၌ဖြစ်စေ၊ အိမ်၌ဖြစ်စေ၊ သင်တို့သည် မည်သည့် အလုပ်ကိစ္စမျိုးကို မဆို သုညစိတ်ဖြင့် ပြုလုပ်ဆောင်ရွက်သင့်လေသည်။ အနားယူခြင်း၊ အပန်းဖြေခြင်းများကိုပင် သုညစိတ်ဖြင့် ပြုလုပ်သင့်လေသည်။ အမြဲမပြတ် သံယောဇဉ်ကင်းနေသော၊ လွတ်လွတ်လပ်လပ်ဖြစ်နေသော စိတ်ဖြင့် ပြုလုပ်သင့်လေသည်။ အကယ်၍ ဂဏာမငြိမ်ဖြစ်နေသော စိတ်နှလုံးဖြင့်၊ သံယောဇဉ် ဝန်ပိနေသော စိတ်နှလုံးဖြင့် အလုပ်လုပ်ပါက သင်တို့သည် ဒုက္ခတွေ့ရပေလိမ့်မည်။ ထိုခဏ၌ပင် သင်တို့သည် အပါယ်လေးဘုံတွင် မွေးဖွားကြရ ပေလိမ့်မည်။ ထိုခဏ ထိုအချိန်၌ပင် ငရဲဘုံ၌ မွေးဖွားရပေလိမ့်မည်။ တိရိစ္ဆာန်ဘုံ၌ မွေးဖွားရပေလိမ့်မည်။ အသုရကာယ်ဘုံ၌ မွေးဖွားရပေလိမ့်မည်။ ဤကားလူသားအနေနှင့် ရင်ဆိုင်နေရသော အလေးအနက်ဆုံးသော ပြဿနာဖြစ်လေသည်။ ဤကား "အစဦးအပြစ်"ဖြစ်သည်။ ဓမ္မစကား၌ ရှိသော သေခြင်းဖြစ်လေသည်။ ထို့ကြောင့် သင်တို့သည် သံယောဇဉ် ကင်းရှင်းစွာဖြင့် အလုပ်လုပ်သင့်သည်။ နေထိုင်သင့်သည်။ တစ်စုံတစ်ခုသော အရာကို တွယ်တာကပ်ငြိ မနေသင့်ပေ။ တစ်စုံတစ်ခုသော အရာပေါ်မှာ မှီခိုမနေသင့်ပေ။

ကဗျာတစ်ပုဒ်ရှိသည်။ ထိုကဗျာ၏ အဖွင့်အပိုဒ်မှာ ဤသို့တည်း…

"သုညစိတ်ဖြင့် အလုပ်ဟူသမျှကို လုပ်ပါ"

အချို့ပုဂ္ဂိုလ်များသည် ဤကဗျာ၏ အဓိပ္ပာယ်ကို လုံးလုံး နားမလည်ကြပေ။ ထိုပုဂ္ဂိုလ်များက ထိုကဗျာကို ရေးသူအား အရူးဟု စွပ်စွဲလာခဲ့ကြလေသည်။ ကဗျာ၏ အနက်အဓိပ္ပာယ်ကို အောက်ပါအတိုင်း ရှင်းလင်းပြောပြ နိုင်ပေသည်.....

သင်တို့သည် အလုပ်ဟူသမျှကို သုညစိတ်ဖြင့် ပြုလုပ်သင့်ကြလေသည်။ များစွာသော လူတို့သည်ကား ဂဏာမငြိမ်သော၊ လှုပ်ရှားသောစိတ်ရှိကြသည်။ ယင်းစိတ်သည် အမြဲမပြတ် အရာ ဝတ္ထုများကို တစ်ခုပြီးတစ်ခု ခုန်ပျံကျော်လွှားပြီး ဆုပ်ကိုင်နေသည်။ တွယ်တာကပ်ငြိနေသည်။ ယင်းအချက်သည် မှောင်မဲနေသော မောဟမိုးတိမ်တို့ ဖုံးလွှမ်းခြင်း ခံနေရသည့် စိတ်အနေအထားကို ဖော်ပြနေပေသည်။ ဆိုလိုသည်ကား ထိုပုဂ္ဂိုလ်တို့သည် ကြောင့်ကြပူပန်နေကြသည်။ ဂဏာမငြိမ် ဖြစ်နေကြသည်။ အမှောင် လွှမ်းနေကြသည်။ မလုံခြုံစိတ်မချဖြစ်နေကြသည်။ အကယ်၍ ထိုနည်းအတိုင်း ဆက်လက်သွားပါက သူတို့သည် နှစ်အနည်းငယ် အတွင်း၌ အာရုံကြောရောဂါရသို့ သေချာသည်။ သို့မဟုတ် ကြောက်မက် ထိတ်လန့်ဖွယ် အခြား စိတ်ရောဂါရသို့ သေချာသည်။ ယင်းရောဂါများသည် သူတို့အား လူမမာအိပ်ရာသို့ ပို့လိမ့်မည်။ အရေးပါ အရာရောက်သည့် လုပ်ငန်းကို လုပ်ပြီး ငွေကြေးအမြောက်အမြား ရှာဖွေရရှိနေကြသော အရည်အချင်းရှိသည့် ပညာတတ် ပုဂ္ဂိုလ်များပင် ဖြစ်စေကာမူ စိတ်နှလုံး ပုံမမှန်ခြင်းကြောင့် ၎င်း၊ စိတ်မချမှု၊ ပူပန်မှု၊ ကြောင့်ကြမှု လွန်ကဲသောကြောင့်၎င်း အာရုံကြော ရောဂါဖြစ်၎င်း၊ အစာအိမ် ရောဂါဖြင့်၎င်း၊ သို့မဟုတ် အခြားရောဂါ တစ်ခုခုဖြင့်၎င်း၊ အိပ်ရာထဲလဲနေသို့ ကျိန်းသေနေပေသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အကျော်အစော၊ ငွေကဲ့သို့သော အရာဝတ္ထုတို့ကို သဲသဲမဲမဲဆုပ်ကိုင်ထားကြသောကြောင့် ဖြစ်လေသည်။ အရှုံး အမြတ်၊ သုခ ဒုက္ခ၊ ချမ်းသာ ဆင်းရဲ၊ ကဲ့ရဲ့ ချီးမွမ်း စသော အရာများဖြင့် ဖမ်းမိနေကြသောကြောင့် ဖြစ်လေသည်။

ထို့ကြောင့် သင်တို့သည် ယင်းအရာဝတ္ထုများနှင့် ရောထွေးယှက်တင် ဖြစ်မနေသင့်ပေ။ ယင်းကဲ့သို့သော တွယ်တာမှု အပေါင်းမှ၊ သံယောဇဉ်အပေါင်းမှ လွတ်ကင်းအောင် နေပါလျှင် သင်၏ စိတ်နှလုံးသည် သုညဖြစ်လာလိမ့်မည်။ ထိုအခါ သင်သည် အသိအလိမ္မာနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာပေလိမ့်မည်။ အကြောင်းမူကား သင်၏ စိတ်နှလုံးသည် တတ်နိုင်သမျှ ကြည်လင်သန့်ရှင်း လာပေလိမ့်မည်။ ထက်မြက်လာပေလိမ့်မည်။ ယင်းကဲ့သို့သော သုညစိတ်မျိုးဖြင့် အလုပ်ကို လုပ်ပါက သင်၏ လိုအပ်မှုမှန်သမျှသည် တင်းတိမ်ရောင့်ရဲလာလိမ့်မည်။ စိတ်ပျက်အားလျော့ခြင်း၊ စိတ်မချမ်းမသာ ဖြစ်ခြင်းလည်းရှိတော့မည် မဟုတ်ပေ။ ယင်းကဲ့သို့သော အလုပ်ပလုပ်ခြင်းသည် တရားဓမ္မကို ကျင့်ကြံအားထုတ်ခြင်းပင်ဖြစ်၍ အဆင်အပြေဆုံး နည်းတနည်း ဖြစ်လေသည်။ အကြောင်းမူကား ယင်းနည်းလမ်းသည် " ကျောင်းကန်ဘုရားထဲ၌ တရားအားထုတ်ခြင်းနှင့် အိမ်၌ အလုပ်လုပ်ခြင်းအစွန်းနှစ်ဖက်ခွဲခြားရာ၌ ဘယ်အစွန်းနှစ်ဘက်မှ မပါဝင်သောကြောင့်တည်း။ ယင်းကဲ့သို့ အစွန်းနှစ်ဘက် ခွဲခြားခြင်းမှာ နားလည်မှု မရှိသူတို့ လုပ်သည့် အလုပ်ဖြစ်သည်။ လူသုံးအရပ်စကား၏ အနက်အဓိပ္ပာယ်အရ လုပ်သောအလုပ်ဖြစ်သည်။

ဓမ္မစကား၏ အလိုအရ တရားဓမ္မကို ကျင့်ကြံအားထုတ်ခြင်း အလုပ်မှာ ကိုယ်စိတ် နှစ်ပါးက လုပ်သည်။ ကိုယ်စိတ်နှစ်ပါး၌ လုပ်သည်။ ရိုးရိုး အလုပ်ကိုလည်း ကိုယ်စိတ်နှစ်ပါးကသာ လုပ်သည်။ ယင်းအလုပ် နှစ်မျိုးလုံး တစ်နေရာတည်း၌ သာလုပ်သည်။ တစ်ခုတည်း၌သာ လုပ်သည်။ တရားဓမ္မကို ကျင့်ကြံ အားထုတ်ရင်း အလုပ်လုပ်၍ရသည်။ အလုပ်လုပ်ခြင်းသည် တရားဓမ္မကျင့်ကြံအားထုတ်ခြင်းဖြစ်နိုင်သည်။ အခြားတစ်နည်းအားဖြင့် ပြောရလျှင် သံယောဇဉ် တွယ်တာကပ်ငြိခြင်း မရှိဘဲ မည်သည့် အလုပ်ကို မဆို လုပ်ကိုင်ခြင်းသည် တရားဓမ္မကို ကျင့်ကြံအားထုတ်သည့် နည်းလမ်းတစ်လမ်းပင်ဖြစ်သည်။

ထို့ကြောင့် သံယောဇဉ်ကင်းအောင်၊ ငြိမ်းချမ်းမှုရအောင် ဘာဝနာပွားများအားထုတ်နေနေ၊ အသက်မွေး ဝမ်းကျောင်းမှုအတွက် လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နေနေ၊ အကယ်၍ သင်သည် သံယောဇဉ်ပြတ်သော သုညစိတ်ဖြင့် လုပ်ပါမူကား ရုံးမှာဖြစ်ဖြစ်၊ စက်ရုံ အလုပ်ရုံမှာ ဖြစ်ဖြစ်၊ မည်သည့်နေရာမှာ ဖြစ်ဖြစ်၊ တရားဓမ္မကို ကျင့်ကြံအားထုတ်မှု ဖြစ်နေမည်သာ ဖြစ်လေသည်။ တခြားအတွေးများ၏ နှောက်ယှက်မှုမခံရဘဲ ယင်းကဲ့သို့ အလုပ်လုပ်ခြင်းသည် "အလုပ်ဟူသမျှ သုညစိတ်ဖြင့် လုပ်ပါ" ဟု ဆိုလိုခြင်းဖြစ်လေသည်။

ယင်းသို့ လုပ်ခြင်းကြောင့် အကျိုးတရား မည်သို့ရှိလာနိုင်သနည်းဆိုလျှင် သင်သည် မိမိ၏ အလုပ်၌ စိတ်ပါဝင်စားမှုရှိလာပေလိမ့်မည်။ သင်သည် မိမိ၏ အလုပ်၌ စိတ်ပါဝင်စားမှုရှိလာပေလိမ့်မည်။ သင်၏ စိတ်နှလုံးသည် အလွန်တရာ ကြည်လင်စင်ကြယ်ပြီး ထက်မြက်လာမည်ဖြစ်သောကြောင့် အလုပ်လည်းပြီး မြောက်အောင်မြင်မည်မှာ ကျိန်းသေဖြစ်ပေသည်။ ထိုမျှသာမက ငွေတည်းဟူသော အကြောင်းကြောင့်လည်း မည်ကဲ့သို့သော ဒုက္ခမျိုးမှ ဖြစ်ပေါ်လာမည် မဟုတ်ပေ။ သင်၏ လိုအပ်မှုမှန်သမျှသည်လည်း ထုံးစံအတိုင်း ရောင့်ရဲတင်းတိမ်မှု ရှိလာပေလိမ့်မည်။ ယင်းအရာ အားလုံးမှာ သံယောဇဉ်တွယ်တာမှု ကင်းပြတ်ပါမှ ဖြစ်နိုင်ပေသည်။

**သုညအားပေးပါ**

ကဗျာ၏ ဒုတိယအပိုဒ်မှာ ဤသို့တည်း....

“ထို့နောက်ရရှိသည့် အကျိုးကျေးဇူးဟူသရွေ့ကို သုညအားပေးလိုက်ပါ”

သင်၏ အလုပ်သည် ကြေးငွေအဖြစ်ဖြင့် ဖြစ်စေ၊ ကျော်ကြားမှုအဖြစ်ဖြင့် ဖြစ်စေ၊ အခြားတစ်ခုခု အဖြစ်ဖြင့် ဖြစ်စေ၊ အကျိုးကျေးဇူး ဖြစ်ထွန်းပေါ်ပေါက်လာပါလျှင် ယင်းအကျိုး ကျေးဇူးအားလုံးကို သုညကို ပေးလိုက်ပါ။ ယင်းအရာ ဝတ္ထုများသည် “ငါပိုင် ဖြစ်သည်”၊ ယင်းအရာသည် “ငါ၏ အောင်မြင်မှု ဖြစ်သည်” သို့မဟုတ် “ငါ၏ ကြီးမြင့်မှုဖြစ်သည်” သို့မဟုတ် “ငါ၏ ဘာဖြစ်သည် - ညာဖြစ်သည်” စသည့် အတွေးမျိုးကို မိုက်မဲစွာ ဆုပ်ကိုင်မထားပါနှင့်။ သင်တို့လုပ်သည့် အလုပ်ကြောင့် ဖြစ်ထွန်းလာသည့် အသီးအပွင့် သို့မဟုတ် အကျိုးကျေးဇူးကို တွယ်တာ ကပ်ငြိမနေပါနှင့်ဟု ဆိုလိုပေသည်။

**ရောဂါသည် ဘဝ**

များစွာသော သူတို့သည် ယင်းအချက်နှင့် ပတ်သက်ပြီး အလှည့်စားခံနေကြရသည်။ မှောက်မှောက် မှားမှား ဖြစ်နေကြသည်။ သူတို့သည် မိမိတို့ကိုယ်ကို အောင်မြင်မှု အရသာ၊ ရရှိသည့် ဆုလာဘ်၏ အရသာကို တပ်မက်စွဲလမ်းနေစေကြသည်။ ယင်းအချက်သည် စိတ်နှလုံးတွင်း၌ ရှိသော မှောင်မိုက်ပြီး မစင်မကြယ် ဖြစ်နေသော လောဘစိတ်များကို ပို၍ တိုးပွားများပြားစေလေသည်။ တခဏတာကလေး သတိ လက်လွတ်ဖြစ် ကြည့်ပါ။ သံယောဇဉ်နှင့် ကြောင်းကြဗျာပါဒဝန် အလေးကြီးပိသောကြောင့် ချက်ခြင်းနာကျင်ဖွယ် အပြည်နှင့် ဘုံးဘုံးလဲကျပေလိမ့်မည်။ စင်စစ် ယင်းနာကျင်မှုသည် စိတ်ပိုင်းဆိုင်ရာ နာကျင်မှုဖြစ်သည်။ စိတ်ဝေဒနာ ဖြစ်သည်။ များမကြာမီ ယင်းနာကျင်မှုသည်၊ ယင်းဝေဒနာသည် ကိုယ်ပိုင်းဆိုင်ရာဖြစ်သည့် ကိုယ်ကာယ ၌လည်း ပေါ်လာ ပေလိမ့်မည်။ အချို့ပုဂ္ဂိုလ်များသည် အာရုံကြော ရောဂါ ဖြစ်လာကြသည်။ သို့မဟုတ် စိတ်ရောဂါဖြစ်လာကြသည်။ အချို့မှာ ယနေ့ ကမ္ဘာပေါ်တွင် အဖြစ်များနေသော အကြောရောဂါများထဲက ရောဂါတစ်မျိုးမျိုး ဖြစ်လာကြသည်။ နာမည်ကျော်ကြားသည့် ပုဂ္ဂိုလ်ပင်ဖြစ်စေကာမူ၊ ဥစ္စာပေါများသည့် ပုဂ္ဂိုလ်ပင်ဖြစ်စေကာမူ၊ ဘယ်လိုပုဂ္ဂိုလ်မျိုးပင် ဖြစ်စေကာမူ ယင်းအဖြစ်မျိုးသို့ ရောက်ရသည်။ ယင်းသို့ ဖြစ်ရခြင်းမှာ ကမ္ဘာပေါ်ရှိ လူများသည် မိမိတို့၏ ဘာသာတရားကို အထင်မှား အမြင်မှားနေကြသော ကြောင့်ဖြစ်သည်။

**တခြားဘာသာတရားများ၌လည်း**

သံယောဇဉ်တွယ်တာမှု ကင်းရှင်းရေး တရားသည် ဗုဒ္ဓဘာသာထဲမှာသာ တွေ့ရှိရသည်ဟု ကျွန်ုပ်တို့ မမှတ်သင့်ပေ။ အမှန်စင်စစ်ကား သံယောဇဉ်တွယ်တာမှု ကင်းရှင်းရေးတရားကို ဘာသာတရားအားလုံး၌ပင် တွေ့ရှိနိုင်ပေသည်။ သို့ရာတွင် ယင်းတရားကို ဓမ္မစကားဖြင့်သာဖေါ်ပြထားကြသည်။ ယင်းတရား၏ အနက် အဓိပ္ပာယ်သည် နက်နဲသည်။ အပေါ်ယံ၏ အောက်ဖက်၌သာ ရှိလေသည်။ ယင်းအနက် အဓိပ္ပာယ်ကို အလွယ်တကူ မမြင်ရပေ။ ယင်းဘာသာတရားများကို ကိုးကွယ်ဆည်းကပ်ကြသူများသည် သံယောဇဉ် ကင်းပြတ်ရေးတရားအနက် အဓိပ္ပာယ်ကို အမှန်အကန် အတိအကျ သဘောမပေါက်ကြသည်မှာ မကြာခဏ ဖြစ်လေသည်။ ကျွန်ုပ်တို့ စော်စော်ကားကား ပြောဆိုခြင်း မဟုတ်ပါ။ များစွာသောလူတို့မှာ မိမိတို့၏ ဘာသာတရားကို နားလည်သဘောပေါက်ခြင်း မရှိကြသေးပေ။ ဥပမာအားဖြင့် သမ္မာကျမ်းစာ၌ ကျွန်ုပ်တို့ စကားဝါကျတစ်ခုကို တွေ့ရသည် “မယားရှိသူများသည် မရှိသကဲ့သို့ နေရမည်။ ပူဆွေးသောက ရောက်သူများသည် ပူဆွေးသောက ရောက်မနေသကဲ့သို့ နေရမည်။ ဝမ်းမြောက် ရွှင်လန်းသူများသည် ဝမ်းမြောက်ရွှင်လန်းမနေသကဲ့နေရမည်။ ပစ္စည်းဝယ်ချမ်းသူများသည် ဘာပစ္စည်းမှ မရှိသကဲ့သို့ နေရမည်” ဟူသော စကားဝါကျဖြစ်သည်။ ထိုမျှသာမက နောက်ထပ်အလားတူ စကားဝါကျလည်း ရှိသေးသည်။ ယင်း

စကား ဝါကျမှာ သမ္မာကျမ်းစာ၏ နောက်ပိုင်းတွင်ပါသည့် စကားဝါကျဖြစ်သည်။ သင်ကိုယ်တိုင် ဖတ်ကြည့်နိုင်ပေသည်။ ယင်းစကားဝါကျ၏ အနက်အဓိပ္ပာယ်ကို ကျွန်ုပ်တို့ဘာသာတရား၌ ရှိသော သံယောဇဉ်ကင်းပြတ်ရေးတရား၏ အခြေခံမူတည်ချက်အတိုင်း မှတ်ယူရမည် ဖြစ်လေသည်။ အဓိပ္ပာယ် ဆိုလိုရင်းကား အကယ်၍ သင့်မှာ မယားရှိလျှင် မယားတစ်ယောက်ရှိသည်ဟူ၍ သံယောဇဉ်တွယ်တာ မနေပါနှင့်။ အကယ်၍ သင်သည် စိတ်မချမ်းမသာဖြစ်နေလျှင် ဒုက္ခဖြစ်နေလျှင် ဘာမှမဖြစ်သလိုနေပါ။ စိတ်မချမ်းမသာ ဖြစ်မနေပါနှင့် ဟု ဆိုလိုသည်။

**ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာ**

အမှန်တကယ် ဖြစ်နေကြသည်မှာကား - များစွာသော လူတို့သည် ယင်း အရာများ၏ လွှမ်းမိုးခြင်းကို ခံနေကြရသည်။ သူတို့သည် နောက်ဆုံးပိတ်တွင် ဦးနှောက်ပျက်သွားကြသည် အထိ၊ ကိုယ့်ကိုယ်ကို သတ်သေကြသည် အထိ၊ တစ်ဦးနှင့် တစ်ဦး သတ်ကြသည် အထိ ထိုကိစ္စများနှင့် ပတ်သက်ပြီး မိမိတို့ကိုယ်ကို ဒုက္ခခံစေကြလေသည်။ စိတ်မချမ်းမသာ ဖြစ်စေကြလေသည်။ ကျွန်ုပ်တို့ပြုလုပ်သင့်သည်မှာကား - ဘာမှ မဖြစ်သလို ဆက်လက်နေထိုင်ရမည်။ ကျွန်ုပ်တို့သည် ဒုက္ခဘယ်တော့မှ ပေါ်မလာသလို၊ စိတ်မချမ်းသာ ဘယ်တော့မှ မဖြစ်သလို နေထိုင်ရမည်။ ယင်းသို့လျှင် ကျွန်ုပ်တို့သည် ယခင်အတိုင်း ဣန္ဒြေမပျက် နေရမည်။ မည်သည့် အရာဝတ္ထုကိုမှ ရယူခြင်းမရှိဘဲနှင့် ကျွန်ုပ်တို့သည် ပစ္စည်းဝတ္ထုများကို ဝယ်ချမ်းရမည်။ ကျွန်ုပ်တို့ ဝယ်ယူရရှိသည့် အရာဝတ္ထုများကို ကျွန်ုပ်တို့ ဘယ်တော့မှ တွယ်တာ မက်မောမှုမရှိရဟု ဆိုလိုသည်။ ကျွန်ုပ်တို့သည် ပစ္စည်းဝတ္ထုကို ဝယ်သည်။ သို့သော် ဘာပစ္စည်းကိုမှ မဝယ်သလိုနေရမည်။ အကြောင်းမူကား အရာဝတ္ထုတစ်ခုခုကို မိမိပိုင်သည်ဟူသော အယူအဆမျိုး ကျွန်ုပ်တို့တွင် ပေါ်မလာစေသင့်သောကြောင့်တည်း။ ဤကား "သင့်မှာဘာပစ္စည်းမှ မရှိသကဲ့သို့ ပစ္စည်းကို ဝယ်ပါ။ နေပါ" ဟူသော စကားဝါကျ၏ အနက်အဓိပ္ပာယ်ဖြစ်လေသည်။ သို့ရာတွင် သင်တို့သည် ယင်းစကားဝါကျနှင့် ပတ်သက်ပြီး ခရစ်ယာန်ဘာသာဝင် အတော်များများနှင့် ဆွေးနွေးကြည့်လျှင် သူတို့ ထိုစကားဝါကျကို လုံးဝ နားမလည်ကြောင်း တွေ့မြင် သိရှိရပေလိမ့်မည်။ ယင်းစကားဝါကျ၏ အနက်အဓိပ္ပာယ်ကို လက်တွေ့ကျကျ ကောက်မပြတတ်ကြပေ။ သူတို့သည် ရှင်းလင်းချက် ထုတ်ပြကြသည်။ သို့ရာတွင် သူတို့၏ ရှင်းလင်းချက်များမှာ လိုရင်းသို့ ဘယ်တော့မှ မရောက်ကြပေ။ အမှန်စင်စစ်ကား ယင်းစကား ဝါကျသည် "အလုပ်ဟူသမျှကို သုညစိတ်ဖြင့်လုပ်ပါ။ ထို့နောက် ရရှိသည့် အကျိုးအမြတ် အားလုံးကို သုညအားပေးပစ်လိုက်ပါ" ဟူသော ကဗျာအပိုဒ်များနှင့် အနက် အဓိပ္ပာယ် အတူတူပင် ဖြစ်လေသည်။

**သုညအစားအစာ**

ကဗျာ၏ တတိယ အပိုဒ်ကား ဤသို့တည်း....

"သူတော် သူမြတ်များ ပြုလုပ်သကဲ့သို့ သုညအစားအစာကို စားပါ"

ဤ၌ အချို့ပုဂ္ဂိုလ်များက ကျွန်ုပ်တို့ဘာကိုစားရမည်နည်း.... ဟူသော မေးခွန်းကို မေးကြလေသည်။ အကယ်၍ အရာဝတ္ထု ဟူသမျှ သုညဖြစ်သည်ဆိုလျှင်၊ သို့မဟုတ် အရာဝတ္ထုဟူသမျှကို သုညအား ပေးအပ်ရမည်ဆိုလျှင်၊ ကျွန်ုပ်တို့ ဘာကို စားရမည်နည်း။ အဖြေကား ဤသို့တည်း။ သူတော် သူမြတ်များပြုလုပ်သည့် နည်းလမ်းအတိုင်း သုညပိုင် ဖြစ်သည့် အရာဝတ္ထုကို စားသုံးရမည်။ ဆိုလိုသည်မှာ ... သင်သည် သုညစိတ်ဖြင့် အလုပ်လုပ်ပြီး ရရှိသည့် အကျိုးအမြတ်ကို သုညအား ပေးအပ်လိုက်ပါလျှင် ယင်းအကျိုးအမြတ်ကို သုညက သိုလှောင် သိမ်းဆည်းထားပေလိမ့်မည်။ စာချိန်ရောက်သည့် အချိန်တွင် သုညသိုလှောင် သိမ်းဆည်းထားသည့် အထဲက အချို့ကို စားသုံးနိုင်သည်။

ဆိုကြပါစို့။ သင်သည် အလုပ်လုပ်ပြီး ငွေတစ်သန်းရသည့် အခါ ယင်းငွေကို ဘဏ်၌ အပ်နံ့ထား လေသည်။ ယင်းသို့ပြုလုပ်ခြင်းသည် အလုပ်လုပ်၍ ရသည့်ငွေကို သုညအား ပေးအပ်သည့် သဘောဖြစ်သင့် လေသည်။ ယင်းငွေကို သင်တွယ်တာ ကပ်ငြိနေစရာမလိုပေ။ ယင်းငွေ အကြောင်းကို စဉ်းစားနေဘို့ယင် မလိုပေ။ "ဤငွေသည် ငါ့ငွေဖြစ်သည်။ ဤငွေသည် ငါပိုင်ဖြစ်သည်" ဟု မစဉ်းစားပါနှင့်။ ယင်းသို့ မစဉ်းစားပါက ထိုငွေကို သင် သံယောဇဉ် တွယ်တာနေတော့မည် မဟုတ်ပေ။ ထိုငွေကို သင် အသုံးစရိတ်အတွက် အသုံးပြုလိုသည့် အချိန်တွင် သုညစိတ်ဖြင့် အသုံးပြုပါ။ ထိုငွေကို စားဖွယ်ပစ္စည်းနှင့် အခြားလိုအပ်သည့် ပစ္စည်းကို ဝယ်ဘို့ရန်အတွက်သာ သုံးစွဲပါ။ ယင်းသို့ပြုလုပ်ခြင်းသည် သူတော် သူမြတ်များ၏ နည်းလမ်းအတိုင်း "သုညအစား အစာကို စားပါ" ဟူသော စကား ဝါကျ၏ ဆိုလိုရင်း အနက် အဓိပ္ပာယ် အတိုင်းပြုလုပ်ခြင်းပင်ဖြစ်သည်။

**သူတော်သူမြတ်**

ဤစကား ဝါကျ၌ "သူတော်သူမြတ်" ဟူသည်မှာ အသိပညာရှိသော၊ ဉာဏ်အလင်းရောင် ရရှိပြီးသော ပုဂ္ဂိုလ်တို့ကို ဆိုလိုပေသည်။ ကျွန်ုပ်တို့သည် ထိုလွတ်မြောက်မှု ရရှိပြီး ပုဂ္ဂိုလ်တို့စားသုံးသည့်နည်းအတိုင်း အစားအစာကို စားသုံးသင့်ပေသည်။ ဗုဒ္ဓသည် အစားအစာကို ဘဉ်းပေး သုံးဆောင်တော်မူသည်။ အရိယာ ပုဂ္ဂိုလ်များသည် အားလုံးပင် အစားအစာကို သုံးဆောင်ကြလေသည်။ ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူပြီးသော ပုဂ္ဂိုလ်သည် အစားအစာကို သုံးဆောင်တော်မူရန် မလိုတော့ဟု ဆိုလိုရင်းမဟုတ်ပေ။ ဘယ်သူ့ထံမှ လက်ခံရရှိသည့် အစားအစာဖြစ်ဖြစ် ဗုဒ္ဓနှင့် အရိယာ ပုဂ္ဂိုလ်တို့၏ အစားအစာမှာ အခါခပ်သိမ်း သုညအစား အစာသာလျှင် ဖြစ်လေသည်။ အကြောင်းမူကား ထိုပုဂ္ဂိုလ်မြတ်တို့သည် ပိုင်ဆိုင်သည်ဟူသော အသိမရှိဘဲ၊ တွယ်တာမှုအသိမရှိဘဲ၊ မိမိတို့ ဘာကို စားသည်၊ ဘယ်လောက်စားသည်ဟူသော အတွေးမျိုးပင် မပေါ်တော့ဘဲ အစားအစာကို စားသုံးကြသောကြောင့်ဖြစ်လေသည်။ သို့သော်လည်း ထိုပုဂ္ဂိုလ်မြတ်များတွင် စားဖွယ်သောက်ဖွယ် အလျှံပယ်ရှိသည်။ သူတို့သုံးဆောင်နိုင်သည်ထက်ပင် ပိုနေသည်။ ဤကား "သူတော်သူမြတ်များ၏ နည်းလမ်းအတိုင်း သုည အစားအစာကို စားပါ" ဟူသော စကားဝါကျ၏ အနက် အဓိပ္ပာယ် ဖြစ်လေသည်။

**သုညအားပေးလိုက်သည့်အခါ**

ယင်းနည်းအတိုင်း ကျွန်ုပ်တို့ မလုပ်နိုင်စရာမရှိပေ။ မိမိလုပ်ကိုင်ရရှိသည့် အကျိုးအမြတ်အားလုံးကို သုညအား ပေးလိုက်သည့်အခါ ယင်းအကျိုးအမြတ်များသည် အခြားတစ်နေရာသို့ ရောက်မသွားပေ။ ဆုံးရှုံးပျောက်ပျက်မသွားပေ။ ရုပ်ဝတ္ထုအနေအားဖြင့်မူ ရှိမြဲရှိနေပေလိမ့်မည်။ ကမ္ဘာပေါ်ရှိ တနေရာရာ၌ လုံခြုံစွာတည်ရှိနေပေလိမ့်မည်။ တရားဥပဒေက ထိုပစ္စည်းအား သင့်ပစ္စည်းအဖြစ် အသိအမှတ်ပြုပေလိမ့်မည်။ အကယ်၍ အခြား ပုဂ္ဂိုလ်တစ်ဦးဦးက ထိုပစ္စည်းကို ခိုးယူလျှင် သင်သည် မိမိအခွင့်အရေးကို ကာကွယ်သည့် အနေဖြင့် ရုံးတွင် တရားစွဲဆိုနိုင်သည်။ သို့ရာတွင်သုညစိတ်ဖြင့် အားလုံးပြုလုပ်ရမည်။ သင့်အနေဖြင့် စိတ်ဆိုးနေဘို့ မလိုပေ။ စိတ်မချမ်းမသာ ဖြစ်နေဘို့ မလိုပေ။ ထိုအမှုတွင် ပတ်သက်ပါဝင်နေသည်ဟု မမှတ်သင့်ပေ။ သံယောဇဉ်တွယ်တာမှု လုံးဝကင်းရှင်းစွာဖြင့် အလုပ်လုပ်ရမည်။ ယင်းသို့လုပ်ပါက သင်သည် မိမိအမှုတွင် ပို၍ပင် ပျော်ကလဲချက်ပေးနိုင်ပေလိမ့်မည်။ မိမိအတွက် မလိုလား အပ်သည့် မည်သည့် ပြဿနာမျိုးကို မဆို မဖန်တီး မပြုလုပ်သင့်ပေ။ သင်သည် မိမိ၏ အခွင့်အရေးကို အထိရောက်ဆုံးနည်းဖြင့် ကာကွယ်နိုင်ပေ လိမ့်မည်။

အနည်းငယ်ထပ်ပြီး ပြောရလျှင် - အကယ်၍ တရားစွဲဆိုသည့် အမှုတွင် သင်ပါဝင်နေပါကလည်း သင်သည် မိမိကိုယ်ကို ထိန်းချုပ်ထားရမည်။ အချိန်နှင့် အမျှ မိမိကိုယ်ကို သတိပြုရမည်။ တွယ်တာမှု ရှိမသွားအောင် သို့မဟုတ် စိတ်လိုက်မာန်ပါ ဖြစ်မသွားအောင် အထူးသတိထားရမည်။ အခြား စကားလုံးဖြင့် ပြောရလျှင် - ပထမတွင် မိမိ၏စိတ် သုည ဖြစ်သွားအောင်လုပ်ပါ။ နောက်မှ လုပ်စရာရှိသည်ကို လုပ်ပါ။ လျှောက်လဲပါ။ အမှုအနိုင်ရသည် အထိ တိုက်ပွဲဝင်ပါ။ ယင်းသို့လုပ်ပါက သင့်ဘက်က အသာရရှိနိုင်လာစရာ အကြောင်းရှိသည်။ အကြောင်းမူကား သင့်ဘက်က ကျွမ်းကျင်လိမ်မာစွာ ချေပလျှောက်လဲ နိုင်မည် ဖြစ်သောကြောင့်တည်း။ သင်သည် တခြားပုဂ္ဂိုလ်များထက်သာသော နည်းလမ်းဖြင့် အောင်မြင်မှု ရရှိမည်မှာ အမှန်မုချ ဖြစ်လေသည်။

အကယ်၍ သင်သည် လိုအပ်သည်ထင်ပါက မာန်မဲကြိမ်းမောင်းနိုင်သည်။ ပြစ်တင် ရှုတ်ချသည့် စကားလုံးများကို သုံးနိုင်သည်။ သို့ရာတွင် သုညစိတ်ဖြင့်သာလျှင် လုပ်ရမည်။ ယင်းသို့ တကယ့် တကယ် လက်တွေ့ လုပ်၍မရပါဟု ထင်ကောင်းထင်မည်။ သို့ရာတွင် အမှန်စင်စစ်အားဖြင့် လုပ်၍ရနိုင်သည်။ ဖြစ်နိုင်သည်။ ယင်းအရာအားလုံးကား သုညစိတ်ဖြင့် အလုပ်လုပ်ခြင်းဖြစ်လေသည်။ အလုပ်လုပ်ပြီး ရရှိသည့် အကျိုးအမြတ်ကို စိတ်ပါလက်ပါ သုညအား ပေးအပ်ခြင်း ဖြစ်လေသည်။ သုည သိုလှောင် သိမ်းဆည်း ထားသည့် ပစ္စည်းထဲက အစားအစာကို စားသုံးခြင်း ဖြစ်လေသည်။

**မမွေးခင်က သေပြီး**

ကဗျာ၏ နောက်ဆုံးနှင့် စတုတ္ထအပိုဒ်ကား ဤသို့တည်း.......

"မိမိကိုယ်ကို ပြန်ကြည့်ပါ။ သင်သည် မဆွကတည်းက သေပြီးဖြစ်နေသည်"

သင်သည် အဖျှတ္တသန္တာန်အတွင်း၌ သေပြီးနေပြီ။ ယင်းအဖိုးတန်အတွင်းသား "သင်" သည် ပထမဦးဆုံး ခဏကပင် ကွယ်လွန်ပြီးနေပြီ။ ဆိုလိုသည်မှာကား .... သင်သည် အတိတ်ဆီသို့ပြန်သွားပြီး သတိသမ္ပဇဉ်နှင့် ယှဉ်လျက် အတိတ်ကို ပြတ်ပြတ်သားသား အာရုံပြုကြည့်လိုက်လျှင် ပုဂ္ဂိုလ်ဟူ၍ မရှိကြောင်း၊

"သင်" ဟူ၍ မရှိကြောင်းကို တွေ့မြင် သိရှိရပေလိမ့်မည်။ ခန္ဓာငါးပါးသာလျှင် ရှိကြောင်း၊ အာယတန ခြောက်ပါးသာလျှင် ရှိကြောင်း ဓာတ်ဆယ့်ရှစ်ပါးသာလျှင် ရှိကြောင်း၊ သို့မဟုတ် သဘာဝဓမ္မသာလျှင် ရှိကြောင်းကို တွေ့မြင်သိရှိရပေလိမ့်မည်။

ကျွန်ုပ်တို့သည် ယင်းသဘာဝတရားများကို ကျွန်ုပ်တို့ကိုယ်၏ အစိတ်အပိုင်း၊ သို့မဟုတ် အစိတ်အပိုင်းများ အဖြစ် ယူဆလျက် တပ်မက်တွယ်တာ နေသော်လည်း အမှန်ကား ထိုသို့မဟုတ်ပေ။ ယင်း "ကိုယ်" သည်၊ ယင်း "အတ္တ" သည် ကွယ်လွန်သွားပြီ။ အစကတည်းက ကွယ်လွန်သေဆုံးသွားပြီ။ "ငါ" ဟူ၍ မရှိ။ "ငါ့ဟာ" ဟူ၍မရှိ "ငါ့ကို " ဟူ၍ မရှိ။ ယခင်က ကျွန်ုပ်တို့သည် "ငါ" ဟူသော စကားလုံး၏ အနက်အဓိပ္ပာယ်ဖြင့် အထင်မှားအမြင်မှားခဲ့ကြသည်။ ယစ်မူးခဲ့ကြသည်။ သွေးကြွခဲ့ကြသည်။ အဖျော့တွာသန္တာန်၌ "ငါ" ဟူ၍ အမှန်တကယ်ရှိသည်ဖြစ်၍ ယင်း "ငါ" သည် အရာဝတ္ထုများကို ပိုင်ဆိုင်နိုင်သည်ဟူ၍ ယင်း "ငါ" သည် အရာဝတ္ထုများကို ပိုင်ဆိုင်နိုင်သည်ဟူသော အစွဲကို ဆုပ်ကိုင် တွယ်တာခဲ့ကြသည်။ ယခုအခါတွင်ကား ကျွန်ုပ်တို့သည် အမှန်တရားကို သိရှိလေပြီ။ "ငါ" ဟူ၍ မရှိ။ "ငါ့ဟာ" ဟူ၍မရှိ။ "ငါပိုင်သည့် အရာ" ဟူ၍ ဘာမျှမရှိ။ "ငါ" သည် အစကတည်းက သေနေသည်မှာ ယခု အချိန်အထိ ဖြစ်သည်။ အနာဂတ်တွင်လည်း ဆက်လက်၍သေနေပေလိမ့်ဦးမည်။ "ငါ" ဟူသော စကားလုံး၏ အနက်အဓိပ္ပာယ်ဖြင့် စဉ်းစားပင် မစဉ်းစားပါနှင့်။

ယင်းသို့ဆိုသဖြင့် သင်သည် ရုပ်ဝတ္ထု အနေဖြင့် ရှိနေသော မိမိကိုယ်ကို သတ်ပစ်ရမည်ဟု အနက်အဓိပ္ပာယ် ကောက်ယူရန် မဟုတ်ပေ။ ယင်းသို့ အနက်အဓိပ္ပာယ် ကောက်ရန် မလိုပေ။ ထိုအရာကား ကိုယ်ကာယသာလျှင် ဖြစ်သည်။ အပြင်အပအကာသာလျှင် ဖြစ်သည်။

**ဓမ္မစကားထဲက သေခြင်း**

"ငါ" သို့မဟုတ် "အတ္တ" သည်ကား အဆက်အသွယ် ပြုရာ၌ အဆင်ပြေမှုရှိစေရန် ဖန်တီးထားသော စိတ်ပိုင်းဆိုင်ရာ အမှတ်အသားမျှသာ ဖြစ်လေသည်။ ယင်း "ငါ" သို့မဟုတ် "အတ္တ" အခြေခံသော၊ မည်သည့် အမာခံအရာဝတ္ထုမှ မရှိပေ။ သို့မဟုတ် မည်သည့်မြဲသော နိစ္စဖြစ်သော အရာဝတ္ထုမျှ မရှိပေ။ မြဲသော နိစ္စဖြစ်သော "ငါ" သို့မဟုတ် "အတ္တ" အဖြစ်အမှတ်မှားနေသော အစဉ်ထာဝရ ပြောင်းလဲနေသည့် ခန္ဓာသာလျှင် ရှိလေသည်။ "ငါ" သို့မဟုတ် "ငါ့ဟာ" ဟူသော သက္ကာယ အစွဲပေါ် အခြေခံသည့် အတွေးမျိုး အသိမျိုး ပေါ်ပေါက်မလာပါစေနှင့်။ ကိုယ်ကာယသည် အနှစ်သာရရှိသည့် အရာမဟုတ်ပေ။ ခန္ဓာငါးပါး (ပဉ္စက္ခန္ဓာ) ၏ အပေါင်းအစုသာလျှင် ဖြစ်သည်။ ခန္ဓာငါးပါးသည် သဘာဝအားဖြင့် သီးခြားဖြစ်သည်။ သတ်သတ်ဖြစ်သည်။ ယင်း၌ ကိလေသာနှင့် တဏှာ ရောမနေပေ။ ခန္ဓာငါးပါးသည် ဘာကိုမှ တွယ်တာ ကပ်ငြိမှု မရှိပေ။ တွယ်တာမှု (ဉပါဒါန်)၏ အခြေခံလည်း မဟုတ်ပေ။ တွယ်တာမှု (ဉပါဒါန်) အတွက် တာဝန်ရှိသော ကိလေသာမှာမူ စိတ်ပိုင်းဆိုင်ရာအမြင်၊ စိတ်ပိုင်းဆိုင်ရာ အသိသာဖြစ်လေသည်။ ထို့ကြောင့် ထိုအမြင်၊ ထိုအသိ၊ ထိုအမှတ်အသား မွေးဖွားမလာစေရန် ဟန့်တားပိတ်ပင်ထားပါ။ ထိုအမြင်၊ ထိုအသိ၊ ထိုအမှတ်အသားကို ဖြစ်ပေါ်စေသည့် အခြေအနေများ ဖြစ်ပေါ်မလာပါစေနှင့်။ ဤနည်းအားဖြင့် သင်သည် သင်၏ "ငါ" ကို၊ သင်၏ "အတ္တ" ကို သေသွားအောင် စွမ်းဆောင်နိုင်ပေသည်။ သို့မဟုတ် သင်သည် ကိလေသာ အပြီးအပိုင် ကုန်ဆုံးသွားခြင်းအားဖြင့် သေဆုံး သွားနိုင်ပေသည်။ "အတ္တ" အစွဲ၊ "သက္ကာယ" အစွဲသည် သင်၏ အတွေး၊ သင်၏ အသိပေါ်တွင် ဩဇာမလွှမ်းပါစေနှင့်။ သင်၏ အသိ၊ သင်၏ အမြင်ကို "ငါ" "ငါ့ဟာ" ဖြင့် ပုံမပေါ်ပါစေနှင့် ဤကား ဓမ္မစကား၌ ခေါ်သော "သေခြင်း" ဖြစ်လေသည်။ ယင်းအဆင့်သို့ ရောက်လျှင်ကား "ငါ" အဖြစ်ဖြင့် တွေးတောစရာလည်း ဘာမှ ရှိမည်မဟုတ်ပေ။ "ငါ့ဟာ" အဖြစ်ဖြင့် တွယ်တာကပ်ငြိစရာလည်း ဘာမှ ရှိမည် မဟုတ်ပေ။ ထိုအခါတွင် စိတ်မချမ်းမသာမှု သို့မဟုတ် ဒုက္ခလည်း ဖြစ်ပေါ်လာတော့မည် မဟုတ်ပေ။ စိတ်မချမ်းမသာမှု သို့မဟုတ် ဒုက္ခသည် "ငါ" ၌သာ ဖြစ်လေသည်။ သို့ဖြစ်၍ "ငါ" "ငါဟာ" ဟူသော အစွဲသည် စိတ်မချမ်းမသာဖြစ်မှု သို့မဟုတ် ဒုက္ခ၏ အမြစ်ရင်း အစစ်မှန်ပင် ဖြစ်လေသည်။ ယင်း အမြစ်ရင်းကို ဆွဲနှုတ်ပစ်ပါ။ ယင်းသို့ အမြစ်ကို နှုတ်ပစ်ခြင်းသည်သာ စစ်မှန်သော ကုစားချက် ဖြစ်လေသည်။ စိတ်ချမ်းသာမှု သို့မဟုတ် သုခကို ရှာမှီးခြင်းသည် စစ်မှန်သော ကုစားချက် မဟုတ်ပေ။ စိတ်ချမ်းသာမှု သို့မဟုတ် သုခကို တက်မက်တွယ်တာသည်နှင့် တပြိုင်နက် စိတ်ချမ်းသာမှုသည် စိတ်မချမ်းသာမှုဖြစ်သွားလေသည်။ သုခသည် ဒုက္ခ ဖြစ်သွားလေသည်။

**နှစ်ခွအမြင်**

အသိပညာနည်းပါးသူတို့သည် အရာဝတ္ထုဟူသမျှကို အမြဲအပြတ် တစ်နည်း မဟုတ် တစ်နည်း တွယ်တာ တပ်မက်ကြလေသည်။ ထို့ကြောင့် နှစ်သက်လိုချင်သည့် အရာဝတ္ထုများသည် အားလုံးပင် စိတ်မချမ်းသာမှု သို့မဟုတ် ဒုက္ခ၏ အကြောင်းအဖြစ်သို့ ပြောင်းလဲသွားကြလေသည်။ ကောင်းခြင်းသည်လည်း

စိတ်မချမ်းသာမှု သို့မဟုတ် ဒုက္ခ၏ အသွင် သဏ္ဍာန်သို့ပြောင်းလဲ သွားလေသည်။ ချီးမွမ်းခြင်း၊ ကျော်စောခြင်း၊ ရက်စက်ခြင်း၊ ဂုဏ်ရှိခြင်း စသည် အားလုံးတို့သည်လည်း ယင်းအရာများကို ဆုပ်ကိုင်တွယ်တာမှုပြုသည်နှင့် တပြိုင်နက် စိတ်မချမ်းသာမှု သို့မဟုတ် ဒုက္ခ၏ အသွင်သဏ္ဍာန်အဖြစ်သို့ ပြောင်းလဲသွားကြလေသည်။ ဆုပ်ကိုင်ခြင်း၊ တွယ်တာခြင်း၊ တပ်မက်ခြင်းတို့ကြောင့် အားလုံးသော အရာတို့သည် ရောင့်ရဲတင်းတိမ်၍ မရသည့်အရာများ ဖြစ်သွားကြလေသည်။ အားလုံးသည် ညီတူညီမျှ စိတ်မချမ်းသာစရာ၊ ဒုက္ခဖြစ်စရာ ဖြစ်သွားကြလေသည်။ အကောင်းဖြစ်ဖြစ် အဆိုးဖြစ်ဖြစ်၊ အကျိုးဖြစ်ဖြစ်၊ အပြစ်ဖြစ်ဖြစ်၊ သုခဖြစ်ဖြစ်၊ ဒုက္ခဖြစ်ဖြစ်၊ အမြတ်ဖြစ်ဖြစ်၊ အရှုံးဖြစ်ဖြစ်၊ အားလုံးသော နှစ်ခွအမြင်၊ နှစ်ခွ အသိတို့သည် ယင်းအရာများထဲက တစ်ခုခုကို သင်တွယ်တာကပ်ငြိသည်နှင့် တပြိုင်နက် စိတ်မချမ်းသာမှု သို့မဟုတ် ဒုက္ခအကြောင်း ဖြစ်သွားကြလေသည်။

## မယားရှိသူ မယားမရှိသလို

အကယ်၍ အသိပညာနှင့် ပြည့်စုံသည်ဖြစ်၍ မည်သည့် နှစ်ခွအရာကိုမှ၊ မည်သည့် နှစ်ခွအမြင်ကိုမှ မတွယ်တာ မကပ်ငြိဘူးဆိုလျှင် သင်သည် ယင်းအရာဝတ္ထုများကြောင့် စိတ်မချမ်းသာမှု ဖြစ်ရတော့မည် မဟုတ်ပေ။ ဒုက္ခရောက်ရတော့မည် မဟုတ်ပေ။ အကောင်းဖြစ်ဖြစ်၊ အဆိုးဖြစ်ဖြစ်၊ သုခဖြစ်ဖြစ်၊ ဒုက္ခဖြစ်ဖြစ်၊ အကျိုးဖြစ်ဖြစ်၊ အပြစ်ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် ယင်းအရာများကို သင်သည် သဘာဝဓမ္မအဖြစ်ဖြင့်သာလျှင် မြင်ပေလိမ့်မည်။ သဘာဝ၏ ရိုးရိုးအစိတ်ပိုင်းတစ်ခု အဖြစ်ဖြင့်သာလျှင် မြင်ပေလိမ့်မည်။ ယင်းအရာများသည် အားလုံးပင် သဘာဝအားဖြင့် သုည ဖြစ်ကြလေသည်။ ထိုကြောင့် ယင်းအရာများထဲက မည်သည့်အရာတွင်မှ စိတ်မချမ်းသာမှု သို့မဟုတ် ဒုက္ခ မရှိပေ။

ယင်းသို့ဖြစ်ရခြင်းမှာ "အတ္တ" သို့မဟုတ် "ငါ" အစွဲကင်းသောကြောင့် ဖြစ်လေသည်။ "ငါ" သို့မဟုတ် "အတ္တ" ကို တွယ်တာကပ်ငြိမှု မရှိသောကြောင့်ဖြစ်လေသည်။ မည်သည့် အရာဝတ္ထုကိုမှ "ငါ" ဟူသော စကားလုံး၏ အနက်အဓိအပ္ပာယ်ဖြင့် ဆက်စပ်မှုမပြုသောကြောင့် ဖြစ်ပေသည်။ သင်သည် "ငါ" "ငါ့ဟာ" ဟူသော စကားလုံးများကို အသုံးပြုနိုင်သည်။ သို့ရာတွင် ယင်းစကားလုံးများကို အပြင်အပ၌သာထားရမည်။ စိန့်ပေါ မိန့်ဆိုသကဲ့သို့ ယင်းစကားလုံးများကို သင်၏ စိတ်နှလုံးထဲတွင် တည်ရှိမနေပါစေနှင့်။ စိန့်ပေါက ဤသို့မိန့်ဆိုထားသည် - "မယားရှိသူများသည် မယားမရှိသကဲ့သို့နေရမည်။ ပူဆွေးသောက ရောက်သူများသည် ပူဆွေးသောက ရောက်မနေသကဲ့သို့နေရမည်" အလားတူ သာဓကများကို ထုတ်ပြမိန့်ဆိုထားပြီး နောက်ဆုံးတွင် "ပစ္စည်းဝယ်ချမ်းသူများသည် ဘာပစ္စည်းမှ မရှိသကဲ့သို့ နေရမည်" ဟူသော စကားဝါကျဖြင့် အဆုံးသတ်ထားသည်။

ယင်းမိန့်ဆိုချက်၏ ဆိုလိုရင်း အနက်အဓိပ္ပာယ်ကား .... အပြင်ဘမ်းအားဖြင့်မူ ကျွန်ုပ်တို့သည် အခြားပုဂ္ဂိုလ်များ၊ ပြုမူသကဲ့သို့ပင် ပြုမူသင့်လေသည်။ အခြားပုဂ္ဂိုလ်များစားသကဲ့သို့ပင် စားသင့်လေသည်။ အခြားပုဂ္ဂိုလ်များ အလုပ်လုပ်သကဲ့သို့ပင် အလုပ်လုပ်သင့်လေသည်။ အခြားပုဂ္ဂိုလ်များ စကားပြောသကဲ့သို့ပင် စကားပြောသင့်လေသည်။ "ဤကား ငါ့အိမ်ဖြစ်သည်" "ဤအရာကား ငါ့ဟာဖြစသည်" ဟူသော သူတို့၏ စကားမျိုးကိုပင် အသုံးပြုရမည်ဟု ဆိုလိုရင်းဖြစ်လေသည်။ ယင်းအနက်အဓိပ္ပာယ်သည် စကားပြောဆိုရန် အတွက် သက်သက်မှုသင့်လျော်ပေသည်။ သို့ရာတွင် စိတ်နှလုံးအတွင်း၌ကား ယင်းအနက်အဓိပ္ပာယ်မျိုး မဖြစ်ပေါ်သင့်ပေ။ ယင်းသို့နေနိုင်အောင် အလေ့အကျင့် ပြုလုပ်ပါ။ ယင်းသို့နေခြင်းကို "ပါးစပ်က တစ်လမ်း၊ စိတ်က တစ်လမ်း" (အပြောတစ်မျိုး၊ အလုပ်တစ်မျိုး) ဟု ခေါ်လေသည်။ အမှန်စင်စစ်ကား ယင်းစကားသည် လိမ်သူ၊ ညာသူ၊ လှည့်ပတ်သူများအား ရှုတ်ချကဲ့ရဲ့ရာ၌ အသုံးပြုသော စကားဖြစ်သည်။ ယင်းစကားကို ဤနေရာ၌ အသုံးမပြုခြင်းသာလျှင် ကောင်းပေသည်။ သို့ရာတွင် ဤစကားသည် တရားဓမ္မအတိုင်း နေထိုင်သူအတွက်လည်း အသုံးပြု၍ ရသည့်စကားဖြစ်လေသည်။ ဆိုလိုသည်ကား - ထိုပုဂ္ဂိုလ်သည် အပြင်အပ၌ တစ်မျိုးပြပြီး အတွင်း၌ ပြထားသည့်အရာနှင့် လုံးဝကွဲပြားခြားနားနေသည်။

## ပါးစပ်တစ်လမ်း စိတ်တစ်လမ်း

ဥပမာအားဖြင့် အပြင်ဘမ်းအားဖြင့် ထိုပုဂ္ဂိုလ်သည် ဥစ္စာဓနေ၊ အိမ်ထောင်မိသားစု၊ အကျော်အစော၊ ဂုဏ်သိက္ခာနှင့် အခြားအလားတူ အရာများ ရှိသည်ဟု ထင်နေရသည်။ သို့ရာတွင် အတွင်း၌ကား ဘာမှ မရှိပေ။ သူ၏ စိတ်နှလုံးအတွင်း၌ကား ထိုပုဂ္ဂိုလ်သည် မည်သည့် အရာဝတ္ထုကိုမှ ပိုင်ဆိုင်မှုမရှိပေ။ ယင်းသဘောကို "ပါစပ်ကတစ်လမ်း၊ စိတ်က တစ်လမ်း" ဟု ခေါ်ခြင်းဖြစ်လေသည်။ အခြားစကားလုံးဖြင့် ပြောရလျှင် - အပြင်ဘမ်းအနေအာဖြင့် တစ်မျိုးတစ်နည်းဟု ထင်ရသော်လည်း အတွင်း၌မူ အပြင်ဘမ်းနှင့် လုံးလုံးကွဲပြားခြားနားသည်။

"ပါးစပ်ကတစ်လမ်း၊ စိတ်ကတစ်လမ်း" ဟူသော ယင်းစကားဝါကျကို ဤအနက်အဓိပ္ပာယ်၌ အသုံးပြုလိုက်သည့်အခါ အစဉ်အလာအားဖြင့် မကောင်းသောအပြုအမူအတွက် အသုံးပြုသော ယင်းစကားသည် အလွန်တရာအဖိုးတန်သော အပြုအမူအတွက် အနက်အဓိပ္ပာယ်ထွက်သော စကားဝါကျအဖြစ် ပြောင်းလဲသွားလေသည်။ ကျွန်ုပ်တို့သည် ယင်းစကားဝါကျကို အစဉ်အလာအားဖြင့် မကောင်းသော အပြုအမူအတွက် အသုံးပြုလာခဲ့ကြလေသည်။ အကြောင်းမူကား ပါးစပ်က တစ်မျိုး၊ စိတ်ထဲက တစ်မျိုးဖြစ်နေခြင်းသည်၊ အပြောတစ်မျိုး၊ အလုပ်တစ်မျိုးလုပ်ခြင်းသည် လှည့်စားခြင်းသဘောဖြစ်သောကြောင့်တည်း။ လိမ်ခြင်းညာခြင်း ဖြစ်သောကြောင့်တည်း။ မရိုးသားခြင်းဖြစ်သောကြောင့်တည်း။ စကားနှင့် စိတ်နှလုံး နှစ်မျိုးလုံးရိုးသားဖြောင့်မတ်ပါပဟူ၍၎င်း၊ ပါးစပ်က ဘုရား၊ လက်က ကားယားမဖြစ်ပါစေနှင့်ဟူ၍၎င်း၊ အတွင်းအပြင် ရှင်းရှင်းဘွင်းဘွင်းဖြစ်ပါစေဟူ၍၎င်း၊ အခြားအလားတူ စကားဝါကျများဖြစ်၎င်း၊ ဆိုဆုံးမထားကြသည် မဟုတ်လော။ သို့ရာတွင် ယင်းစကားဝါကျများသည် အရပ်သုံး လူသုံး စကားများသာဖြစ်သည်။ ဓမ္မစကားမဟုတ်ပေ။ ရိုးရိုးအရပ်သားတို့သည် ယင်းကဲ့သို့သော စကားဝါကျများကို ပြောဆိုနေကြလေသည်။ သို့ရာတွင် ယင်းစကားဝါကျသည် ဗုဒ္ဓ၏စကားအရ အနက် အဓိပ္ပာယ်ကောက်ယူလျှင်ကား ကျွန်ုပ်တို့သည် "ပါးစပ်ကတစ်လမ်း၊ စိတ်ကတစ်လမ်း" ဟူသော နည်းလမ်းအတိုင်း နေထိုင်သင့်သည်ဟူသော အနက်အဓိပ္ပာယ် ထွက်လာလေသည်။ အခြားစကားလုံးဖြင့် ပြောရလျှင် အပြင်ဘမ်း၌ တနည်းတဖုံဟု ထင်နေရသော်လည်း အတွင်း၌ကား ယင်းအပြင်ဘမ်းက နည်းနှင့်မတူကွဲပြား လုံးဝခြားနားသည့် နည်းဖြင့်နေရမည်ဖြစ်လေသည်။ အပြင်ဘမ်း၌ အခြားပုဂ္ဂိုလ်များကဲ့သို့ပင် အရာဝတ္ထုအားလုံးကို ပိုင်ဆိုင်နေလေသည်။ သို့ရာတွင် စိတ်နှလုံးအတွင်း၌ကား ဘာတစ်ခုမျှ မရှိရပေ။ ဘာကိုမျှ ပိုင်ဆိုင်မှု မရှိရပေ။ ထို့ကြောင့် ယင်းစကားပုံ၏ အနက်အဓိပ္ပာယ်ကို အရပ်စကား၏ အနက်အဓိပ္ပာယ်ဖြင့် မကောက်ယူဘဲ ဓမ္မစကား၏ အနက်အဓိပ္ပာယ် ဖြင့် ကောက်ယူရန် သတိမမေ့ကြပါနှင့်။

**ကုသိုလ်ကို တိုးတိုး တိတ်တိတ်လုပ်**

ဗုဒ္ဓသည် ကျွန်ုပ်တို့အား ဟိတ်ဟန်မပြရန်၊ သိပ်သိပ်သည်းသည်းနေရန် ဆုံးမဟောကြားတော်မူလေသည်။ ယင်းအချက်နှင့်ပတ်သက်၍ ခရစ်တော်လည်း အများအပြားဟောကြားထား လေသည်။ ယင်းအချက်နှင့် ပတ်သက်သော ဟောပြောချက်များသည် သမ္မာကျမ်းစာ၌ အများအပြားရှိလေသည်။ တောင်ပေါ်တရား၌ ခရစ်တော်သည် မည်သည့် အခါတွင်မည်သို့မည်ပုံ ကုသိုလ်ပြု သင့်သည်ဆိုသည့် အကြောင်းကို ဟောပြတော်မူသည်။ ကုသိုလ်ပြုသည့်အခါ သူတစ်ပါးမမြင်အောင် လျှို့ဝှက်စွာပြုပါ။ အကြောင်းမူကား အကယ်၍ သင်သည် သင်ကုသိုလ်ပြုသည်ကို သူတပါး မြင်တွေ့စေလိုလျှင် ယင်းသဘောတထားသည် ဟိတ်ဟန်လုပ်လိုခြင်း၊ ပကာသနလုပ်လိုခြင်းသာဖြစ်သည်။ ယင်းသည် တွယ်တာတပ်မက်ခြင်းပင် ဖြစ်လေသည်။ ခရစ်တော်က ခရစ်ယာန်ဘာသာဝင်များအား ....

"ဥပုသ် စောင့်သုံးသည့်အခါ မိမိ ဥပုသ်စောင့်သုံးနေကြောင်း လူသူတပါး မသိရှိစေရန် နဂိုအတိုင်း အမွှေးနံ့သာများကို လိမ်းကျံထားပါ။ သို့သော် ဥပုသ်ကိုမူ တင်းကြပ်စွာ စောင့်ထိန်းပါ"

ဟု ညွှန်ကြားထားလေသည်။ ခရစ်တော်သည် သူ၏ တရားတော်၌ ယင်းအချက်နှင့် စပ်လျဉ်းပြီး နည်းအမျိုးမျိုးဖြင့် အလေးအနက်ဟောကြားထားလေသည်။ အကယ်၍ သင်သည် ဘုရားသခင်အား ရှိခိုးပူဇော်သည်ဆိုလျှင် သင် ရှိခိုးပူဇော်နေသည်ဆိုသည့် အကြောင်းကို အခြားသူ မမြင်ပါစေနှင့် ဟူ၍၎င်း၊ အကယ်၍ သင်သည် အလှူဒါနပြုသည် ဆိုလျှင် တိုးတိုးတိတ်တိတ် ပြုလုပ်ပါ။ လျှို့လျှို့ဝှက်ဝှက် ပြုလုပ်ပါ။ ဒါနရှင် မည်သူဆိုသည်ကို အခြားသူများ မသိပါစေနှင့် ဟူ၍၎င်း၊ ညွှန်ကြားဟောပြောထားလေသည်။

**ဆင်းတုတော် ကျောဘက်ရွှေချခြင်း**

ယင်းတရားဒေသနာတော်၏ အခြေခံဦးတည်ချက်မှာ သံယောဇဉ်ကင်းရေး၊ ဥပါဒါန်ကင်းရေးပင် ဖြစ်လေသည်။ ခရစ်တော်သည် ယင်းကဲ့သို့ "ငါ" စွဲ၊ "အတ္တ" စွဲကင်းသည့်နည်းလမ်းဖြင့်ပြုမူခြင်းသည် ကိလေသာ အညစ်အကြေးများကို ဖျက်ဆီးရှင်းလင်းပစ်ရာ၌ အကူအညီ အထောက်အပံ့ပေးသည်ဟု ဟောပြောတော်မူ လိုရင်း ဖြစ်လေသည်။ ယင်းဆိုလိုချက်အရ တခြားသူများအား အသိမပေးဘဲ တိုးတိုး တိတ်တိတ် ၏အလှူဒါနပြုခြင်းသည်၊ အခြားသူများအား သိစေပြီး (ပကာသန အမျိုးမျိုးဖြင့် ရပ်သိရွာသိ ဖြစ်အောင်လုပ်ပြီး) အလှူဒါနပြုခြင်းများနှင့်မတူဘဲ ဒါနရှင်အလှူရှင်စိတ်တွင်းမှ ကိလေသာ အညစ်အကြေးတို့ကို ဖယ်ရှားဖျောက်ဖျက်ပစ်နိုင်သည်ဟူ၍ ကျွန်ုပ်တို့ နားလည်သဘောပေါက်သင့်ပေသည်။ ခေတ်စားနေသော စကားပုံတစ်ခုရှိသည်။ "ဆင်းတုတော်၏ ကျောဘက်တွင် ရွှေချခြင်း" ဟူသော စကားပုံကိုဖြစ်သည်။ ယင်းစကားပုံကို အနက်အဓိပ္ပာယ်နှစ်မျိုး ကောက်နိုင်သည်။ အသိအလိမ္မာမရှိသည့် အရပ်သားတို့ နားလည်သည့် အနက်အဓိပ္ပာယ်အရ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ဆင်းတုတော်၏

ကျောဘက်တွင် ဘယ်တော့မှ ရွှေမချပေ။ အကြောင်းမူကား ဆင်းတုတော်၏ ကျောဘက်တွင် ရွှေချခြင်းအားဖြင့် ရွှေချသူသည် ထိုက်တန်သည့် ဂုဏ်သိက္ခာ သို့မဟုတ် တစ်ခုခုကို ရရှိလိမ့်မည် မဟုတ်သောကြောင့်တည်း။ ဒုတိယအနက်အဓိပ္ပာယ်အရမူ အသိအလိမ္မာနှင့် ပြည့်စုံသူသည် ဆင်းတုတော်၏ ကျောဘက်၌ ရွှေချခြင်းသည် ပြုသင့်ပြုအပ်သည့်အလုပ် ဖြစ်၏ဟူ၍ နားလည် သဘောပေါက်လေသည်။ ထိုပုဂ္ဂိုလ်သည် လူအပေါင်း၏ အသိအမှတ်ပြုခြင်း၊ သို့မဟုတ် အထင်ကြီးခံရခြင်းကို အလိုမရှိပေ။ ယင်းသို့ ပြုလုပ်ခြင်း၌ ထိုပုဂ္ဂိုလ်သည် ဆင်းတုတော်၏ မျက်နှာတော် သို့မဟုတ် ရှေ့ဘက်၌ ရွှေချခြင်းထက် ပိုမိုသည့်ကောင်းမှုကို ပြုလုပ်ခြင်း ဖြစ်လေသည်။

ထိုကြောင့် "ဆင်းတုတော်၏ ကျောဘက်၌ ရွှေချခြင်း" နှင့် "ကုသိုလ်ကောင်းမှုကို တိတ်တိတ်ဆိတ်ဆိတ် ပြုခြင်း" တို့သည် အနက်တူ အဓိပ္ပာယ်တူဖြစ်ကြလေသည်။ ဆိုလိုသည်ကား သူတစ်ပါးအား အသိမပေးဘဲ၊ မကျေညာဘဲ အခါခပ်သိမ်း တွယ်တာမှုကို၊ သံယောဇဉ်ကို ဖျက်ဆီးပစ်ခြင်း ဖြစ်လေသည်။ နောက်ဆုံးအဆင့်၌ ဘာမရာဝတ္ထုမှ မရှိဟူ၍ ပြောနိုင်သည် အထိ၊ "ငါ" ဟူ၍ မရှိ၊ အကောင်းဟူ၍ မရှိ၊ အဆိုးဟူ၍လည်း မရှိ၊ အကျိုးဟူ၍လည်း မရှိ၊ အပြစ်ဟူ၍လည်း မရှိ၊ သုခဟူ၍လည်း မရှိ၊ ဒုက္ခဟူ၍လည်း မရှိ၊ နောက်ဆုံး ဘာသာတရားဟူသည်ပင် မရှိဟူ၍ ပြောနိုင်သည် အထိ တွယ်တာမှုကို၊ သံယောဇဉ်ကို အမြစ်ပါဖြုတ်ပစ်ဖြင်းဖြစ်လေသည်။ ယင်းအဆင့် (မှီခိုစရာ၊ ဆုပ်ကိုင်တွယ်တာစရာ ဘာမှမရှိသည့် အဆင့်) သည် သံယောဇဉ်ပြတ်ခြင်း၏၊ တွယ်တာမှု ကင်းခြင်း၏၊ ဥပါဒါန် ကင်းခြင်း၏ အမြင့်ဆုံးသော အဆင့် ဖြစ်လေသည်။

အမြင့်ဆုံးသော ဓမ္မဖြစ်သည့် သံယောဇဉ် ပြတ်ခြင်း၊ တွယ်တာမှု ကင်းခြင်း၊ ဥပါဒါန် ကင်းခြင်းသည် အံ့သြဖွယ်ကောင်းသည်၊ အလွန်တရာ အဖိုးထိုက်တန်သည်၊ အထူးခြားဆုံးဖြစ်သည် ဆိုသည့် အကြောင်းကို စဉ်းစား ကြည့်ကြဦးစို့။ သံယောဇဉ်ပြတ်ခြင်းသည်၊ တွယ်တာမှုကင်းခြင်းသည်၊ ဥပါဒါန် ကင်းခြင်းသည် ဘာသာတရားဟူသမျှ၏ နှလုံးသည်ပွတ်ဖြစ်သည်။ ဓမ္မ၏ အနှစ်သာရ ဖြစ်သည်။ အကယ်၍ ဘုရားသခင်ရှိသည် ဆိုလျှင် ယင်း၌ ဘုရားသခင်ကို တွေ့ရမည် ဖြစ်လေသည်။

**အခမဲ့ နိဗ္ဗာန်**

ယင်းသည် အမှန်တကယ် အံ့သြဖွယ်ကောင်းပေသည်။ အကြောင်းမူကား ယင်းသို့ ရယူလိုသည့် မည်သူမဆို အရင်းမစိုက်ရဘဲ ရယူနိုင်ပေသည်။ ငွေမလိုပေ။ လူသုံးအရပ်သုံး စကားအရဆိုလျှင် အရင်းမစိုက်ဘဲ ဘာမှ မရရှိနိုင်ပေ။ အရပ်သုံးလူသုံးစကားကို နားထောင်လျှင် အကယ်၍ သင်သည် အကျိုးအမြတ်တစ်ခုခုကို အလိုရှိပါက ငွေကြေးကို ပေးရမည် သို့မဟုတ် လုပ်အားကို အရင်းတည်ရမည် ဆိုသည်ကို ကြားရပေလိမ့်မည်။ သို့ရာတွင် ဓမ္မစကားကို နားထောင်လျှင်ကား လုံးဝ ကွဲပြားခြားနားချက်ကို ကြားရပေလိမ့်မည်။ နိဗ္ဗာန်ကို အခမဲ့ ရနိုင်သည်ဟု ဗုဒ္ဓက ဟောထားတော် မူသည်။ ငွေကြေး ဘယ်လောက်မှ မတည်ရင်းနှီးခြင်း မလုပ်ရဘဲနှင့် နိဗ္ဗာန်ကို ရနိုင်သည်ဟု ဆိုလိုသည်။ ခရစ်တော်ကလည်း အလားတူပင်း မိန့်ဆိုထားလေသည်။ သုံးကြိမ်ထက်မနည်း "လာလှည့်၊ အဖိုးအခမပေးဘဲနှင့် အသက်ရေကို သောက်လှည့်" ဟု မိန့်ဆို ထားလေသည်။ ထိုနောက် ထာဝရ အသက်ရှင်နေမှု၊ ထာဝရဘာဝသို့ ဝင်ရောက်ရန် မိန့်ဆိုလေသည်။ ယင်း၏ အဓိပ္ပာယ်မှာ ဘုရားသခင်နှင့် အတူ ရှိနေပြီး ဘယ်တော့မှ မသေတော့သည့် အခြေအနေသို့ ရောက်ရှိရန် အားထုတ်ပါဟု ဆိုလိုသည်။

"ရေမွတ်သိပ်နေသောသူ လာပါစေ၊ တောင်းတလိုလားနေသောသူ အသက်ရေကို အဖိုးအခ မပေးဘဲ သောက်ပါစေ" (ဗျာဒိတ်ကျမ်း ၂၂၊ ၁၇)

ခရစ်တော်၏ ဖိတ်ခေါ်သံသည် ဗုဒ္ဓမိန့်ကြားခဲ့သည့် အတိုင်းပင်ဖြစ်သည်။ မြင့်မြတ်သော လမ်းစဉ်၊ မြင့်မြတ်သော အကျိုးထူးတရား၊ နိဗ္ဗာန်တို့သည် အဖိုးအခမရှိကုန်၊ ငွေကြေးအရင်းအနှီး မလိုဟု ဗုဒ္ဓကဟောကြားထားတော်မူသည်။ မြင့်မြတ်သောလမ်းစဉ်ဖြစ်သည့် မဂ္ဂင်ရှစ်ပါး လမ်းစဉ်အတိုင်း ကျွန်ုပ်တို့ နေထိုင်ခြင်းသည် ဤအရာ ထိုအရာများကို ကျွန်ုပ်တို့စွန့်ပစ်ခြင်း အဓိပ္ပာယ်ပင်ဖြစ်လေသည်။ အရာဝတ္ထုဟူ သမျှကို စွန့်ပယ်ပြီး အဓိပ္ပာယ်ပင် ဖြစ်လေသည်။ အရာဝတ္ထု ဟူသမျှကို စွန့်ပယ်ပြီး ဘာကိုမှ မယူခြင်း ဖြစ်လေသည်။ ယင်းနည်းလမ်းအတိုင်းနေထိုင်ဘို့ရန်အတွက် ဘာကိုမှ ပေးလို့မလိုပေ။ သင်သည်

မြင့်မြတ်သော လမ်းစဉ်ကိုရနိုင်သည်။ မြင်းမြတ်သော အကျိုးထူးတရားကို ရနိုင်သည်။ မြင့်မြတ်သော နိဗ္ဗာန်ကို ရနိုင်သည်။

ဤကား အဖိုးအခ တစုံတရာပေးဖို့ မလိုဘဲ နိဗ္ဗာန်အရသာကို သင် မည်သို့မည်ပုံ စားသုံးနိုင်သည် ဆိုသည့် အကြောင်းကို ပြဆိုခြင်း ဖြစ်ပေသည်။ သို့ရာတွင် တကယ် လက်တွေ့၌ကား လူတို့သည် နိဗ္ဗာန်ကို ဝယ်ယူရန်အတွက် ငွေကြေးအမြောက်အများ သုံးစွဲကြသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်တို့သည် မိမိတို့ကိုယ်ကို မိမိတို့ဖျက်ဆီးနေကြသူများ ဖြစ်ပေသည်။ ယင်းကဲ့သို့ပြုခြင်းသည် ကောင်းကင်ဘုံကို သွားရန်အတွက်၊ နတ်ပြည်ကို သွားရန်အတွက် ငွေအရင်းအနှီးမတည် မြှုပ်နှံနေကြသည်နှင့်တူလေသည်။ အလွန်ရယ်ဖွယ် ကောင်းပေသည်။ ငွေကြေးမတည် မြှုပ်နှံခြင်းနှင်း နိဗ္ဗာန် ရရှိရေးသည် တစ်စုနှင့်တစ်ခု မည်သို့မှ ဆက်စပ်မှု မရှိပေ။ အကယ်၍ သင်သည် အလှူဒါန ပေးကမ်းလှူဒါန်းလိုသည် ဖြစ်ပါမူ တခြားပုဂ္ဂိုလ်များ၏ အကျိုးအတွက် ရိုးသားစွား ပေးကမ်းလှူဒါန်းသင့်ပေသည်။ နိဗ္ဗာန်သည် ကျွန်ုပ်တို့၏ ပထမဦးဆုံး အရေးကြီးသော အရာဖြစ်သည်။ နိဗ္ဗာန်သည် ငွေကြေးနှင့် မရောယှက်ပေ။

ယင်းသို့ဖြစ်လျှင် ကျွန်ုပ်တို့ အဘယ်ကြောင့် လှူဒါန်းပေးကမ်းနေသနည်း။ အလှူဒါန ပြုခြင်းမှာ ကျွန်ုပ်တို့၏ လူသားအချင်းချင်းအား ငွေကြေးအရင်းအနှီး မစိုက်ရဘဲ ရရှိသည့် အရာဝတ္ထုကို ရရှိရေးအတွက် အကူအညီပေးရန် ဖြစ်လေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လူသား အချင်းချင်းအား မှန်ကန်သော လမ်းမပေါ် လျှောက်သွားနိုင်စေရန်၊ နောက်ဆုံးတွင် အဖိုးအခမပေးဘဲ ရရှိသည့် နိဗ္ဗာန်ခေါ်သည့် အရာဝတ္ထုသို့အထိ ရောက်ရှိသွားနိုင်စေရန် ကျောင်းအရမ်များ ဆောက်ဘို့ရန်နှင့် စာသင်ကျောင်းများ ဆောက်ဘို့အတွက် ငွေကြေး လှူဒါန်းကြလေသည်။

**ခရစ်ယာန်၌လည်း အခမဲ့**

ထို့ကြောင့် မိမိတို့၏ ဉစ္စာဓနအင်အားဖြင့် အကျိုးဖလရရှိရန်၊ ကုသိုလ်ရရှိရန် အကြံပြုကြသော သူများသည် မိမိတို့၏ စိတ်ထားကို ပြောင်းလဲကြရန် အကြံဉာဏ်ပေးလိုက်ပါသည်။ အကြောင်းမူကား အကယ်၍ သင်တို့သည် ယင်းသဘောထားကို မပြောင်းလဲပါက အမြတ်ထက် မရှုံးပေါ်ဘို့ သေချာပေသည်။ မိမိတို့အသုံးပြုထားသည့် ငွေနှင့် ညီမျှသော ရင်းစားကိုပင် ပြန်ရဘို့ မလွယ်ကူပေ။ အမြတ်မရှိလျှင် အရှုံးသာလျှင် အဖြတ်တင်နေလိမ့်မည်။ ထိုနည်းအတိုင်း ပြုလုပ်ခြင်းသည် ဗုဒ္ဓဟောကြားထားသော တရားတော်နှင့် ဖီလာဖြစ်သည်။ ဗုဒ္ဓက "အခမဲ့" ဟု ဟောကြားထားလေသည်။ ခရစ်တော်ကလည်း "အခမဲ့" ဟုဟောကြားထားလေသည်။ ခရစ်တော်ကမူ "အဖိုးအခ မပေးရဘဲ ရရှိသည့်အရာကို အဖိုးအခမယူဘဲ ပေးပါ" (ရှင်မဿဲ ခရစ်ဝင် ၁၀) ဟူ၍ပင် ထပ်ပြီးဟောကြားထားလေသည်။ ဗုဒ္ဓသည် ယင်းစကားမျိုးအတိုင်း ဟောကြားထားပုံကား မရပေ။ သို့ရာတွင် ဗုဒ္ဓတရားတော်၏ သွယ်ဝိုက်သော ဆိုလိုရင်းအဓိပ္ပာယ်ကို ထောက်ရှုလျှင် ယင်းစကားမျိုးကို ဗုဒ္ဓလည်း မဟောကြားနိုင်စရာ အကြောင်း မရှိပေ။ အကယ်၍ အခမဲ့ရရှိသည် ဖြစ်ပါလျှင် ထိုအခမဲ့ ရရှိသည့် အရာကို သင်သည် အဖိုးအခမယူဘဲသာလျှင် ပေးဝေသင့်လေသည်။ စိတ် စနောင့်စနင်း ဖြစ်မနေပါနှင့်။ တွန့်ဆုတ်တွန့်ဆုတ် လုပ်မနေပါနှင့်။ ဆရာတစ်ဦး အနေနှင့် တပည့်ထံမှ ကျေးဇူး သို့မဟုတ် လက်ဆောင်ကို မျှော်လင့်မနေပါနှင့်။ ယင်းသို့ မျှော်မှန်းခြင်းမှာ မသင့်လျော်ပေ။ သင်သည် အရာဝတ္ထုတစ်ခုခုကို အဖိုးအခမပေးရဘဲ ရရှိသည် ဖြစ်ပါမူ ထိုအရာဝတ္ထုကို အဖိုးအခ မယူဘဲနှင့်သာ စွန့်ကြဲပေးကမ်းလိုက်ပါ။ အရာဝတ္ထုများထဲက အမြင့်မြတ်ဆုံးဖြစ်သည့် ဓမ္မသည် အဖိုးအခမပေးဘဲနှင့် ရရှိနိုင်သည့်အရာဖြစ်လေသည်။ ဓမ္မကိုသင်ရရှိလျှင် သင်၏ လူသားအချင်းချင်းအား အဖိုးအခမယူဘဲနှင့် ဖြန့်ဝေရပေလိမ့်မည်။ အဖိုးအခရရေးအတွက် စိတ်လှုပ်ရှားမနေပါနှင့်။ ဘဲစား ဘဲချေ တစ်ခုခုပြန်ရရေး အတွက် မျှော်လင့် တောင်းတ မနေပါနှင့်။

ဘာသာရေးကိစ္စ တစ်ခုခုအတွက် အလှူဒါနပြုလုပ်သည့် အခါ၌ကား ယင်းသို့ အလှူဒါနပြုခြင်းသည် တခြားရည်ရွယ်ချက် တစ်ခုခုအတွက် ဖြစ်လေသည်။ နိဗ္ဗာန်ရရှိရေးနှင့်မူ မည်သို့မျှ မပတ်သက်ပေ။ အမှန်စင်စစ်ကား အလှူဒါနပြုခြင်းသည် လမ်းပျောက်နေသူများအား လမ်းတွေ့နိုင်ရန်အတွက် နောက်ဆုံး အခမဲ့ရရှိနိုင်သည့် အရာကို ရရှိနိုင်ရန်အတွက် အကူအညီ အထောက်အပံ့ ပေးခြင်းသာလျှင် ဖြစ်ပေသည်။ အပြီးသတ်အဆင့်၌ကား ထိုပုဂ္ဂိုလ်များသည်လည်း အဖိုးအခ မပေးဘဲနှင့် ရရှိနိုင်သည့် အရာကို ရရှိကြပေလိမ့်မည်။

**ထာဝရအသက်ရှင်နေမှု**

အကယ်၍ သင်သည် သတိထားပြီး ကြည့်ရှုသုံးသပ်မည် ဆိုပါလျှင် ယင်းအလွန်အဖိုးထိုက်တန်သည့် အရာသည်၊ ယင်း အံ့သြဖွယ်ရာများအနက် အံ့သြဖွယ် အကောင်းဆုံးဖြစ်သည့် အရာသည်၊ ယင်းအခမဲ့

ရရှိနိုင်သည့် ကြက်သရေ မင်္ဂလာနှင့် ပြည့်စုံသော အရာသည် နိဗ္ဗာန် ခေါ်သည့် အရာ ဖြစ်ကြောင်း၊ သို့မဟုတ် သင်ခေါ်ချင်သလိုခေါ်နိုင်သည့်အရာ ဖြစ်ကြောင်း တွေ့မြင်သိရှိရပေလိမ့်မည်။ ခရစ်တော်က ယင်းကို "အသက်ရှင်နေမှု" ဟု ခေါ်လေသည်။ ကျွန်ုပ်တို့ ယခုတည်ရှိနေသည့် အခြေအနေကို အသက်ရှင်နေခြင်းဟု မသတ်မှတ် မယူဆပေ။ အကြောင်းမူကား သေဆုံးနေသောကြောင့်ဖြစ်လေသည်။ လူတိုင်းလူတိုင်း သေနေသည်။ ထို့ကြောင့် သူတို့သည် ဘုရားသခင် ထံသို့ မရောက်ကြပေ။ အဆုံးစွန်း အခြေအနေသို့ မရောက်ကြပေ။ အကယ်၍ ခရစ်တော်၏ တရားဒေသနာကို လိုက်နာကျင့်သုံးမည်ဆိုပါက သင်သည် ချက်ခြင်း တဖန် မွေးဖွားလာပေလိမ့်မည်။ အကြောင်းမူကား ဘုရားသခင့်တိုင်းပြည်ကို ရှုမြင်ရန်အတွက် တဖန်ပြန်လည် မွေးဖွားလာဘို့ရန် လိုအပ်ပေသည်။ သင်သည် ပထမဦးစွာ သေရမည်။ ထို့နောက်မှ အသစ်တဖန် ပြန်လည်မွေးဖွားလာရပေလိမ့်မည်။ အသစ်တဖန်ပြန်လည်မွေးဖွားလာသည့် အခါ၌ သင်သည် စစ်မှန်သော အသက်ရှင်နေမှု၊ စစ်မှန်သော ဘဝဖြစ်သည့် ထာဝရဘဝတွင် မွေးဖွားလာရပေလိမ့်မည်။

ဗုဒ္ဓကလည်း အလားတူပင် ဟောကြားတော်မူခဲ့လေသည်။ အကယ်၍ ဤဘဝသည် သေခြင်းနှင့် တူ၏ဟု မသိနားမလည်လျှင် သင်သည် စိတ်မချမ်းမသာ ဖြစ်ရပေလိမ့်မည်။ ဒုက္ခဖြစ်ရလိမ့်မည်ဟု ဗုဒ္ဓက ဟောကြားထားလေသည်။ ကျွန်ုပ်တို့သည် ပြတ်ပြတ်သားသား နားလည်ရမည်။ ဘဝ အသစ်အတွက် နိုးနိုးကြားကြား နေရမည်။ ထိုအခါ စိတ်မချမ်းမသာမှု ရပ်သွားပေလိမ့်မည်။ ဒုက္ခ အဆုံးသတ်သွားပေလိမ့်မည်။ သို့ရာတွင် ဒုက္ခမှ မလွတ်ကင်းမီ ကျွန်ုပ်တို့၏ အခြေအနေကို ကျွန်ုပ်တို့ နားလည်သဘောပေါက်ရပေလိမ့်မည်။

**စင်ကြယ်သောခန္ဓာ**

အတိတ်ကာလ၌ဖြစ်ခဲ့သည်မှာ သေခြင်းဖြစ်သည်။ "ငါ" "ငါ့ဟာ" ဟူသော အစွဲကြောင့် စိတ်မချမ်းမသာခြင်း ဖြစ်ခဲ့သည်။ ဒုက္ခဖြစ်ခဲ့သည်။ သေခြင်းဖြစ်ခဲ့သည်။ မကြာခဏပင် သေခြင်း ဖြစ်ခဲ့လေသည်။ ယခုအခါတွင် ကျွန်ုပ်တို့သည် ထာဝရအသက်ရှင်နေမှု၊ ထာဝရဘဝတွင် အသစ်မွေးဖွားလာကြသည်။ နိဗ္ဗာန်ဘဝတွင် အသစ်မွေးဖွားလာကြသည်။ သေခြင်းကင်းသည့် ဘဝတွင် အသစ်မွေးဖွားလာကြသည်။ သေခြင်းကင်းသည့် အခြေအနေတွင် အသစ်မွေးဖွားလာကြသည်။ သေခြင်းကင်းသည့် မည်သည့်နေရာဟု သင်ဆိုချင်သလိုဆိုနိုင်သည့် နေရာတွင် အသစ်မွေးဖွားလာကြသည်။ ယင်း အခြေအနေကား "ငါ" "ငါ့ဟာ" ဟူသော အစွဲ၏ နိဂုံးဖြစ်သည်။ "အသစ်တဖန် ပြန်လည်မွေးဖွားခြင်း" ဟူသော စကားလုံး၏ အဓိပ္ပာယ်သည် "အတ္တ" စွဲ မရှိသော၊ "ငါ" စွဲ မရှိသော အသက်ရှင်နေမှုကို ဆိုလိုသည်။ မသေနိုင်သည့်၊ သေ၍ မဖြစ်နိုင်သည့် အသက်ရှင်နေမှုကို ဆိုလိုသည်။ ခန္ဓာ ငါးပါးသည် ထိုအခါတွင် စင်ကြယ်သန့်ရှင်းသွားပြီး "စင်ကြယ်သော ခန္ဓာ ငါးပါး" (ဝိသုဒ္ဓိခန္ဓာ) ဟုခေါ်နိုင်သည့် အဆင့်သို့ ရောက်သွားသည်။ ဆိုလိုသည်ကား ကိုယ်နှင့် စိတ်သည် လောဘနှင့် တဏှာတည်းဟူသော ကိလေသာတို့၏ အိမ်ဂေဟာ မဟုတ်တော့ပေ။ ယင်းအဆင့်သို့ မရောက်မီ ကာလအတွင်း၌ကား ခန္ဓာငါးပါးသည် "ငါ" "ငါ့ဟာ" ဟူသော အစွဲဖြင့် အမြဲမပြတ် တွယ်တာ တပ်မက်ဖွယ် ဖြစ်လာခဲ့လေသည်။ ယင်းဖောက်ပြန်သည့် တွယ်တာ တပ်မက်မှုများဖြင့် စွန်းထင်းညစ်ပေလာခဲ့လေသည်။

ယင်း အခြေအနေကား သေနေခြင်း ဖြစ်သည်။ သေခြင်းသည် အခါခပ်သိမ်း ရှိနေခဲ့သည်။ လောဘနှင့် တဏှာကိလေသာ အညစ်အကြေးများ၊ လိုချင်တပ်မက်မှု ကိလေသာ အညစ်အကြေးများ လုံးဝကင်းပျောက် သွားသည့် အခါ၌ကား အရိယာ ပုဂ္ဂိုလ်တို့၏ ကမ္ဘာလောက၌ အသစ်မွေးဖွားလာရလေသည်။ "အရိယာပုဂ္ဂိုလ်တို့၏ ကမ္ဘာလောက၌ အသစ်တဖန် မွေးဖွားခြင်း" ယင်းစကားကား လူသုံးအရပ်သုံး စကားဖြင့် ဖေါ်ပြသည့် စကားဖြစ်သည်။ ယင်းအနက် အဓိပ္ပာယ်ကို ဓမ္မစကားဖြင့် "ငါ စွဲ ချုပ်ငြိမ်းသွားခြင်း" ဟုခေါ်လေသည်။ သုညသာလျှင် ကျန်တော့သည်။ ဤကား ဓမ္မစကားဖြင့် ခေါ်ဆိုခြင်း ဖြစ်လေသည်။

အကယ်၍ ကျွန်ုပ်တို့သည် ခရစ်တော်မိန့်ကြားသကဲ့သို့ လူသုံး အရပ်သုံးစကားဖြင့် ပြောရမည် ဆိုလျှင် အရိယာ ပုဂ္ဂိုလ်တို့၏ ကမ္ဘာလောက၌ အသစ်မွေးဖွားခြင်းဟူ၍ဎင်း၊ ဘုရားသခင်၏ တိုင်းပြည်၌ ထာဝရအသက်ရှင်နေရခြင်းဟူ၍ဎင်း ပြောဆိုရပေလိမ့်မည်။ ဤကား လူသုံး အရပ်သုံး စကားဖြစ်လေသည်။ ယင်းစကားကို ဓမ္မစကားဖြင့် ဘာသာပြန်လိုက်လျှင် ယင်းအဓိပ္ပာယ် တမျိုးတည်းသာလျှင် ထွက်လေသည်။ စကားတစ်ခုက "အသစ်တဖန် ပြန်လည်မွေးဖွားလာခြင်း" ကို ပြောပြီး အခြားစကားတစ်ခုက "လုံးဝချုပ်ငြိမ်းခြင်း" ကို ပြောလေသည်။ စကားလုံးသာလျှင် ကွဲပြားခြားနားသည်။ လူသုံးအရပ်သုံး စကားဖြင့် ကျွန်ုပ်တို့သည် "အသစ်ပြန်လည် မွေးဖွားခြင်း" အကြောင်းကို ပြောကြသည်။ ဓမ္မစကားဖြင့် ကျွန်ုပ်တို့သည် "လုံးဝချုပ်ငြိမ်းခြင်း" အကြောင်းကို ပြောကြသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် လုံးဝ ချုပ်ငြိမ်းသည့် ဘဝဖြင့် နေထိုင်ကြစို့။ မီးအလျှံငြိမ်းသော၊ အပူငြိမ်းသော ဘဝဖြင့် နေထိုင်ကြပါစို့။ အကယ်၍ သင်သည် လောင်ကျွမ်းနေသည် ဖြစ်ပါမူ သေနေသည်သာ ဖြစ်ပေသည်။ အတွင်၌ ပူလောင်နေသောသူသည် ငရဲဘုံရောက်နေသူနှင့် တူလေသည်။ တိရိစ္ဆာန်ဘုံ ရောက်နေသူနှင့် တူလေသည်။ ပြိတ္တာဘုံ ရောက်နေသူနှင့် တူလေသည်။ အသုရကာယ်ဘုံ ရောက်နေသူနှင့် တူလေသည်။ ယင်းကဲ့သို့သော လူသည် အခါခပ်သိမ်းသေနေသူဖြစ်လေသည်။ "ငါ" ကိုတပ်မက် တွယ်တာနေသောသူ၏ တွယ်တာတပ်မက်မှုသည်၊ သံယောဇဉ်သည် မချုပ်ငြိမ်းသေးပေ။ သူ၏ "အတ္တ" အစွဲသည်၊ သူ၏ "ငါ" အစွဲသည် သူ့ကို စိုးမိုးနေတုန်းပင် ဖြစ်သည်။ သူ၏ အတွင်း သန္တာန်၌ မီးအပူဖြင့် လောင်မြိုက်နေတုန်းပင် ဖြစ်လေသည်။ အပူရှိန်ကျပြီး လုံးဝ အေးငြိမ်းသွားစေရန် "ငါ" စွဲ၊ "အတ္တ" စွဲကို ဖျောက်ဖျက်ဖယ်ရှားပစ်ရပေလိမ့်မည်။

**နိဗ္ဗာန်၏ အဓိပ္ပာယ်**

ယင်းအနက်အဓိပ္ပာယ် ပေါ်လွင်ထင်ရှားစေရန်အတွက် "နိဗ္ဗာန်" ဟူသော စကားလုံး၏ တိုက်ရိုက် အဓိပ္ပာယ်ကို သိဖို့လိုသည်။ "နိဗ္ဗာန" ဟူသော စကားလုံး၏ တိုက်ရိုက်အနက်မှာ "အေးခြင်း" ဖြစ်လေသည်။ အိန္ဒိယပြည်၌ ဗုဒ္ဓလက်ထက်တော် အခါက ယင်းစကားလုံးကို အိမ်များ၌၎င်း၊ လမ်းများ၌၎င်း၊ အခြားနေရာတကာတို့၌၎င်း ပြောဆိုသုံးစွဲလေ့ရှိကြသည်။ အများသုံးသည့် နေ့စဉ်သုံးစကားလုံး ဖြစ်သည်။ ပူသော အရာဝတ္ထုတစ်ခုခု အေးသွားသည့် အခါ၌ ယင်းအခြေအနေကို ဖော်ပြရန်အတွက် "နိဗ္ဗာန" ဟူသော စကားလုံးကို အသုံးပြုကြသည်။ ဟင်းပူရာမှ အေးသွားသည့်အခါ "ဟင်းနိဗ္ဗာနဖြစ် (အေး) သွားပြီ" ဟု ပြောဆိုကြလေသည်။

"နိဗ္ဗာန" ဟူသော စကားလုံးသည် ရိုးရိုးနေ့စဉ်သုံးစကားလုံးဖြစ်ပေသည်။ ပြောနေကျဆိုနေကျ ဆိုနေကျ အသုံးအနှုန်းဖြစ်ပေသည်။ ပူသောအရာဝတ္ထု တစ်ခုခု အေးသွားခြင်းကို ဆိုလိုသည့် စကားလုံး ဖြစ်သည်။ သာဓကအားဖြင့် ရဲရဲတောက်ပူနေသော ကျောက်မီးသွေးသည် မီးအရှိန်သေပြီး အေးသွားပါက ယင်းအခြေအနေကို "နိဗ္ဗာန်" ဖြစ်သွားပြီဟု ကျွန်ုပ်တို့ပြောနိုင်သည်။

ကျွန်ုပ်တို့ တဆင့်တက်ပြီး ယင်း "နိဗ္ဗာန" ဟူသော စကားလုံးကို တိရိစ္ဆာန်နှင့် ဆက်စပ်၍ အသုံးပြုကြည့်ကြဦးစို့။ ပူလောင်ခြင်း မရှိတော့သည့် တိရိစ္ဆာန်များအား ရည်ညွှန်း၍လည်း "နိဗ္ဗာန" ဟူသော စကားကို အသုံးပြုနိုင်သည်။ ဤ၌ ဆိုးသော၊ ရိုင်းသော၊ စိတ်ထန်သော၊ လူတို့ကို အန္တရာယ်ပြုတတ်သော တိရိစ္ဆာန်၏ ပူလောင်ခြင်း ငြိမ်းအေးသွားမှုကို ဆိုလိုသည်။ အကယ်၍ ဆင်ရိုင်းကို ဖြစ်စေ၊ နွားရိုင်းကို ဖြစ်စေ ဖမ်းဆီးပြီး ယဉ်အောင် လုပ်လိုက်ပါက ယင်းဆင်ရိုင်း၊ သို့မဟုတ် နွားရိုင်း၏ အရိုင်းစိတ်သည် ယဉ်သွားပြီး အာခံချင်စိတ်၊ ဘွေဆိုးသောစိတ်၊ ခွေးဆိုးသောစိတ်သည် ငြိမ်ကျသွားလေသည်။ ယင်းအခြေအနေကို "နိဗ္ဗာန" ဖြစ်သွားပြီဟု ကျွန်ုပ်တို့ ပြောနိုင်သည်။ အေးငြိမ်းသွားပြီဟု ဆိုလိုသည်။

တဖန် လူ့အကြောင်း ပြောကြဦးစို့။ အကယ်၍ လူသည် ငရဲခံနေရသူကဲ့သို့ ပူလောင်နေလျှင်၊ လောင်ကျွမ်းနေလျှင် "ထိုသူသည် ပူလောင်နေသည်၊ နိဗ္ဗာန် မဖြစ်သေး" ဟု ကျွန်ုပ်တို့ ပြောနိုင်သည်။ မိမိကိုယ်ကို အေးအောင် ပြုလုပ်ရန် အတွက် ဓမ္မကျင့်ကြံနည်းကို ရှာဖွေ တွေ့ရှိပြီးသည့် နောက်မှ သာလျှင် ထိုသူသည် "နိဗ္ဗာန်" ဖြစ်လာလေသည်။ ထိုနောက် "နိဗ္ဗာန်" ဖြစ်ရင်း ဖြစ်ရင်းနှင့် နောက်ဆုံးပိတ်၌ အပြည့်အဝ နိဗ္ဗာန်ဖြစ်သွားလေသည်။ အဆုံးစွန်သော အေးငြိမ်းခြင်းသို့ ရောက်သွားလေသည်။

ယခုအချိန်၌ပင် ကျွန်ုပ်တို့တွင် တစ်စုံတစ်ခုသော အတိုင်းအတာအထိ နိဗ္ဗာန် ရှိနေသည်။ သို့အတွက်ကြောင့်သာလျှင် သင်တို့ထိုင်ပြီး နားထောင်နေနိုင်ကြခြင်း ဖြစ်သည်။ (သို့မဟုတ် စာဖတ် နေနိုင်ကြခြင်း ဖြစ်သည်။ စာဖတ်နေသူများအတွက် - ဘာသာပြန်သူ) ထိုသို့ မဟုတ်ဘဲ အကယ်၍ သင်တို့၏ အတွင်းသန္တာန်၌ အခု မီးအလျှံများ လောင်မြိုက်နေပါလျှင် သင်တို့သည် ဤနေရာ၌ ထိုင်နေနိုင်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် နိဗ္ဗာန်သည် ကျွန်ုပ်တို့နှင့် အခါခပ်သိမ်း ဆက်စပ်နေသည်။ ကျွန်ုပ်တို့ ရှူသည့်၊ ထုတ်သည့် ဝင်သက်ထွက်သက်ကဲ့သို့ ကျွန်ုပ်တို့နှင့် အခါခပ်သိမ်း ဆက်စပ်နေသည်ဟု ကျွန်ုပ်တို့ နားလည်သဘောပေါက်ထားသင့်ပေသည်။ အကယ်၍ ထိုသို့ မဟုတ်ပါမူကား - နိဗ္ဗာန်သည် အခါခပ်သိမ်း ရှိမနေပါမူကား - နိဗ္ဗာန်မရှိခြင်းကြောင့် ကျွန်ုပ်တို့အားလုံးသည် ကိုယ့်စိတ်ကိုယ် မထိန်းနိုင်ဘဲ သေဆုံးသွားဖို့သာ ရှိလေသည်။ အမှန် စင်စစ်ကား နိဗ္ဗာန်သည် အခါ ခပ်သိမ်းလိုလိုပင် ကျွန်ုပ်တို့နှင့် အရှိသဘောအားဖြင့် နီးနီးကပ်ကပ် ဆက်စပ်မှုရှိနေပေသည်။ တခါတရံ နိဗ္ဗာန်သည် ခေတ္တအခိုက်အတန့် ပျောက်ကွယ်နေသည်။ ကျွန်ုပ်တို့သည် တနည်းတလမ်းအားဖြင့် လောဘ၊ ဒေါသ၊ မောဟ တရားများ

ဖြစ်ပေါ်လာခွင့် ပေးလိုက်ပါက နိဗ္ဗာန်သည် ပျောက်ကွယ်သွား ပေလိမ့်မည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးထဲတွင် လောဘ၊ ဒေါသ၊ မောဟတရားများ ရှိမနေပါလျှင် ကျွန်ုပ်တို့သည် နိဗ္ဗာန်အရသာကို ဒီဂရီအတိုင်းအတာ အနည်းငယ်မျှပင်ဖြစ်ဖြစ် တွေ့ကြုံခံစားနိုင်ပေမည်။ ကျွန်ုပ်တို့ ကိုယ့်စိတ်ကိုယ်ထိန်းချုပ်ပြီး မသေဘဲ နေနိုင်ခြင်းသည် လောဘ၊ ဒေါသ၊ မောဟ တို့၏ စက်ကွက်းက လွတ်ကင်းပြီး နိဗ္ဗာန်ကို လက်ဝယ်ရရှိနေသောကြောင့် ဖြစ်လေသည်။ နိဗ္ဗာန်၏ စွမ်းအားဖြင့် ကျွန်ုပ်တို့သည် မသေဘဲ နေနိုင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် နိဗ္ဗာန်ကို ကျေးဇူးဥပကာရ တင်သင့်ပေသည်။ တစ်စတစ်စ "ငါ" အစွဲကိုဖြုတ်ပြီးလျှင် တဆင့်ထက်တဆင့် အေးငြိမ်းသွားအောင်ပြုလျှက် အချိန်ကာလ ကြာမြင့်သည်ထက် ကြာမြင့်စွာ နိဗ္ဗာန်ပိုမိုရရှိလာအောင် ပြုလုပ်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ ကျေးဇူးတင်မှုကို ပြသင့်ပေသည်။

"အတ္တ" အစွဲ "ငါ" အစွဲမှ လွတ်မြောက်အောင် လုပ်ခြင်းဟူသည်မှာ ဦးခေါင်းမော့လျက် ဟန်နှင့်မာန်နှင့် သွားပြီး "အတ္တ" အစွဲ "ငါ" အစွဲကြီးထွားလာအောင် မလုပ်ဘဲ မိမိကိုယ်ကို မိမိထိန်းချုပ်ကွပ်ကဲပြီး အပိုးသေသေ နေခြင်းအားဖြင့်၎င်း၊ လူမှုရေး စည်းကမ်းများကို ဆန့်ကျင်ဘက် မလုပ်ခြင်း အားဖြင့်၎င်း၊ "အတ္တ" အစွဲ "ငါ" အစွဲကို လျော့နည်းသွားအောင် ပြုလုပ်ခြင်း ဖြစ်လေသည်။ "အတ္တ" အစွဲ "ငါ" အစွဲကို လျော့နည်းသည်ထက် နည်းသွားအောင် လုပ်ပါ။ နောက်ဆုံး ဘာမျှ မကျန်တော့သည်အထိ လုံးဝကွယ်ပျောက်သွားအောင် လုပ်ပါ။ အကြောင်းမူကား "အတ္တ" အစွဲ၊ "ငါ" အစွဲ ထာဝစဉ် ကွယ်ပျောက်သွားသည့်အခါ၌ သင်သည် လူတစ်ဦးအနေဖြင့် ရရှိနိုင်သည့် အကောင်းဆုံးသော အရာ ဝတ္ထုကို ရရှိပေလိမ့်မည်။

မာနထောင်လွှားမှုကြောင့်၎င်း၊ ခေါင်းမာမှုကြောင့်၎င်း၊ သင်သည် သူတပါးနှင့် ရန်ဖြစ်ပါက ယင်းသို့ရန်ဖြစ်ခြင်းသည်။ နိဗ္ဗာန်နှင့် ထိတွေ့မှု လက်လွတ် ဆုံးရှုံးသွားသည် ဆိုသည့်အကြောင်းကို ဖေါ်ပြသည့်သက်သေသာဓကပင်ဖြစ်ပေသည်။ ထိုအချိန်မျိုး၌ သင်သည် မိမိစိတ်ကို မနိုင်မနင်း ဖြစ်နေပေလိမ့်မည်။ ယင်းသို့လျှင် ရန်ဖြစ်သောသူတို့သည်၊ အခြားပုဂ္ဂိုလ်များ၏ ကိစ္စကို စွက်ဖက်နှောက်ယှက်သောသူတို့သည်၊ မည်သည့်အခါ၌မဆို ရိုးရိုးအကြောင်း ကိစ္စနှင့် ပတ်သက်၍ ဖြစ်စေ၊ ဘာသာရေး ကိစ္စနှင့် ပတ်သက်၍ဖြစ်စေ၊ အခြားပုဂ္ဂိုလ်များနှင့် မတည့်သော သူတို့သည် စိတ်မှုမမှန်သောပုဂ္ဂိုလ်များဖြစ်ကြပေသည်။ ထိုပုဂ္ဂိုလ်တို့သည် လူသားစစ်စစ် မဟုတ်ကြပေ။ သင်ကိုယ်ကို ရန်ဖြစ်သည့် အဆင့်အထိ နှိမ့်ချပစ်ခြင်းသည် စိတ်ထားသေးသိမ်ယုတ်ညံ့ခြင်း၏ အမှတ်လက္ခဏာပင် ဖြစ်လေသည်။ ထို့ကြောင့် ကျွန်ုပ်ပြောပြခဲ့သည့် အတိုင်း ဘာသာတရား အမျိုးမျိုးရှိသည်ဟူ၍၎င်း၊ အခြားဘာသာတရားများသည် မိမိတို့၏ ဘာသာတရားနှင့် မတူကွဲပြားခြားနားပြီး ဆက်စပ်မှု၊ တူညီမှု လုံးဝ မရှိဟူ၍၎င်း၊ ထင်မှတ်ယူဆပြီး တစ်ဦးနှင့်တစ်ဦးရန်ငြိုးထားကြသော ညှင်းပန်းနှိပ်စက်ကြသော၊ သုတ်သင် ဖျက်ဆီးကြသော လူတို့သည် အမိုက်မဲဆုံးသော၊ အသိဉာဏ်အမဲ့ဆုံးသော လူများဖြစ်ကြပေသည်။

## ကိုယ့်ငါးချဉ် ကိုယ်ချဉ်

ဘာသာတရားများကို တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်၊ တစ်ခုနှင့် တစ်ခု ရန်ဘက်ဟု သဘောထားကြလျှင် ယင်းသို့ သဘောထားခြင်းကြောင့် လူတို့သည် တစ်ဦးနှင့်တစ်ဦး ရန်သူဖြစ်လာနိုင်ပေသည်။ သွေးကွဲလာနိုင်ပေသည်။ လူတိုင်း လူတိုင်းသည် "တို့ကမှန်သည်၊ သူတို့ကမှားသည်။ သူတို့ကမှားသည်၊ တို့ကမှန်သည်" စသည်ဖြင့်တွေးတောကြလေသည်။ ထိုအခါမျိုး၌ ရန်သတ္တုရု ဖြစ်လာလေသည်။ ယင်းသို့ဖြစ်ခြင်းမျိုးမှာ ထိုသူများမိုက်မဲကြောင်းကို ဖေါ်ပြသည့် သက်သေသာဓကပင် ဖြစ်လေသည်။ ထိုသူများရန်ဖြစ်နေကြသည်မှာ အပြင်ဘမ်း အကာအတွက်သာလျှင် ဖြစ်လေသည်။ ယင်းအချက်ကို လူတိုင်းသဘောပေါက်သင့်လေသည်။ ထိုလူများခိုက်ရန်ဒေါသ ဖြစ်ရခြင်း၏ အခြေခံ အကြောင်းရင်းမှာ အပြင်အပဗဟိဒ္ဓအသွင်အပြင်သာလျှင် ဖြစ်လေသည်။ အတွင်းသားအနှစ်သာရ မဟုတ်ပေ။ အသိပညာနှင့် ပြည့်စုံသောလူတို့သည် ဘာသာတရား၏ အရေးပါသော အတွင်းသားအနှစ်သာရနှင့် ပတ်သက်ပြီး တစ်ဦးနှင့်တစ်ဦးနားလည်မှုရရှိကြသောအခါ၌၊ စည်းလုံးမှု ရရှိကြသောအခါ၌ ထိုပုဂ္ဂိုလ်တို့သည် ဘာသာတရားအားလုံးသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်မဖြစ်ဟု အသိအမှတ်ပြုကြလေသည်။ ဘာသာတရားများသည် အပြင်ဘမ်းအနေအထားအားဖြင့် တခြားစီဖြစ်သော်လည်း၊ တစ်ခုနှင့် တစ်ခု မတူသော်လည်း၊ အတွင်းသားအနှစ်သာရမှာမူ မည်သည့်အကြောင်းအရာနှင့် ပတ်သက် ပတ်သက် ကွဲပြားခြားနားခြင်း မရှိဟု သူတို့နားလည်သဘောပေါက်ကြလေသည်။ အပြင်အပ ဗဟိဒ္ဓအသွင်အပြင်မှာ ဘယ်လိုပင် ခြားနားနေနေ၊ အတွင်းအဇ္ဈတ္တအနှစ်သာရမှာမူ တစ်မျိုးတည်းသာလျှင် ဖြစ်လေသည်။ ရေဥပမာ၌ တွေ့ရသကဲ့သို့တည်း။ အပြင်ဘမ်း၌ ဘယ်လိုပင် ညစ်ပတ်နံစော် နေသည်ဟု ထင်ရထင်ရ စစ်မှန်သော အနှစ်သာရဖြစ်သော သဘာဝမှာမူ အခါခပ်သိမ်း တစ်မျိုးတည်းသာလျှင် ဖြစ်လေသည်။ တစ်ခုတည်းသာလျှင် ဖြစ်လေသည်။ ညစ်ညမ်းနေသော အရာသည် ရေမဟုတ်ပေ။ ရေနှင့် ရောနှောနေသော အခြားအရာဝတ္ထုများသာလျှင် ဖြစ်လေသည်။

ကျွန်ုပ်တို့သည် ယင်းတခြားအရာဝတ္ထုများကို မယူသင့်ပေ။ ယင်းတခြား အရာဝတ္ထုများကို ယူပါက ယင်းသို့ ယူခြင်းသည် ညစ်ပတ်သောရေကို သောက်ခြင်း မည်လေသည်။ ဆိုလိုသည်ကား ... ကျွန်ုပ်တို့သည် အညစ်အကြေးကို၊ ကျင်ငယ်ရေ - ကျင်ကြီးရေကို မျိုခြင်းပင် ဖြစ်လေသည်။ ရေစစ်စစ်ကို သောက်ခြင်း မဟုတ်ပေ။

လူဒါယကာများ၏ အတွင်းမှာဖြစ်စေ၊ ရဟန်း သံဃာများ၏ အတွင်းမှာဖြစ်စေ၊ ရှင်သာမဏေများ၏ အတွင်းမှာဖြစ်စေ၊ ခိုက်ရန်ဒေါသဖြစ်ပွားပါက ယင်းသို့ ဖြစ်ခြင်းသည် ထိုရန်ပွဲတွင် ပါဝင်သူများ အနေဖြင့် အညစ်အကြေးကို စားသုံးနေကြသည်ဟူသော အဓိပ္ပာယ်ပင် ဖြစ်လေသည်။ "ငါ" အစွဲ၊ "အတ္တ" အစွဲတည်းဟူသော အညစ်အကြေးကို စားသုံးနေကြသည်ဟူသော အဓိပ္ပာယ်ပင်ဖြစ်လေသည်။ အမှန်မှာ ထိုကဲ့သို့ မဖြစ်သင့်ပေ။ ယင်းအလေ့အထမျိုးကို ရှောင်ရှားစွန့်ပစ်သင့်လေသည်။ "ငါ" ဟူသောအစွဲ၊ "အတ္တ" ဟူသောအစွဲဖြင့် မာန်မာနမထောင်လွှားပါနှင့်။ သွေးမကြွပါနှင့်။ မာန်မာနကို အကြောင်းပြု၍ ဖြစ်သော ခိုက်ရန်ဒေါသမျိုးကို မဖန်တီးမပြုလုပ်ပါနှင့်။ ယင်းသို့ ပြုလုပ်ခြင်းသည် လိုရင်းနှင့် အလှမ်းဝေးကွာသွားစေလေသည်။ ယင်း "ငါ" အစွဲ၊ "အတ္တ" အစွဲပြုတ်သွားအောင်၊ ငြိမ်းအေးသွားအောင် ကြိုးစားအားထုတ်ရမည်။

**အသက်ကြီး လေ "ငါ" စွဲကြီးလေ**

အသက်ကြီးလေလေ "ငါ" စွဲ၊ "အတ္တ" စွဲ ပိုပြင်းထန်လေလေ ဖြစ်သည်မှာ အလွန်တရာ မိုက်မဲသောအရာ ဖြစ်လေသည်။ ရှင်းရှင်းနှင့် ဘွင်းဘွင်းပြောရမှာ ဖြစ်၍ ကျွန်ုပ်ကို ခွင့်လွှတ်ကြစေချင်သည်။ အဘယ်ကြောင့် အသက်ကြီးလေလေ "ငါ" စွဲ၊ "အတ္တ" စွဲ ပိုပြင်းထန်လေလေ ဖြစ်သနည်း။ အကြောင်းကား ဤသို့တည်း။ လူကြီးများသည် သံယောဇဉ်တွယ်တာလေ့ရှိကြသည်။ ယင်းသံယောဇဉ်တွယ်တာမှုသည် အသက်ကြီးလာသည်နှင့်အမျှ ထိုသူတို့၏ အတွင်းသန္တာန်၌ ထုထည် ကြီးမားနေလေသည်။ သူတို့တွင် သားရှိသည်။ သမီးရှိသည်။ ထို့ကြောင့် သူတို့သည် "အတ္တ"မာန်တက်ပြီးလျှင် သားသမီးတို့၏ အပေါ် စိုးမိုးပိုင်ဆိုင်မှု ပြကြလေသည်။ "ငါ့သား၊ ငါ့ အခွင့်မရဘဲနှင့် သူဘာလုပ်နိုင်မှာနည်း" မြေးများရှိလာသော အခါ သူတို့သည် ပိုပြီး ငါ့သား၊ ငါ့မြေးအစွဲ ပြင်းထန်လာကြလေသည်၊ ပိုပြီး အတ္တမာန်တက်လာကြလေသည်။ ထို့ကြောင့် လူကြီးများသည် ကလေးသူငယ်များထက် "ငါ" "ငါ့ဟာ" ဟူသောအစွဲ ပိုပြီး ကြီးမားကြလေသည်။

ကလေးအရွယ်ငယ်စဉ်က ဘဝကို ပြန်ကြည့်မည် ဆိုလျှင် ကလေးသူငယ်သည် "ငါ" အစွဲ အင်မတန်နည်းပါးသည် ဆိုသည့် အကြောင်းကို တွေ့မြင်သိရှိရပေလိမ့်မည်။ မွေးဖွားပြီးနောက် မကြာခင် အတောအတွင်း၌ "ငါ" စွဲ အမှတ်လက္ခဏာကို တွေ့ဘို့ရန်မလွယ်ကူပေ။ အမိဝမ်းတိုက်တွင်း၌ ပဋိသန္ဓေတည် နေသော ကလေးငယ်သည် "ငါ" "ငါ့ဟာ" ဟူသော ဝေါဟာရ၏ အနက် အဓိပ္ပာယ် အရ သိသော အသိမျိုး ရှိဘို့ရန် လုံးလုံး မလွယ်ကူပေ။ သို့ရာတွင် အသက်အရွယ်ရလာပြီး မိခင်ဖခင်ဖြစ်လာသည့် အခါ၌ကား၊ အဖိုးအဖွား ဖြစ်လာသည့်အခါ၌ကား "ငါ" "ငါ့ဟာ" ဟူသော အသိသည် ကြီးထွားလာပြီးလျှင် စွဲနေတော့သည်။ အတွေးအကြံ အသိထဲ၌ "ငါ" "ငါ့ဟာ" ဟူသော အစွဲသည် နည်းအမျိုးမျိုးဖြင့် အမြစ်တွယ်နေလေတော့သည်။ ယင်းအမြစ်သည် ဘယ်လောက်စွဲမြဲစွာတွယ်နေသနည်း ဆိုလျှင် နှုတ်ပစ်ဘို့ရန် မလွယ်သည့်အထိပင် ဖြစ်လေသည်။

ထို့ကြောင့် သင်တို့ လူကြီး သူမများသည် အထူး သတိဝီရိယထားသင့်ကြလေသည်။ သင်တို့သည် ကလေးဘဝ ပြန်ရောက်အောင် ကြိုးစားအားထုတ် သင့်ကြပေသည်။ ယင်း နေနည်း ထိုင်နည်းသည် ဓမ္မနှင့် ညီသော နေနည်း ထိုင်နည်း ဖြစ်သည်။ ယင်းလမ်းသည် သုညသို့ သွားရာလမ်းဖြစ်သည်။ သံယောဇဉ် ပြတ်သော၊ တွယ်တာမှုကင်းသော၊ ဥပါဒါန်မရှိသော အဆင့်သို့ သွားရာလမ်း ဖြစ်သည်။ ထိုသို့ မဟုတ်ပါမူကား သင်တို့သည် သက်ကြီးရင့် အိုမင်းလာသည်နှင့် အမျှ ဗုဒ္ဓမှဝေး၊ နိဗ္ဗာန်မှဝေး၊ အလွန်တရာ ဝေးကွာသည့် နေရာသို့ လွင့်စင်ရွေ့ရှားသွားပေလိမ့်မည်။

အမှန်စင်စစ်ကား သင်တို့သည် အသက်ကြီးရင့်လာလေလေ ဗုဒ္ဓအနီးသို့ ချဉ်းကပ်သင့်လေလေ ဖြစ်သည်။ တခြားစကားလုံးဖြင့် ပြောရလျှင် - သင်တို့သည် အသက်ကြီးလာလေလေ ပိုအရွယ် ငယ်သင့်လေသည်။ အသက်ကြီးသူ ဖြစ်လာလေလေ ပိုအရွယ်ငယ်သူ ဖြစ်သင့်လေသည် အသက်ကြီးလာ သည်နှင့် အမျှ သင်တို့သည် စိတ်နှလုံး ပေါ့ပါး သွက်လက် နေသင့်ပေသည်။ ကြည်လင်ရွှင်ပြုံး နေသင့် ပေသည်။ တောက်ပလန်းဆန်းနေသင့်ပေသည်။ မိမိတို့ကိုယ်ကို ထိုင်းမှိုင်း ခြောက်သွေ့နေအောင် မလုပ်ပါနှင့်။ အသက်မရှိသလိုလို ဖြစ်နေအောင် မလုပ်ပါနှင့်။ တဖြည်းဖြည်း တစ်စတစ်စ နွမ်းလျ ညှိုးမှိန်သွားအောင် မလုပ်ပါနှင့်။

## ငယ်မူပြန်ပါ

လူတိုင်းလူတိုင်းသည် အသက်အရွယ် ကြီးလာသည်နှင့် အမျှ ကြည်လင်တောက်ပနေသင့်ပေသည်။ စိတ်နလုံးပေါ့ပါး သွက်လက်နေသင့်ပေသည်။ ဓမ္မအကြောင်းကို သိရှိနားလည်လေလေဖြစ်သည်။ ဓမ္မအကြောင်းကို သိရှိနားလည်လေလေ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ - ရတနာ သုံးပါးအနီးသို့ ချဉ်းကပ်မိလေလေ ဖြစ်သည်။ သင်တို့သည် အတွင်းမီးလျှံများကို ငြိမ်းသတ်ရာ၌ အောင်မြင်မှု ရရှိလေလေ၊ ငြိမ်းချမ်းမှု ရရှိလေလေ ဖြစ်သည်။ ငြိမ်းချမ်းမှု ရရှိလေလေ သင်တို့သည် စိတ်နလုံး ပေါ့ပါး လန်းဆန်းလာလေလေ ဖြစ်သည်။ တောက်ပ ကြည်လင်လာလေလေ ဖြစ်သည်။ ဖျတ်လပ်သွက်လက်လာလေလေ ဖြစ်သည်။ လုံးဝ အေးငြိမ်းသည့် အဆင့်သို့ ရောက်ရှိသည့် အခါ၌ကား သင်တို့သည် တောက်ပမှု၊ ကြည်လင်မှုများဖြင့် အရောင်ထွက်နေပေလိမ့်မည်။ ထို့ကြောင့် သင်တို့သည် အသက်ကြီးလေလေ ပိုပြီးအရွယ် ငယ်သူဖြစ်သင့်လေ ဖြစ်သည်။ ပိုပြီး လန်းဆန်းသင့်လေသည်။ ပိုပြီး ကြည်လင်တောက်ပသင့်လေသည်။

လူငယ်လူရွယ်၏ ကိုယ်လက်အင်္ဂါ သွက်လက်ဖျက်လတ်ခြင်းနှင့် ပုံပန်းသဏ္ဍာန် လန်းဆန်း ကြည်လင်ခြင်းသည် စင်စစ် တခြားကိစ္စ၊ တခြားအကြောင်းဖြစ်ပေသည်။ ဓမ္မစကား၌ကား သွက်လက် ဖျတ်လတ်ခြင်း၊ ကြည်လင်လန်းဆန်းခြင်းသည် စိတ်ပိုင်းဆိုင်ရာ တောက်ပကြည်လင်ခြင်း၊ လန်းဆန်းခြင်း၊ အားအင် ပြည့်ခြင်းကို ရည်ညွှန်းပေသည်။ ဓမ္မနှင့် နီးကပ်သွားခြင်း၊ ဓမ္မစိမ့်ဝင်သွားခြင်းဟု ဆိုလိုပေသည်။ ယင်း အခြေအနေသို့ ရောက်သည့် အခါ၌ အပူငြိမ်းသွားပြီးလျှင် သင်တို့၏ အပေါ်တွင် အအေးလွှမ်းသွားပေ လိမ့်မည်။ ထိုအခါ သင်တို့သည် လန်းဆန်းနေသည်။ သွက်လက်နေသည်၊ ကြည်လင်နေသည်ဟု ထင်ရပေလိမ့်မည်။ ထို့ကြောင့် လူကြီး သူမများသည် အားလုံး လန်းလန်းဆန်းဆန်း ရှိနေကြရမည်။ သွက်သွက်လက်လက် ရှိနေကြရမည်။ ဖျတ်ဖျတ်လတ်လတ် ရှိနေကြရမည်။ သင်တို့သည် အားလုံး ငယ်ရွယ်သူဖြစ်နေကြရမည်။ ငယ်မူပြန်နေကြရမည်။ သင်တို့ အမည်ပေးချင်သလို ပေးနိုင်သည့်အရာမျိုး ဖြစ်နေကြရမည်။ သင်တို့၏ အတွင်းသန္တာန်၌ ယင်းအရာဝတ္ထု ကြီးထွားလာပါစေ။ ခိုက်ရန်ဒေါသ ဖြစ်ခြင်း၊ ပဋိပက္ခဖြစ်ခြင်း ပြဿနာတို့သည် ကွယ်လွန် ပျောက်ပျက်သွားကြပေလိမ့်မည်။

## ဗုဒ္ဓဘာသာဝင်စစ်စစ်

ယင်း ခိုက်ရန်ဒေါသဖြစ်ခြင်းမျိုးထက် ပိုဆိုးသော အရာမှာကိုယ့်ကိုယ်ကို သိဒ္ဓိတင်ခြင်း၊ သူတပါးကို ကဲ့ရဲ့ရှုပ်ချခြင်း (အတ္တုက္ကံသန ပရဝမ္ဘန) နှင့် ဘာမှ မဟုတ်သော အကြောင်းအရာကလေး အတွက် ရန်ငြိုးထားခြင်း၊ ဂုန်းချော ဂုန်းတိုက်ခြင်းတို့ဖြစ်ပေသည်။ ဗုဒ္ဓ၏ တရားကို သက်ဝင်ယုံကြည်ကြသူများသည် ယင်းကဲ့သို့ မပြုမူကြပေ။ မိမိ ဗုဒ္ဓဘာသာဝင်ဖြစ်သည်ဟု ပြောရုံမျှသည် ဘာမှ အဓိပ္ပာယ် မရှိပေ။ ထိုသူ၏ ဗုဒ္ဓဘာသာဝင်အဖြစ်ကို ဘယ်သူကမှ ယုံကြည်လိမ့်မည် မဟုတ်ပေ။ ဇာတာရက်ချုပ် ရေးထားသောကြောင့် ဗုဒ္ဓဘာသာဝင် ဖြစ်နေခြင်းသည်ဋ္ဌင်း၊ ကျောင်းတိုက်တစ်ခုခု၌ ဗုဒ္ဓဘာသာဝင်အဖြစ် စာရင်းသွင်းထား သောကြောင့် ဗုဒ္ဓဘာသာဝင်ဖြစ်နေခြင်းသည်ဋ္ဌင်း၊ ဘာမှ အသုံးမဝင်ပေ။ ယင်းအဆင့်မျှလောက်နှင့် မလုံလောက်ပေ။ ကျွန်ုပ်တို့သည် ဗုဒ္ဓဘာသာဝင်ဟူသော စကားလုံး၏ မှန်ကန်သော အနက်အဓိပ္ပာယ် အရ ဗုဒ္ဓဘာသာဝင် အစစ်အမှန် ဖြစ်သင့်လေသည်။ ငြိမ်းချမ်းမှုရရှိပြီး နိဗ္ဗာန်နှင့် နီးကပ်သွားအောင် "ငါ" "ငါ့ဟာ" ဟူသော အစွဲကို အားနည်းသွားအောင် လုပ်ပစ်ရမည်။ လျော့ပစ်ရမည်ဟု ဆိုလိုပေသည်။ ထို့ကြောင့် သင်တို့သည် ဂုန်းချောဂုန်းတိုက်ခြင်းမှဋ္ဌင်း၊ ရေရွှတ်ဆဲဆိုခြင်းမှဋ္ဌင်း၊ သူတပါးကို အပြစ်ရှာခြင်း - ဒုက္ခပေးခြင်းမှဋ္ဌင်း၊ ဝေးစွာရှောင်ကြဉ်ရပေလိမ့်မည်။ စကားတခွန်းတည်းနှင့် ပြောရမည်ဆိုလျှင် "မိမိကိုယ်ကို သိဒ္ဓိတင်ခြင်းနှင့် သူတပါးကို ကဲ့ရဲ့ရှုပ်ချခြင်း" (အတ္တုက္ကံသန ပရဝမ္ဘန) ပုံစံဟူသမျှ ပယ်စွန့်ရပေလိမ့်မည်။

ယင်းအပြုအမူများကို ပြုလုပ်သူတို့အတွက်ကား သူတို့နှင့် သင့်လျော်သည့် အတန်းကို ရှာဖွေတွေ့ရှိနိုင်ဘဲ့ မလွယ်ကူပေ။ ပထမတန်းလား၊ သူငယ်တန်းလား၊ ယင်း အတန်းများသည်ပင် သူတို့အတွက် မြင့်နေသေးသည်။ ယင်းအပြုအမူများကိုပြုလုပ်သူများအတွက်မှာမူ ပထမတန်း သို့မဟုတ် သူငယ်တန်းထက်ပင် နိမ့်ကျသည့် အတန်းမျိုး ရှိသင့်ပေသည်။ ထို့ကြောင့် သူတို့အား သင်ကြားလေ့လာရန် ဘယ်အတန်းမှာ ထားသင့်သည် ဆိုသည်ကိုပင် ပြောပြဖို့ရန် မလွယ်ပေ။ သူငယ်တန်းအဆင့် လောက်တွင်သာရှိပြီး မူလတန်းကျောင်း၏ ပထမတန်း အဆင့်လောက်မြင့်သည့် အဆင့်သို့အထိ တခါဘူးမှ မတက်ဘူးသည့် ပုဂ္ဂိုလ်များသည်ပင် ထိုအပြုအမူများ၏ အောက်တန်းကျပုံကို သိကြလေသည်။ ယင်းအပြုအမူများသည် မီးလျှံများမှ ဖြစ်ပေါ်လာခြင်း ဖြစ်ကြောင်းနှင့် ဓမ္မ သို့မဟုတ် ဗုဒ္ဓဘာသာနှင့် ဘယ်နည်းနှင့်မှ မပတ်သက် မဆက်သွယ်ကြောင်းကို သူတို့ သိကြလေသည်။

အထက်တန်းအဆင့်သို့ တက်သွားသည့် အခါ၌ကား "ငါ" "ငါ့ဟာ" ဟူသော အစွဲမရှိတော့ပေ။ အရာဝတ္ထုဟူသမျှသည် "ငါ" စွဲ "အတ္တ" စွဲ ကင်းသော သုညဖြစ်နေလေသည်။ "ငါ" ဟူ၍ မရှိ။ "သင်" ဟူ၍ မရှိ။ "သူ" ဟူ၍ မရှိ။ ဗုဒ္ဓဘာသာ ဟူ၍လည်း မရှိ။ ခရစ်ယာန်ဘာသာဟူ၍လည်း မရှိ။ "ငါတို့" ဟူ၍၎င်း၊ "သူတို့ " ဟူ၍၎င်း "မည်သူမည်ဝါ" ဟူ၍၎င်း၊ မရှိတော့သည့်နောက် ဘာသာတရား ဟူ၍လည်း ဘယ်မှာ ရှိနိုင်တော့မည်နည်း။ ဓမ္မမှ တပါး အခြား ဘာမျှ မရှိပေ။

အထက်တန်းအဆင့်သို့ တက်ရောက်နေကြသူတို့သည် ယင်းအချက်ကို နားလည် သဘောပေါက်ကြလေသည်။ မူလတန်းကြိုနှင့် မူလတန်းကျောင်းတွင် တက်ရောက်နေကြသူတို့သည်လည်း ယင်းအချက်ကို နားလည် သဘောပေါက်သင့်ကြပေသည်။ မိမိတို့သည် "ငါ" "ငါ့ဟာ" ဟူသော အစွဲကိုဖြုတ်ရန် ကြိုးစားနေသူများဖြစ်သည်ဟူသော အဆင့်အထိလောက်မူ နားလည် သဘောပေါက် သင့်ကြပေသည်။ သို့ဖြစ်၍ သင်တို့၏ စိတ်နှလုံးကို အမှောင် လွှမ်းမသွားပါစေနှင့်။ မောဟဖုံးမသွားစေပါနှင့်။ သူတပါးတို့ကို မနှောက်ယှက်ပါနှင့်။ ဒုက္ခမပေးပါနှင့်။ မရေရွတ်မဆဲရေးပါနှင့်။ အပြစ်မရှာပါနှင့်။ ဂုံးမချောဂုံးမတိုက်ပါနှင့်။ ရန်မဖြစ်ပါနှင့်။ ဒေါသမဖြစ်ပါနှင့်။ "ကိုယ့်ကိုယ်ကို သိဒ္ဓိတင်ခြင်း၊ သူတပါးကို ကဲရဲ့ရှုတ်ချခြင်း" မပြုလုပ်ပါနှင့်။ အခြားအလားတူ အပြုအမူမျိုးကိုလည်း မပြုလုပ်ပါနှင့်။ ယင်းကဲ့သို့သော အပြုအမူတို့သည် ခံရပ်နိုင်ဖွယ် မရှိသည့် အပြုအမူများဖြစ်ပေသည်။ ယင်းအပြုအမူမျိုးကို ပြုလုပ်ပါက သင်သည် အတန်းတစ်ခုခုတွင် တက်ရောက်ခွင့် မပေးထိုက်သူ ဖြစ်ပေလိမ့်မည်။

သို့ဖြစ်၍ ထိုအရာ၊ ဤအရာကို တက်မက် တွယ်တာနေသည့် အဆင့်မှ စ၍ မည်သည့်အရာကိုမှ တွယ်တာတက်မက်မှု မရှိ့သည့် အဆင့်သို့အထိ ရောက်အောင် တွယ်တာ တက်မက်မှုကို သံယောဇဉ်ကို တဖြည်းဖြည်းတစ်စတစ်စ လျော့နည်းသွားအောင် လုပ်သင့်ပေသည်။ မည်သည့် အရာဝတ္ထုမျှ မရှိ။ အားလုံး "ငါ" ဟူသော အစွဲ ဆိတ်သုဉ်းနေသည်။ " ငါ့ဟာ " ဟူသော အစွဲ ဆိတ်သုဉ်းနေသည်။ အားလုံးသောအရာဝတ္ထုသည် အနှစ်သာရအားဖြင့် သုညဖြစ်သည်။ ကိုယ်ဖြစ်ဖြစ်၊ စိတ်ဖြစ်ဖြစ် အားလုံး သုညဖြစ်သည်ဟူ၍ သိရှိနားလည်အောင် ကြိုးစားပါ။ အတွင်းသားကို လှမ်းကြည့်ပါ။ အဖျူတ္တအလှူာကို လှမ်းကြည့်ပါ။ သုညအတိသာဖြစ်ကြောင်း တွေ့ရလိမ့်မည်။ အတွင်းသားထဲ၌၊ အဖျူတ္တအလှူာထဲ၌ တွယ်တာမှုဟူ၍ မရှိပေ။ တွယ်တာမှုမှာ နောက်မှ ပေါ်လာသည့် အရာဖြစ်သည်။

## ရေ ဉပမာ

ရေနှင့် ဉပမာပေးနိုင်သည်။ ရေသည် အစပထမက စစ်သည်။ သန့်ပြန့်သည်။ ကြည်လင်သည်။ မိုးတိမ်ထဲတွင် ရှိစဉ်က ရေသည် စစ်သော၊ သန့်ပြန့်ကြည်လင်သော အခြေအနေတွင် ရှိသည်။ သို့ရာတွင် ပတ်ဝန်းကျင် တခွင်ကို ဖြတ်ပြီး ရွာကျလာသည့်အခါ၌ကား မြူမှုန်များရောနှောပြီး နောက်ကျသည့် မိုးရေဖြစ်သွားလေသည်။ စဉ့်အိုးထဲတွင် ကျသည့်အခါ၌မူ အိုးထဲတွင် ရှိနေနှင့်သော အညစ်အကြေး အမှိုက်သရိုက်တို့နှင့် ရောနှောပြီးပို၍ နောက်ကျသည့် ရေဖြစ်သွားလေသည်။ ရေတွင်းထဲ၊ ရေကန်ထဲ၊ ချောင်းထဲကျသည့် ရေသည်ကား ပို၍နောက်ကျသွားပြီး ပိုးမွှားများခိုအောင်းရာဖြစ်သွားလေသည်။ မြောင်းထဲ၊ ချိုင့်ထဲ ရောက်သွားသည့် ရေကမူ ပိုပြီး ညစ်ပတ်သော၊ ပိုပြီး နံစော်သောရေ ဖြစ်သွားနိုင်လေသည်။ ညစ်ညမ်းသော အရာဝတ္ထုများသည် ရေမဟုတ်။ ရေ၏ စစ်မှန်သော သဘာဝနှင့် မည်သို့မှ မပတ်သက် ဟူသောအချက်ကို ကျွန်ုပ်တို့ သိရှိနားလည် သင့်ပေသည်။

ကိုယ်နှင့်စိတ်၏ စစ်မှန်သော သဘာဝကို သိရှိရန်အတွက် သဘာဝရှိရင်းစွဲ အခြေအနေတွင် ရှိနေသည့် စိတ်ကို (ဆိုလိုသည်မှာ ကိလေသာ အညစ်အကြေးများ စွန်းထင်းပေကျံနေခြင်း မရှိသည့် အခါ၌ ရှိနေသော စိတ်ကို) သေသေချာချာ ကြည့်ရှုလေ့လာသင့်ပေသည်။ ကောင်းခြင်း၊ ဆိုးခြင်းကဲ့သို့သော အရာဝတ္ထုအားလုံးကို သိသော ဤ "ငါ" သည် အညစ်အကြေး တစ်မျိုးဖြစ်လေသည်။ ရေကို နောက်ကျစေသော၊ မစင်ကြယ်မသန့်ပြန့်စေသော၊ ညစ်ညမ်းစေသော အရာဝတ္ထုများနှင့် တူလေသည်။ ကိုယ်နှင့် စိတ်မှာမူ မညစ်ညမ်းပေ။ သို့ရာတွင် မိုက်မဲမှုကြောင့်၎င်း၊ သတိလက်လွတ်မှုကြောင့်၎င်း၊ ဖောက်ပြန်ယိုယွင်းစေတတ်သည့် ဒြေ့သည်များ ဝင်ရောက်လာကြသည်။ ယင်းညစ်ညမ်းသော၊ မစင်ကြယ် မသန့်ရှင်းသော ဒြေ့သည်များသည် စိတ်နှလုံး အတွင်းသို့ ဝင်ရောက် လာကြပြီးလျှင် စိတ်နှလုံးကို နောက်ကျအောင်၊ ညစ်ညမ်းအောင် ပြုလုပ်ကြလေသည်။ ယင်းသို့ဖြစ်လျှင် ယင်းအညစ်အကြေးများကို အဘယ်ကြောင့် "အတ္တ" ဟူ၍ မှတ်ယူရမည်နည်း။ အဘယ်ကြောင့် "ငါ" "ငါ့ကို" "ငါ့ဟာ" ဟူ၍ မှတ်ယူရမည်နည်း။ ယင်းအညစ်အကြေးများသည် စစ်မှန်သော "ငါ" မဟုတ်ပေ။ စစ်မှန်သော "အတ္တ"

မဟုတ်ပေ။ အညစ်အကြေး သက်သက်မျှသာလျှင် ဖြစ်လေသည်။ အညစ်အကြေးကို "အတ္တ" ဟုမှတ်ခြင်းသည်၊ "ငါ" ဟု စွဲခြင်းသည် ရယ်ဖွယ် သက်သက် သာလျှင် ဖြစ်လေသည်။ ထိုထက် အလွန်ပြောရလျှင် ညစ်ညမ်းသော "ငါ" သာဖြစ်လေသည်။ ညစ်ညမ်းသော "အတ္တ" သာဖြစ်လေသည်။ ဘာမျှ သံသယဖြစ်နေစရာမလိုပေ။

ထို့ကြောင့် အသိအလိမ္မာနှင့် ပြည့်စုံသော စိတ်နှလုံးသည်။ ဉာဏ် အလင်းရောင် ရရှိပြီးသော စိတ်နှလုံးသည် ဘာကိုမှ မမှတ်တော့ပေ။ ဘာကိုမှ မစွဲတော့ပေ။ ယင်းစိတ်နှလုံးသည် ညစ်ညမ်းသော အရာဝတ္ထုတို့ကို "အတ္တ" ဟူ၍ "ငါ" ဟူ၍ မမှတ်တော့ပေ။ ယင်းစိတ်နှလုံးသည် ကိလေသာ အညစ်အကြေးတို့ကို "အတ္တ" ဟူ၍ "ငါ" ဟူ၍ မစွဲတော့ပေ။ အကယ်၍ သင်သည် "အတ္တ"ရှိရမည် ဆိုလျှင်၊ "ငါရှိ" ရမည်ဆိုလျှင် သင့်တွင် ရှိရမည် ဖြစ်သော "ငါ" သည် သုညဖြစ်သော "ငါ" ဖြစ်ပါစေ။ သင့်တွင်ရှိမည်ဖြစ်သော "အတ္တ" သည် ကိလေသာ အညစ်အကြေး ကင်းသော "အတ္တ" ဖြစ်ပါစေ။ အကယ်၍ သင်သည် ကိလေသာ အညစ်အကြေး ကင်းစင်လျှင် တက်မက်တွယ်တာမှုဖြစ်ပေါ်တော့မည် မဟုတ်ပေ။ သံယောဇဉ် တွယ်တာမှု မွေးဖွားတော့မည် မဟုတ်ပေ။ ပါးစပ်က "ငါ" "ငါ့ဟာ" ဟု ပြောနေသော်လည်း အတွင်း သန္တာန်၌ ရှိသော စိတ်၌ကား မည်သည့် တက်နက်တွယ်တာမှုမျိုးမှ ရှိတော့မည် မဟုတ်ပေ။ "ပါးစပ်က တစ်မျိုး၊ စိတ်က တစ်မျိုး" သာတစ်ချိန်လုံးရှိနေပေလိမ့်မည်။ ယင်းနေနည်း ထိုင်နည်း ကျင့်ကြံနည်းကို သင်တို့လိုက်နာ ကြလိမ့်မည်ဟု ကျွန်ုပ် မျှော်လင့်ပေသည်။

## ဒုက္ခမှ မောက္ခသို့

ယခုပြောပြသည့် စကားများမှာ ကျွန်ုပ်တို့ လူတသိုက်အတွင်းမှာသာ ပြောပြသည့် စကားဖြစ်သည်။ အကယ်၍ လူထုကို ဟောသည့် တရားဖြစ်ပါမူ ယခုစကားမျိုးကို ပြောပြ၍ မဖြစ်ပေ။ ယခုကား အရေအတွက်မများသည့် လူတစ်စု လူတသိုက်အတွင်းမှာ "ပုံစံ" စကားမျိုးမဟုတ်ဘဲ "ရိုးရိုး" စကားကို ပြောပြခြင်းမျှသာဖြစ်လေသည်။ ယခုရောက်ရှိနေကြသည့် ပုဂ္ဂိုလ်များသည် နားလည်မှုရှိကြသော ဝေဖန်နိုင်းချိန်နိုင်သော ပုဂ္ဂိုလ်များဖြစ်ကြပေသည်။ သို့ဖြစ်၍ ယခုလိုစကားမျိုးကို ပြောပြရခြင်းဖြစ်လေသည်။ သင်တို့အားလုံး နားလည် သဘောပေါက်ကြလိမ့်မည် ဟူ၍၎င်း၊ လေးလေးနက်နက် ဆင်ခြင် စဉ်းစားကြလိမ့်မည်ဟူ၍၎င်း၊ ကျွန်ုပ်ယုံကြည် စိတ်ချသည်။ အကယ်၍ သင်တို့လက်ခံနာယူကြပါလျှင် ယခုပြောပြသည့်အတိုင်း ကျင့်သုံးနေထိုင်ရန် ကြိုးစား အားထုတ်ကြပါ။ မကြာမီ သင်တို့သည် သုညသို့ သွားရာလမ်းမ၌၊ ဒုက္ခမှ မောက္ခသို့ (စိတ်မချမ်းမသာ ဖြစ်ခြင်းမှ လွတ်လပ်ခြင်းသို့) သွားရာလမ်းမ၌ မြင့်ရာ အဆင့်သို့ရွေ့လျားရောက်ရှိသွားပေလိမ့်မည်။ ထိုအခါ သင်တို့သည် အလုပ်ဟူသမျှကို သုညစိတ်ဖြင့် ပြုလုပ်နိုင်ကြပေလိမ့်မည်။ အလုပ်လုပ်၍ ရရှိသည့် အကျိုးအမြတ် အားလုံးကိုလည်း သုညအားပေး အပ်နိုင်ပေလိမ့်မည်။ ထို့ပြင် သင်တို့သည် သုည အစားအစာကိုလည်း စားနိုင်ကြပေလိမ့်မည်။ ထိုမျှသာမက သင်တို့သည် အစပထမကတည်းက လုံးဝ သေဆုံးပြီးသား ဖြစ်နေနိုင်ပေလိမ့်မည်။ ဤကား အဆုံးစွန်း ဖြစ်လေသည်။ နိဂုံး ဖြစ်သည်။ ဤကား ဗုဒ္ဓဘာသာအဖြစ်၏ အဆုံးစွန် ဖြစ်လေသည်။ နိဂုံး ဖြစ်လေသည်။

လူသုံးအရပ်သုံး စကားဖြင့် ဤသို့ပြောဆိုကြသည် - "မနုဿ လူသားအဖြစ် မွေးဖွားလာရသည့် အခွင့်အရေးကို မဆုံးရှုံးကြစေနှင့်။ ဗုဒ္ဓဓမ္မနှင့် တွေ့ဆုံကြုံကြိုက်ရသည့် အခွင့်အရေးကို မဆုံးရှုံးကြစေနှင့်" ဤသို့ပြောဆိုကြသည်။

သို့ရာတွင် ယင်းအနက်အဓိပ္ပာယ်ကို ဓမ္မစကားဖြင့် ထုတ်ဖေါ်ပြောပြရမည်ဆိုလျှင် ဤသို့ပြောဆို နိုင်သည်။ ယင်းအခြေအနေကား အရာဝတ္ထုဟူသမျှ၏ နိဂုံးဖြစ်လေသည်။ ပြဿနာအဖြစ်နှင့် ဘာတစ်ခုမှ မကျန်တော့သည့် အခြေအနေဖြစ်သည်။ ယင်းဘဝကို ထာဝရဘဝဟု ခေါ်နိုင်သည်။ ယင်းအသက်ရှင်နေမှုကို ထာဝရအသက်ရှင်နေမှုဟုခေါ်နိုင်သည်။ အကြောင်းမှုကား ဇာတိလည်း မရှိတော့ပေ။ ဇရာလည်း မရှိတော့ပေ။ ဗျာဓိလည်း မရှိတော့ပေ။ မရဏလည်း မရှိတော့ပေ။

* * * * * * * * * * * * * *